ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စေတနာကောင်းကိုထား**

လက်ဝါးပြင်တွင် အနာမရှိသော် အဆိပ်သည် ထိုသူအား လောင်ခြင်းငှာ မတတ်နိုင်သကဲ့သို့ မကောင်းမှုပြုလိုသောစိတ်မရှိသူအား မကောင်းမှုသည်မရှိ။ အရာရာတွင် စေတနာသာလျှင် အဓိကဖြစ်၍ စေတနာကောင်းကို ထားသင့်လှ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၄)

၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 8 February 2017 (၈၈၃၁)

# စီမံကိန်းလုပ်ငန်းများကို ပါတီတစ်ခုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက်မဟုတ်ဘဲ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်



**တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးများအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံမှာကြားစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးများအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွှတ်တော်၏ ကတိကဝတ်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်နေခြင်းသည် ပါတီတစ်ခုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက် မဟုတ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီမံကိန်းများဆောင်ရွက်နေမှု၊ ပြီးစီးမှု၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် ပြည်ထောင်စုအစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြီးခဲ့သည့် ၁၀ လတာကာလအတွင်း ဆောင်ရွက်ခဲ့သည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိမှုအခြေအနေများနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**၂၀၁၇ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာအချပ်ပိုပါရှိ**

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ နဝမအကြိမ်အစည်းအဝေး ဒုတိယနေ့ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ နဝမအကြိမ်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးတွင် ဆက်လက်ကျင်းပသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳



## ကြေးမုံ

# ယုံကြည်မှုနှင့် လူ့တန်ဖိုး

လူမှုဘဝနယ်ပယ်အသီးသီးတွင် တစ်စုံတစ်ဦး၏ တန်ဖိုးနှင့်မိမိနှင့် အသွင်မတူသောသူအပေါ်၌ ထားရှိသည့်သဘောထားမှာ အထူးအရေးကြီးပါသည်။ ထိုသဘောထားမှာ ၎င်းအပေါ်တွင် ထားရှိသည့် ယုံကြည်မှုပင်ဖြစ်သည်။ ယုံကြည်မှုရှိမှသာလျှင် ထိုသူ၏တန်ဖိုးကို နားလည်မည်ဖြစ်သည်။

ထိုသို့သော ယုံကြည်မှု၊ ဤသို့သောတန်ဖိုးတို့ကို သိရှိနားလည်ပေးနိုင်ရန်မှာမူ မိမိစိတ်တွင် စွဲမြဲနေသော အတ္တ၊ မာနတို့ကို နည်းနိုင်သမျှ နည်းအောင်လျှော့ချထားမှသာ တန်လိမ့်မည်။ တစ်စုံတစ်ဦးအပေါ်တွင် အထင်မြင်သေးသည့်စိတ်၊ ယုံကြည်မှုမရှိသော သံသယစိတ်များရှိနေသမျှ ထိုသူ၏ တန်ဖိုးကို အသိအမှတ်ပြုလက်ခံနိုင်လိမ့်မည်မဟုတ်ချေ။

အလွှာတစ်ခု နယ်ပယ်တစ်ခုတွင် အမြင့်ဆုံးနှင့်အနိမ့်ဆုံးဟူ၍ ရှိမည်ဖြစ်သည်။ ကိုယ်ပိုင်အရည်အချင်းနှင့် ကုသိုလ်ကံအကျိုးပေးအရ အမြင့်တွင် ရပ်တည်နိုင်ကြသလို အနိမ့်တွင်လည်းတည်ရှိနေတတ်ကြသည်။ ထိုအနိမ့်အမြင့်တွင် ရှိနေကြသူအားလုံးတို့မှာ သူ့ယုံကြည်မှုနှင့် သူ့တန်ဖိုးအလိုက် ကိုယ်စီရှိကြမည်ဖြစ်သည်။

အနိမ့်ဟူ၍ မထီမဲ့မြင် မပြုအပ်သလို အမြင့်ဟူ၍ အထင်ကြီးလွန်းခြင်း၊ မလေးမစားပြုခြင်းလည်း မပြုအပ်ချေ။ အမြင့်ဟူသည် ကံအကြောင်းတရားကြောင့်ဖြစ်စေ၊ ကိုယ်ပိုင်အရည်အချင်းကြောင့်ဖြစ်စေ ပြောဖွယ်ဆိုဖွယ်မရှိသော်လည်း အနိမ့်ဟူသည် ကံအကြောင်းတရားနှင့်အရည်အချင်းတို့ကြောင့် သိမ်ငယ်ဖွယ် အကြောင်းရင်းခံများ ရှိပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ အနိမ့်လည်းအနိမ့်အလျောက်၊ အမြင့်လည်း အမြင့်အလျောက် ထိုက်သင့်သည့်တန်ဖိုးများရှိနေလိမ့်မည်။ ထိုတန်ဖိုးများကို သိရှိနားလည်ပေးနိုင်မှသာလျှင် တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ထိုသို့သော ယုံကြည်မှုမရှိဘဲ၊ မတည်ဆောက်နိုင်ဘဲ ထိုအလွှာ၊ ထိုနယ်ပယ်၊ ထိုအဖွဲ့အစည်းတွင် ကောင်းမွန်သော၊ သာယာသော အခြေအနေကောင်းတစ်ခုကို တည်ဆောက်နိုင်လိမ့်မည်မဟုတ်ချေ။ အမှန်တွင် အဆင့်အတန်းအသီးသီးတွင် သူ့တန်ဖိုးနှင့်သူ ထိုက်သင့်သလောက် စွမ်းဆောင်နိုင်မှုများရှိနေပေသည်။

အဖွဲ့အစည်းတစ်ခုတွင် မတူကွဲပြားမှုများ ကိုယ်စီရှိနေကြသည်။ ထိုကွဲပြားခြားနားမှုများသည် မိမိနှင့်အသွင်မတူခြင်းမဟုတ် သူ့သဘာဝ သူ့တန်ဖိုးအလိုက် ရှိနေခြင်းသာဖြစ်သည်။ ယင်းကို ယုံယုံကြည်ကြည်နှင့်အသိအမှတ်ပြုပြီး ပူးပေါင်းလက်တွဲဆောင်ရွက်နိုင်လျှင် တန်ဖိုးရှိသည့် လူ့အဖွဲ့အစည်း၊ သာယာလှပသည့် လူ့ဘောင်သစ်တစ်ခု တည်ဆောက်နိုင်မည်ဖြစ်သည်။ သို့သော် လက်ရှိတွင် နယ်ပယ်တစ်ခုတည်း၌ပင် မိမိနှင့် အသွင်မတူလျှင် ခွဲခြားဆက်ဆံမှုများရှိနေသည်။ တန်ဖိုးထားရကောင်းမှန်းမသိဖြစ်နေသည်။ ထို့ထက်ပို၍ ငါနဲ့မတူ ငါ့ရန်သူဟု သဘောမှတ်နေသည်။ ထိုအခါ ယုံကြည်မှုကို မတည်ဆောက်နိုင်သည့် အကျိုးရလဒ်ကိုဖြစ်စေသည်။ ယုံကြည်မှုကို မတည်ဆောက်နိုင်သောအခါ အမုန်းတရားများ၊ မာန်မာနများ၊ ပဋိပက္ခများသည်လည်း ယုံကြည်မှုမတည်ဆောက်နိုင်မှုအပေါ် မူတည်ကာ တိုး၍တိုး၍သာ ဖြစ်နေပေလိမ့်မည်။

အမိနိုင်ငံတော်ကြီးတွင်လည်း လူမှုအသိုက်အဝန်းတို့တွင်ဖြစ်စေ၊ နယ်ပယ်ဒေသများတွင်ဖြစ်စေ မတူကွဲပြားသော အစုအဖွဲ့များဖြင့် စုဖွဲ့တည်ဆောက်ထားသော အသိုက်အမြုံကြီးသဖွယ် ဖြစ်တည်နေသည်။ ထိုအသိုက်အမြုံကြီးအတွင်းရှိ အသွင်မတူသော သူတို့၏ ကိုယ်စီတန်ဖိုးများကို တစ်ဦးနှင့်တစ်ဦး၊ တစ်စုနှင့်တစ်စု နားလည်မှုပေးပြီးယုံကြည်မှုကို တည်ဆောက်ပေးနိုင်ပါလျှင် သာယာလှပသော လူ့ဘောင်လောက၊ အေးချမ်းသာယာသော လူ့အဖွဲ့အစည်းအဖြစ် မလွဲဧကန် တည်ဆောက်နိုင်မည်ဖြစ်ပေသည်။ ။

# အကန့်အသတ်ရှိသည့် နိုင်ငံတော်၏ဘတ်ဂျက်များကို လေလွင့်မှုမရှိစေရေး ကြပ်မတ်သုံးစွဲရန်လို



**နေပြည်တော် ဖေဖော်ဝါရီ ၇**

တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများအား ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်းနှင့် ဘဏ္ဍာရန်ပုံငွေစီမံခန့်ခွဲခြင်း သင်တန်းဖွင့်ပွဲကို နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ နိုင်ငံတော်ဘတ်ဂျက်စိစစ် သုံးသပ်ရာတွင်လည်းကောင်း နားလည်တတ်ကျွမ်း၍ ဦးဆောင်မှုပြုရာတွင် ပိုမိုအရည်အသွေး ပြည့်ဝစေရန် ရည်ရွယ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး စွမ်းဆောင်ရည်မြင့်မားမှ ပြည်ထောင်စုကြီးတစ်ခုလုံး တိုးတက်မှု အရှိန်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ရည်ရွယ်ချက်များကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုရှိရန် လိုအပ်ကြောင်း၊ ပိုမိုမြင့်မားသော စွမ်းဆောင်ရည်များ ထုတ်ဖော်နိုင်ရန် အားထုတ်ကြစေလိုကြောင်း၊ ယခုလက်ရှိ ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ၏ အကောင်အထည်ဖော်နိုင်မှုကို သိရှိပါက နောင်နှစ်စီမံကိန်းများတွင် မည်သို့ဆောင်ရွက်သင့်သည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း။

ယခု ရှင်းလင်းဆွေးနွေးမှုများတွင် လူ့စွမ်းအား စီမံခန့်ခွဲမှု၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှု အပိုင်းများတွင် ညှိနှိုင်းဆွေးနွေး အကြံပြုကြရန် တိုက်တွန်းလိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဌာနအဖွဲ့အစည်းများအတွင်း အားနည်းချက်၊ အားသာချက်များအပေါ် သင်ခန်းစာယူ၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မည်သို့ စီမံဆောင်ရွက်ရမည်ကို ပြင်ဆင်ရန် အထူးလိုအပ်ကြောင်း၊ ကျင့်သုံးနေဆဲ လုပ်ထုံးလုပ်နည်းများ ရှိသကဲ့သို့ ပြင်ဆင်ကျင့်သုံးသင့်သော လုပ်ထုံးလုပ်နည်းများ ရှိပါကလည်း ဆန်းစစ်ဆောင်ရွက်နိုင်ရေး အရေးကြီးကြောင်း၊ ထို့ပြင် ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများကို မိမိတို့ ရေးဆွဲထားသည့် လုပ်ငန်းစီမံကိန်းများတွင် ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အကန့်အသတ်ရှိသည့် နိုင်ငံတော်၏ ဘတ်ဂျက်များကို သေချာစွာစိစစ်၍ လေလွင့်မှုမရှိစေရန် ထိထိရောက်ရောက် ကြပ်မတ်သုံးစွဲကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများ တက်ရောက်ကြပြီး ရသုံးမှန်းခြေငွေစာရင်းရေးဆွဲခြင်း၊ ရသုံးမှန်းခြေငွေစာရင်းရေးဆွဲရာတွင် အဆင့်ဆင့်စိစစ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နှစ်လတ်ဘဏ္ဍာရေးမူဘောင် ရေးဆွဲခြင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အဖွဲ့အစည်းများ၏ ငွေကြေးစီမံခန့်ခွဲမှု၊ အခွန်ဆိုင်ရာကိစ္စရပ်များ၊ စီမံကိန်းများ စိစစ်ခြင်း၊ နိုင်ငံခြားအကူအညီနှင့် ချေးငွေ၊ ဘတ်ဂျက်လိုငွေဖြည့်ဆည်းခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း၊ ဘဏ္ဍာရန်ပုံငွေစီမံခန့်ခွဲခြင်းနှင့် အစီရင်ခံတင်ပြခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များစသည့် ဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# စာမူရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာသို့ ပေးပို့လာသည့် ခေါင်းကြီး၊ ဆောင်းပါး၊ သတင်း၊ ကာတွန်း၊ ကဗျာနှင့်ဓာတ်ပုံများအနက် သတင်းစာများတွင် ရွေးချယ်ဖော်ပြခဲ့သော စာမူအမျိုးအစားအလိုက် စာမူခချီးမြှင့်မှုများကို သတင်းစာတွင် ဖော်ပြပြီးနောက် ရက်သတ္တတစ်ပတ်အတွင်း ထုတ်ပေးလျက်ရှိပါသည်။

စာမူရှင်များနှင့် ဆက်သွယ်ရရှိမှုအလိုက် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ လာရောက်ထုတ်ယူမှုအပေါ် မူတည်၍ စာမူခများ ထုတ်ပေးလျက်ရှိသည့်အပြင် စာတိုက်မှပေးပို့သည့် နည်းလမ်းဖြင့်လည်း ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ပေးပို့သည့် စာမူများ၌ ဆက်သွယ်ရမည့် လိပ်စာများမပါရှိသဖြင့် စာမူခထုတ်ပေးရာတွင် ကြန့်ကြာမှုများရှိနေပြီး စာမူခပေးရန်ကျန်များ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိခဲ့သော စာမူများအလိုက် စာမူခချီးမြှင့်ငွေများကို မန်နေဂျာ၊ ကြေးမုံသတင်းစာတိုက် ရန်ကုန်/နေပြည်တော် ဖုန်းနံပါတ်-(၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၂၊ ၀၆၇-၃၆၁၂၉) သို့ ဆက်သွယ်ထုတ်ယူရေး ဆောင်ရွက်နိုင်ပါရန်နှင့် နောင်တွင် စာမူများ ပေးပို့ရာ၌ ဆက်သွယ်ရမည့်လိပ်စာများ၊ ပေးပို့စေလိုသည့် နည်းလမ်းတို့အား ဖော်ပြပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းမှူးချုပ်**
**(ကြေးမုံသတင်းစာတိုက်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်(ရွှေဈေး) ၈၈၇၀၀၀ - ၈၈၇၀၀၀၊ မန္တလေး(ရွှေဈေး) ၈၈၇၀၀၀ - ၈၈၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၁၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၆၀ ကျပ်၊ | ၈၆၅/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၂၀ ကျပ်၊ | ၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၃၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၉ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၀ ကျပ်

**၃၁-၁-၂၀၁၇ ရက်နေ့မှ ၃-၂-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၀၅ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၈၀ ကျပ် ဖြစ်ပါသည်** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၅၄. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၄၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၆၇၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၈၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၁၆၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၃. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၆၈ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၄. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၉. ၁၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဇင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှိုင်သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဖာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဒီ ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

# သတင်းထုတ်ပြန်ချက်

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့မှစတင်၍ ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များအတွင်းသာ ဖမ်းယူရရှိနိုင်သည့် "မေယု FM ရေဒီယို" အစီအစဉ်ကို အချိန်ပိုင်းစမ်းသပ်ထုတ်လွှင့်နေမှုနှင့်ပတ်သက်၍ ပြည်သူများသိရှိစေရေးအတွက် အောက်ပါအတိုင်း သတင်းထုတ်ပြန်အပ်ပါသည်-

(၁) မေယု FM အစီအစဉ်သည် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသတွင် နေထိုင်ကြသူတို့အတွက် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖြန့်ချိပေးနိုင်ရန် ထုတ်လွှင့်သောအစီအစဉ်ဖြစ်ပြီး မည်သည့် ပြင်ပပုဂ္ဂိုလ် အစုအဖွဲ့ကိုမျှ အသံလွှင့်ခွင့်ပေးခြင်း မဟုတ်ပါ။

(၂) အဆိုပါဒေသတွင် မကြာမီက ပဋိပက္ခများဖြစ်ပွားခဲ့ပြီး ယင်းတို့နှင့်စပ်လျဉ်းသည့် မမှန်သတင်းများလည်း အများအပြား ထွက်ပေါ်လျက်ရှိရာ ဒေသတွင်းနေထိုင်သူတို့ သတင်းအချက်အလက်မှန်များရရှိရန်နှင့် ဒေသအတွက် နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်ပေးလျက်ရှိသည့် အစီအစဉ်များကိုလည်း အများသိရှိအောင် ထုတ်ပြန်ပေးရန် လိုအပ်နေပါသည်။

(၃) မေယု FM သည် နယ်မြေအကန့်အသတ်တစ်ခုအတွင်း လတ်တလော လိုအပ်ချက်များအတွက် ဆောင်ရွက်သည့်အစီအစဉ်တစ်ရပ်ဖြစ်ပြီး ဒေသတွင်း နေထိုင်သူအားလုံးတို့ ကြားသိကြရန် ရည်ရွယ်၍ ရခိုင်၊ ဗမာ၊ ဘင်္ဂါလီ ဘာသာတို့ဖြင့် ထုတ်လွှင့်ခြင်းဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့**



### ☆ စီမံကိန်းလုပ်ငန်းများမှ

လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့် စိန်ခေါ်မှုနှင့် အခက်အခဲများ၊ ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ပုဂ္ဂိုလ်က တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး စီမံကိန်းလုပ်ငန်းဆိုင်ရာများအား ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲသို့ နေပြည်တော်ကောင်စီဝင်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

### ✻ ပြည်ထောင်စုမှ

ယနေ့ ဆွေးနွေးမှုနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်က "ဒီနေ့မှာ တက်ရောက်လာကြတဲ့ JMC-U ခေါင်းဆောင်တွေနဲ့ ကိုယ်စားလှယ်တွေ အဓိက ဆွေးနွေးဖြစ်တာကတော့ SOP နဲ့ ပတ်သက်တဲ့ ဒေသဆိုင်ရာပူးတွဲစောင့်ကြည့်သူတွေရဲ့ TOR လုပ်ထုံးလုပ်နည်းတွေ ဒါတွေနဲ့ ဆက်စပ်တဲ့ မူကြမ်းကိစ္စတွေကို ဆွေးနွေးဖြစ်တယ်။ ပြီးတော့ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) ရုံးတွေရဲ့ အုပ်ချုပ်မှုဆိုင်ရာ ရုံးလုပ်ထုံးလုပ်နည်းတွေ၊ ဝန်ထမ်းကိစ္စတွေကို ဆွေးနွေးဖြစ်တယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB)ရဲ့ လမ်းညွှန်ချက်အတိုင်း ရေးဆွဲထားတဲ့ JMC-U ဘတ်ဂျက်ကိစ္စကို ဆက်ပြီးဆွေးနွေးဖြစ်တယ်"ဟု ပြောသည်။

ထို့အပြင် တတိယနေ့ အစည်းအဝေး ပြုလုပ်သွားမည့်အပေါ် "အစည်းအဝေး နောက်ဆုံးနေ့မှာတော့ စောင့်ကြည့်လေ့လာသူတွေနဲ့ ပတ်သက်ပြီး လုံခြုံရေးကိစ္စတွေမှာ ဘယ်လိုစီမံသွားမယ်ဆိုတာတွေကို ဆွေးနွေးသွားဖို့ရှိပါတယ်။ အရပ်သား စောင့်ကြည့်လေ့လာသူတွေရဲ့လုံခြုံရေးကိစ္စတွေပါမယ်။ လုံခြုံရေးအဆင့်အတန်း သတ်မှတ်ချက်တွေပါမယ်။ အဓိကကတော့ ပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ လုံခြုံရေးကိစ္စတွေဖြစ်ပါတယ်။ စိစစ်အတည်ပြုရေးအဖွဲ့နဲ့ ဒေသဆိုင်ရာ ပြည်သူလူထုကြားမှာ စောင့်ကြည့်လေ့လာသူတွေရဲ့ လုံခြုံရေးကိစ္စတွေကို အဓိက ဆွေးနွေးညှိနှိုင်းသွားဖို့ရှိပါတယ်"ဟု ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U) အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရိုက ပြောသည်။

(JMC-U)၏ နဝမအကြိမ် အစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက်မှ စတင်ကာ သုံးရက်ကြာပြုလုပ်လျက်ရှိပြီး အစည်းအဝေး ပထမနေ့တွင် နှစ်ဖက်တပ်များနှင့် ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်း (SOP) နှင့် JMC အတွက် လိုအပ်သည့်ဘတ်ဂျက်ကိစ္စများကို ဆွေးနွေးခဲ့သည့်အပြင် အစည်းအဝေး တတိယနေ့ (ဖေဖော်ဝါရီ ၈ ရက်)တွင် ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသေးသည့် JMC-U လုပ်ထုံးလုပ်နည်း (SOP) များဖြစ်သော အရပ်ဘက်လူ့အဖွဲ့အစည်း(CSO)များ၏ လုပ်ငန်းလမ်းညွှန်ရေးဆွဲနိုင်ရန် လိုအပ်သောအချက်များအား မူဝါဒတောင်းခံခြင်း၊ နော်ဝေနိုင်ငံ၏စီစဉ်မှုဖြင့် JMC-U အဖွဲ့ဝင်များ ဖိလစ်ပိုင်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်နိုင်ရေးကိစ္စအပြင် နော်ဝေပြည်သူများ ထောက်ပံ့ရေးအဖွဲ့ (Norwegin People's Aid - NPA)၏ စီစဉ်မှုဖြင့် မိုင်းရှင်းလင်းရေး သင်တန်းနှင့် လေ့လာရေးခရီးစဉ်ကိစ္စများ၊ နယ်မြေပိုင်းခြားသတ်မှတ်မှု (Demarcation) ကိစ္စနှင့် မြေမြှုပ်မိုင်းများရှင်းလင်းရေး (Demining) ကိစ္စများကို ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ JMC-U ဒုတိယဥက္ကဋ္ဌများ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ JMC-U အတွင်းရေးမှူးများ၊ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့များမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ အရပ်သား ကိုယ်စားလှယ်များ၊ နည်းပညာ အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြပြီး အစည်းအဝေး တတိယနေ့ (ဖေဖော်ဝါရီ ၈ ရက်)တွင် သုံးရက်ကြာပြုလုပ်ခဲ့သည့် အစည်းအဝေးနှင့်ပတ်သက်၍ JMC-U အတွင်းရေးမှူးများက သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ဇော်ကြီး(ပဏ္ဍိတ)**

## ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ ဘေးကင်းလုံခြုံရေးမူဝါဒဆိုင်ရာ ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ ဘေးကင်းလုံခြုံရေးမူဝါဒဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တွင် ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရ၊ ရန်ကုန်မြို့တော်ဝန်နှင့် Mizzima Media၊ Action Aid တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် သက်ဆိုင်ရာတာဝန်ရှိသူအသီးသီးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

"Road Safety ကောင်းရင် Side Effect တွေ ကောင်းမယ်။ Road Safety က Mind Set ကို ပြောင်းလဲစေတယ်။ Mind Set ပြောင်းရင် အကုန်အောင်မြင်မယ်။ အစိုးရကော ပြည်သူလူထုတွေကော ပြောင်းရမယ်။ ပြည်သူတွေကို ဘယ်လိုပံ့ပိုးပေးနိုင်မလဲ၊ ပံ့ပိုးပေးတဲ့နေရာမှာလည်း လမ်းဘယ်လောက်ကောင်းအောင် လုပ်ပေးလုပ်ပေး စနစ်တကျ သုံးစွဲနိုင်ရဲ့လားဆိုတာ စဉ်းစားရမယ်။ ပလက်ဖောင်းတွေ ဘယ်လောက်ကောင်းကောင်း လမ်းလျှောက်တဲ့သူတွေအတွက် ဖြစ်မလား။ ကားမောင်းတဲ့သူတွေအတွက်၊ ပြည်သူလူထုအတွက် အကောင်းဆုံးကတော့ Mind Set ပြောင်းဖို့က သက်ဆိုင်ရာအဖွဲ့အစည်းတွေမှာ တာဝန်ရှိပါတယ်" ဟု အဆိုပါဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်ကလည်း ပါဝင်ဆွေးနွေးသွားခဲ့ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှုအတွက် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကောင်းမွန်ရန် လိုအပ်သည်ဟု ဆွေးနွေးခဲ့ပြီး အစိုးရအနေဖြင့် သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ ဖွဲ့ကာ ဘတ်စ်ကား ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နေသည်ဟု ဆိုသည်။

"ရန်ကုန်မြို့ဟာ စီးပွားရေး မြို့တော်ဖြစ်တဲ့အတွက် ရန်ကုန်ရဲ့ သယ်ယူပို့ဆောင်ရေးဟာ အရေးကြီးပါတယ်။ အစိုးရအနေနဲ့ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ကို ဖွဲ့ပြီး ဘတ်စ်ကားစနစ်တွေကို ပြောင်းလဲနေပါတယ်။ ပိုင်ဆိုင်မှုပုံစံပြောင်းတာပါ။ ဘတ်စ်ကားစနစ်မှာ တစ်ဦးပိုင်စနစ်ကနေ အများပိုင်စနစ်နဲ့ အများပိုင် ကုမ္ပဏီစစ်စစ်ဖွဲ့နိုင်ပြီဆိုရင် အခု ပြဿနာတွေမှာ ကိုင်တွယ်ဖြေရှင်းရ လွယ်ကူလာပါလိမ့်မယ်။ လောလောဆယ် အများပိုင် ကုမ္ပဏီအနေနဲ့ နှစ်ခုလောက်ပဲ ဖွဲ့နိုင်သေးတဲ့အခါမှာ ကားတွေကို ကုမ္ပဏီတွေကတစ်ဆင့် ကြပ်မတ်ကိုင်တွယ်ဖို့ ခက်ခဲနေပါသေးတယ်။ ဒါကို တွန်းအားပေးလုပ်နေပါတယ်" ဒေါက်တာမောင်အောင်က သုံးသပ်သည်။

**(ဝဝ၁)**

## အောင်လံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**အောင်လံ ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးသွန်းရုပ်တုဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် (ဗိုလ်ချုပ်မွေးနေ့)တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်မာလာပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယခုအခါ ကြွေပြားကပ်ခြင်းလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်လျက်ရှိပြီး လွတ်လပ်ရေးကျောက်တိုင်အတွင်း ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပြပွဲကျင်းပခြင်း၊ ညတရားပွဲအစီအစဉ်အဖြစ် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးတိက္ခဉာဏ၏ တရားဓမ္မသဘင်ဆင်ယင်ကျင်းပခြင်း၊ ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းမှစတင်၍ မူကြိုကလေးငယ်များနှင့် အထက ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်နှင့် ကျေးရွာများမှ ပဒေသာအကများဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ ညနေ ၃ နာရီတွင် အထက(၁) ရွှေရတုခန်းမ၌ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးအတွက် လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပခြင်းနှင့် စာပေဟောပြောပွဲအဖြစ် စာရေးဆရာမ မသီတာ(စမ်းချောင်း)၊ ဆရာဇေယျတုတို့က စာပေရေးရာများဟောပြောခြင်း၊ ညပိုင်းတွင် လွတ်လပ်ရေးကျောက်တိုင်၌ ပြည်မြို့မှ ရင်ခွင်ဦးတီးဝိုင်းက ဖျော်ဖြေတင်ဆက်ခြင်း၊ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၄ နာရီတွင် လွတ်လပ်ရေးကျောက်တိုင်အတွင်း၌ သံဃာတော် အရှင်သူမြတ်များအား အရုဏ်ဆွမ်း လောင်းလှူခြင်းနှင့် နံနက် ၉ နာရီတွင် ဗိုလ်ချုပ်ကြေးရုပ်နှင့် ဗိုလ်ချုပ်ရင်ပြင်ဖွင့်ပွဲတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

## ကျောက်တော်ကြီးဘုရား ဗုဒ္ဓပူဇနီယပူဇော်ပွဲ ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရှိ မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပူဇော်ဖွင့်လှစ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီတွင် အဆိုပါဘုရားကြီး၏မုခ်ဦး၌ကျင်းပရာ ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုရှိခိုး၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး သဘာပတိ ဂေါပက ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က အမှာစကားပြောကြားသည်။

ထို့နောက် (၁၆)ကြိမ်မြောက်လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား) ဗုဒ္ဓပူဇနီယပူဇော်ဖွင့်လှစ်ပွဲ ကျင်းပရာ ဂေါပကကြီးကြပ်ရေးအဖွဲ့ဝင် ဦးရှိန်အောင်ဗိုလ်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းတို့က ဗုဒ္ဓပူဇနီယပူဇော်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၇ ရက်မှ ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(၆၈၄)**

ကြေးမုံ



# ဆီးရီးယား အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ ရုရှား၊တူရကီ၊ အီရန်နှင့် ဂျော်ဒန်တို့ ဆွေးနွေး




**အက်စ်တာနာ ဖေဖော်ဝါရီ ၇**

ဆီးရီးယားနိုင်ငံ၌ အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်လေ့လာမည့်အစီအစဉ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က မြို့တော် အက်စ်တာနာတွင် ကျင်းပရာ ရုရှား၊ တူရကီ၊ အီရန်နှင့်ဂျော်ဒန်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့် ကုလသမဂ္ဂမှ ကိုယ်စားလှယ်အဖွဲ့များတက်ရောက်ကြသည်။

ကာဇက်စတန်နိုင်ငံမြို့တော် အက်စ်တာနာတွင် ကျင်းပသည့် ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်သည့်နိုင်ငံများက ဆီးရီးယားနိုင်ငံအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို အပြည့်အဝလေးစားလိုက်နာခြင်းရှိ၊ မရှိ စောင့်ကြည့်မှတ်တမ်းတင်မည့်စနစ်နှင့် ပတ်သက်၍ သဘောတူညီကြကြောင်း ယင်းအစည်းအဝေးသို့ တက်ရောက်သည့် ရုရှားကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်စတာနီဆလပ် ဂတ်ဘီ မာလိုဗီဒွေ့ဗ်က ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လိုက်နာမှုရှိ၊ မရှိ စောင့်ကြည့်မည့်စနစ်အရ ရုရှားနှင့် တူရကီနိုင်ငံတို့က ထိန်းချုပ်ရေးဌာနကို ပူးတွဲဖွင့်လှစ်ကာ ဆီးရီးယားနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုများနှင့်ပတ်သက်သည့် အချက်အလက်များနှင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများကို နေ့စဉ်မျှဝေသွားမည်ဖြစ်ကြောင်း၊ အပြန်အလှန်တိုက်ခိုက်မှုများအဆုံးသတ်ကာ တင်းမာမှုများ လျှော့ချနိုင်ရေးတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အပစ်အခတ်ရပ်စဲရေးကြိုးပမ်းမှုများရှိသည့်တိုင် နိုင်ငံတကာအကြမ်းဖက်အုပ်စုများက အပစ်အခတ်ရပ်စဲမှုကို အမြဲတစေချိုးဖောက် လေ့ရှိကြောင်း ၎င်းက ပြောကြားသည်။

ဇန်နဝါရီ ၂၃ ရက်မှ ၂၄ ရက်ထိ အက်စ်တာနာမြို့၌ ပြုလုပ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ရရှိခဲ့သော နိုင်ငံတကာသဘောတူညီ ချက်များနှင့်အညီ ဆီးရီးယားဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ကို ထူထောင်ခဲ့သည်။

**ဆင်ဟွာ။**

# ကာကွယ်ရေးမိတ်ဖက်အဖြစ် အိန္ဒိယကို အသိအမှတ်ပြု ပို့ကုန်ထိန်းချုပ်ရေးဥပဒေများကို အမေရိကန်ပြင်ဆင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

အမေရိကန် ပြည်ထောင်စုသည် အိန္ဒိယနိုင်ငံကို အဓိကကာကွယ်ရေးမိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုသည့်အနေဖြင့် ပြည်ပပို့ ကုန်ထိန်းချုပ်ရေး ဥပဒေများတွင် ပြင်ဆင်ချက်များ ထည့်သွင်းပေးလိုက်ပြီဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် အမေရိကန်က အိန္ဒိယနိုင်ငံအား နည်းပညာလွှဲပြောင်းပေးခြင်းနှင့် လက်နက်များလွှဲပြောင်းပေးပို့ ခြင်းတို့တွင် ပိုမိုလွယ်ကူစေမည့် အကျိုးကျေးဇူးကို အိန္ဒိယနိုင်ငံ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း အမေရိကန်သတင်းဌာနများက ဖေဖော်ဝါရီ ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြည်ပပို့ကုန် ထိန်းချုပ်ရေး ဥပဒေများ၌ လိုအပ်သည့် ပြင်ဆင်ချက်များ ပြုလုပ်ခွင့်ပေးသော ဥပဒေသစ်အရ ကူးသန်း ရောင်းဝယ်ရေးဌာနက ထိန်းချုပ်သည့် စစ်သုံးပစ္စည်းများကို တင်သွင်းလိုသည့် အိန္ဒိယကုမ္ပဏီများအတွက် ခွင့်ပြုချက်ရရှိရန် အခြေအနေရှိသည်ဟု ယူဆနိုင်မည်ဖြစ်ကြောင်း အမေရိကန်-အိန္ဒိယ စီးပွားရေးကောင်စီဥက္ကဋ္ဌ မူးကက်ရှ် အက်ဂလီက ပြောကြားသည်။

ယင်းစစ်သုံးပစ္စည်းများတွင် အစုလိုက်အပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များနှင့် သက်ဆိုင်သည့် ကုန်ပစ္စည်းများ မပါဝင်ပေ။

ဥပဒေပြင်ဆင်ချက်များအရ ကြုံတောင့်ကြုံခဲ အခြေအနေများမှအပ အိန္ဒိယကုမ္ပဏီများအတွက် လိုင်စင်ထုတ်ပေးရန် ငြင်းဆန်ခံရခြင်းရှိနိုင်မည်မဟုတ်ကြောင်း၊ အိန္ဒိယနိုင်ငံကို အမေရိကန်၏အဓိကကာကွယ်ရေးမိတ်ဖက်နိုင်ငံအဖြစ် သတ်မှတ်ခြင်းအတွက် မိမိကျေနပ်မိကြောင်း ၎င်းကပြောကြားသည်။

**ပီတီအိုင်။**





# အနောက်ဘက်ကမ်းတွင် အိမ်ရာတည်ဆောက်မှု အစ္စရေးပါလီမန် ခွင့်ပြု

**တဲလ်အဗစ် ဖေဖော်ဝါရီ ၇**

ဂျူးအခြေစိုက်အိမ်ရာများရှိနှင့်နေပြီးဖြစ်သည့် အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်းပုဂ္ဂလိကပိုင်မြေများကိုသိမ်းယူရန် အစ္စရေးအစိုးရကိုခွင့်ပြုသည့် ဥပဒေတစ်ရပ်ကို ပါလီမန်ကပြဋ္ဌာန်းပေးလိုက်ပြီဖြစ်သည်။

တနင်္လာနေ့က ပြဋ္ဌာန်းပေးလိုက်သည့် အဆိုပါဥပဒေအရ အနောက်ဘက်ကမ်းရှိ ဂျူးအခြေစိုက်အိမ်ရာများတည်ဆောက်ထားသောမြေနေရာများရှိ ပါလက်စတိုင်းမြေပိုင်ရှင်များကို လျော်ကြေးပေးသွားမည်ဖြစ်ပြီး အဆိုပါမြေနေရာများသည် အစ္စရေးအစိုးရပိုင်မြေများ ဖြစ်လာမည်ဖြစ်သည်။

ပါလက်စတိုင်းလူမျိုးများနှင့် အခြေချအိမ်ရာတည်ဆောက်သူများကြား မကြာခဏ ပိုင်နက်နယ်မြေနှင့်ပတ်သက်၍အငြင်းပွားနေမှုကို အဆုံးသတ်နိုင်ရန် လက်ယာစွန်းနိုင်ငံရေး ပါတီတစ်ခုက အဆိုပါဥပဒေကို တင်သွင်းခဲ့ခြင်းဖြစ်သည်။ အစ္စရေးပါလီမန်အနေဖြင့် အနောက်ဘက်ကမ်းနှင့်ပတ်သက်သည့်တင်ပြလျှောက်ထားမှုကို ပထမဆုံးအကြိမ် ဥပဒေထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ယင်းသို့ ဥပဒေပြဋ္ဌာန်းလိုက်ခြင်းကြောင့် ပါလက်စတိုင်းလူမျိုးများနှင့် ကမ္ဘာ့အသိုင်းအဝိုင်းက ကန့်ကွက်မှုများရှိလာနိုင်ပြီး ပိုင်နက်နယ်မြေအတွက် တိုက်ခိုက်သိမ်းယူမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း ရှုပ်ထွေးမှုများဖြစ်ပေါ်စေနိုင်သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အဆိုပါဥပဒေနှင့်ပတ်သက်ပြီး အမေရိကန်တာဝန်ရှိသူများကို ရှင်းပြထားပြီး မဲမပေးမီကတည်းက ထောက်ခံမှုရရှိထားသည်ဟု အစ္စရေးမီဒီယာများက ရေးသားဖော်ပြကြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့် ကျမ်းသစ္စာကျိန်ဆိုပြီးကတည်းက အစ္စရေးနိုင်ငံသည် အနောက်ဘက်ကမ်းတွင် အခြေချအိမ်ရာတည်ဆောက်မှုကိုအရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။ ယင်းပြဿနာကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ထရန့်နှင့် နေတန်ယာဟုတို့ တွေ့ဆုံသည့်အခါ မည်ကဲ့သို့ ဆွေးနွေးသွားမလဲဆိုသည်မှာ စိတ်ဝင်စားရာဖြစ်လာမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# တရုတ်နိုင်ငံ၏ နေစွမ်းအင်သုံးမောင်းသူမဲ့လေယာဉ် အာကာသအနီးအပါး၌ ပျံသန်းမှု စမ်းသပ်မည်



**ပေကျင်း ဖေဖော်ဝါရီ ၇**

တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း အာကာသအနီးအပါး၌ နေရောင်ခြည်စွမ်းအင်သုံးမောင်းသူမဲ့လေယာဉ်တစ်စင်းပျံသန်းမှုကို စမ်းသပ်လေ့လာမည်ဖြစ်ကြောင်း တရုတ်လေကြောင်းအာကာသဒိုင်းနမစ်သိပ္ပံပညာအကယ်ဒမီ(စီအေအေအေ)က ဖေဖော်ဝါရီ ၇ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ၏နေရောင်ခြည်စွမ်းအင်သုံး မောင်းသူမဲ့ လေယာဉ်၏ တောင်ပံမှာ ဘိုးရင်း ၇၃၇ ခရီးသည်တင်လေယာဉ်တစ်စင်း၏ တောင်ပံထက် ပိုမိုရှည်လျားပြီး မီတာ ၄၀ ကျော်ရှိသည်။ အဆိုပါမောင်းသူမဲ့လေယာဉ်ကို စမ်းသပ်ပျံသန်းမှုပြုလုပ်ခဲ့ရာတွင် အောင်မြင်မှုရရှိကြောင်း စီအေအေအေ၏ မောင်းသူမဲ့လေယာဉ်စီမံကိန်းအင်ဂျင်နီယာချုပ် ရှိဝန်းက ပြောကြားသည်။

တရုတ်နိုင်ငံ၏ နေရောင်ခြည်စွမ်းအင်သုံးမောင်းသူမဲ့လေယာဉ်သည် ကမ္ဘာပေါ်တွင် အလားတူ မောင်းသူမဲ့လေယာဉ်များအနက် ဒုတိယအကြီးဆုံးဖြစ်ကြောင်း၊ ကမ္ဘာ့အကြီးဆုံးနေစွမ်းအင်သုံး မောင်းသူမဲ့လေယာဉ်မှာ အမေရိကန် အာကာသအေဂျင်စီ(နာဆာ)တွင် ရှိကြောင်း ရှိဝန်းက ပြောကြားသည်။ တရုတ်နိုင်ငံ၏ နေစွမ်းအင်သုံး မောင်းသူမဲ့လေယာဉ်သည် ဝေဟင်အတွင်း အလွန်မြင့်မားသည့်နေရာတွင် ပျံသန်းနိုင်စွမ်းရှိကြောင်း၊ ကာလရှည်ပျံသန်းနိုင်သည့်အပြင် ပြုပြင်ထိန်းသိမ်းရေးလုပ်ရန် လွယ်ကူကြောင်း ရှိဝန်းက ပြောကြားသည်။

မောင်းသူမဲ့လေယာဉ်တည်ဆောက်ပုံအသေးစိတ်နှင့်ပတ်သက်၍ ရှိဝန်းက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သို့ရာတွင် မိမိတို့၏ မောင်းသူမဲ့လေယာဉ်သည် မြေမျက်နှာပြင်အထက် ကီလိုမီတာ ၂၀ မှ ၃၀ အထိ ပျံတက်နိုင်ပြီး တစ်နာရီလျှင် ကီလိုမီတာ ၁၅၀ မှ ၂၀၀ အထိ ရှိသော အမြန်နှုန်းဖြင့် ပျံသန်းနိုင်သည်ဆို၏။

လေကြောင်း ကြိုတင်သတိပေးရေးစနစ်၊ လေကြောင်းကင်းထောက်လုပ်ငန်း၊ သဘာဝဘေးအန္တရာယ်လေ့လာစောင့်ကြည့်ရေး၊ မိုးလေဝသတိုင်းတာရေးနှင့် ဆက်သွယ်ရေးသတင်းပို့စနစ်တို့တွင် နေရောင်ခြည်စွမ်းအင်သုံးမောင်းသူမဲ့လေယာဉ်ကို အသုံးပြုနိုင်ကြောင်း ရှိဝန်းက ပြောကြားသည်။

**ဆင်ဟွာ။**

# ဝန်ကြီးဌာနအလိုက် ပြည်ပကြွေးမြီနှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်စေရန် ပွင့်လင်းမြင်သာစွာဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမမြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၏ **၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်နေ့ရှိ ဝန်ကြီးဌာနတစ်ခုချင်း၏ ရရန်ရှိသော ကြွေးမြီများနှင့် ပေးရန်ရှိသော ကြွေးမြီများအခြေအနေကို အများပြည်သူသိရှိနိုင်ရေး ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းရှိ၊ မရှိ မေးခွန်းကို** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဝန်ကြီးဌာနတစ်ခုချင်း၏ ရရန်ရှိသောကြွေးမြီများ၊ ပေးရန်ရှိသောကြွေးမြီများကို ရှင်းလင်းနိုင်ရန်အတွက် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြင်ပအဖွဲ့အစည်းများမှ ရရန်ရှိသော ကြွေးမြီများအား သတ်မှတ်ရက်အတွင်း ပေးသွင်းနိုင်ခြင်းမရှိပါက စဉ်ဆက်မပြတ် ကြွေးတောင်းခံစာများ၊ သတိပေးနှိုးဆော်စာများ ထုတ်ပြန်ခြင်း၊ တောင်းခံသင့်သော လုပ်ငန်းရှင်များကို သက်ဆိုင်ရာဌာနများမှ ခေါ်ယူဆွေးနွေးတောင်းခံခြင်းများအပြင် ဒဏ်ကြေးကောက်ခံခြင်းနှင့် ဥပဒေကြောင်းအရ အရေးယူခြင်းတို့ဖြင့် ပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ ချေးငွေစာချုပ်ချုပ်ဆိုပြီးနောက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဆိုင်းငံ့ကာလအတွင်းတွင် ချေးငွေထုတ်ယူသုံးစွဲသည့်ပမာဏအပေါ် ကျသင့်အတိုးကိုသာပေးဆပ်ရပြီး ဆိုင်းငံ့ကာလကုန်ဆုံးသည့်အခါ သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း ကျသင့်အတိုးနှင့် အရင်းပေးဆပ်ငွေတို့ကို အရစ်ကျပေးဆပ်ရပါကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ချေးငွေသုံးစွဲသည့်ဌာန၊ အဖွဲ့အစည်းတို့တွင် ချေးငွေနှင့်ပတ်သက်သည့် မှတ်တမ်းများ စနစ်တကျထားရှိပြီး ချေးငွေတစ်ခုချင်းအလိုက် အရင်း အတိုးပေးဆပ်ရမည့် အချိန်ဇယားအတိုင်း နောက်ဆုံးအရစ်ပေးချေပြီးသည့်အခါမှသာ ၎င်းချေးငွေနှင့်ပတ်သက်၍ သက်ဆိုင်ရာချေးငွေပေးသည့် နိုင်ငံ၊ အဖွဲ့အစည်းများနှင့် ချေးငွေစာရင်းရှင်းလင်းမှု ပြီးပြတ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီး၊ ဦးစီးဌာနများသည် ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲရာတွင် ပြည်ပချေးငွေများ ရယူထားသည့်အဖွဲ့အစည်းများသည် ပြည်ပချေးငွေ အရင်းပြန်လည်ပေးဆပ်ရန် (သို့) အတိုးနှင့် စရိတ်ပေးချေရန်တို့အတွက် အသုံးစရိတ်တွင် ထည့်သွင်းလျာထားပြီး တင်ပြရမည်ဖြစ်ပါကြောင်း၊ ယင်းအသုံးစရိတ်များကို ပြည်ထောင်စုလွှတ်တော်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၃ ပုဒ်မခွဲ(ခ) အရ ဖြတ်တောက်ခြင်းမပြုပါကြောင်း။



လှိုင်းဘွဲ့မဲဆန္ဒနယ်မှ
လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

ဝန်ကြီးဌာနအလိုက် ပြည်ပကြွေးမြီနှင့်ပတ်သက်၍ အခါအားလျော်စွာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့တွင် မေးခွန်းများဖြေကြားခြင်း၊ ပြည်ထောင်စုလွှတ်တော်တွင် သီးသန့်ရှင်းလင်းတင်ပြခြင်း၊ အဆိုပါဖြေကြားချက်နှင့် ရှင်းလင်းတင်ပြချက်များကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရုပ်မြင်သံကြားအစီအစဉ်တို့တွင် ဖော်ပြခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြခြင်းတို့ဖြင့် အများပြည်သူသိရှိနိုင်စေရန် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နှစ်စဉ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျိုင်းတုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်၏ **နေပြည်တော်-ကျိုင်းတုံ အသွားအပြန် လေယာဉ်ခရီးစဉ်ကို တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် ပြေးဆွဲပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက မြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ပြည်တွင်းခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသော နိုင်ငံတော်ပိုင်လေကြောင်းလိုင်းတစ်လိုင်းနှင့် ပုဂ္ဂလိကလေကြောင်းလိုင်း (၉) လိုင်း စုစုပေါင်း (၁၀) လိုင်း ရှိပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီလေကြောင်းလိုင်းအဖြစ် ရပ်တည်နိုင်ရန် ရည်ရွယ်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်ကာ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ တောင်းခံခြင်းမပြုတော့ဘဲ မိမိဝင်ငွေဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိရာ ယခင်အသုံးပြုနေသည့် ဖော်ကာလေယာဉ်ဟောင်းများနေရာတွင် ဘိုးအင်း၊ အေတီအာရ်ကဲ့သို့ ခေတ်မီလေယာဉ်များကို ငှားရမ်းခြင်း၊ ဝယ်ယူခြင်းတို့ကို ပြုလုပ်၍ အစားထိုးခြင်း၊ အေတီအာရ်လေယာဉ်အကြီးစား ပြုပြင်ထိန်းသိမ်းရေး အလုပ်ရုံ တည်ဆောက်ခြင်း စသည့် ရင်းနှီးမြှုပ်နှံမှုများကို လေကြောင်းလိုင်း၏ ဝင်ငွေအပြင် ထပ်မံလိုအပ်နေသည့်ငွေများကို အမေရိကန်နိုင်ငံ GECAS Co., Ltd ထံမှချေးယူ၍ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေသည့်ကာလဖြစ်ပါကြောင်း။

ထိုသို့ ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ထားရသည့်အတွက် လောလောဆယ် အသုံးစရိတ်များပြီး ဝင်ငွေနှင့် မမျှတသေးပါသဖြင့် စီးပွားရေးအရ တွက်ခြေမကိုက်သည့်ခရီးများ ပြေးဆွဲခြင်းမပြုဘဲ ရပ်ဆိုင်းထားရပါကြောင်း၊ ယခင်က နေပြည်တော်-ကျိုင်းတုံ ခရီးစဉ်ကို ၂၀၁၀ ခုနှစ်မှ ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းအထိ တစ်ပတ်လျှင် နှစ်ရက် ပြေးဆွဲပေးခဲ့ပါကြောင်း၊ သို့သော်လည်း ခရီးသည်ရရှိမှုနှင့် ပျံသန်းမှုကုန်ကျစရိတ် ကာမိခြင်းမရှိသည့်အတွက် ရပ်နားခဲ့ရပြီးဖြစ်ပါကြောင်း၊ အလားတူ ပုဂ္ဂလိကလေကြောင်းလိုင်း (၉) လိုင်းအနေဖြင့်လည်း စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိသည့် နေပြည်တော်-ကျိုင်းတုံခရီးစဉ်ကို ပြေးဆွဲနိုင်ခြင်းမရှိကြောင်းကို မေးမြန်းသိရှိရပါကြောင်း၊ သို့ဖြစ်၍ ကိုယ်စားလှယ်တော်ကြီး မေးမြန်းသည့် နေပြည်တော်-ကျိုင်းတုံ အသွားအပြန် လေယာဉ်ခရီးစဉ်ကို ပြည်တွင်းလေကြောင်းလိုင်းများအနေဖြင့် ပြေးဆွဲနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆော့လော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး၏ **ဆော့လော်မြို့ပေါ်ရှိ GSM-MPT ဖုန်းလိုင်း၊ ဟန်းကောကျေးရွာအုပ်စုအတွင်းနှင့် လန်ဆယ်ကျေးရွာအုပ်စုအတွင်း WCDMA-MPT ဖုန်းလိုင်းတာဝါတိုင်များ တပ်ဆင်ပေးရန် အစီအစဉ်ရှိ မရှိ** မေးမြန်းရာ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဝေးလံခေါင်သီသောဒေသများတွင် ပြည်သူလူထုအနေဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ရရှိခံစားနိုင်ရန် ဆက်သွယ်ရေးကွန်ရက်များကို တိုးချဲ့တည်ဆောက်သွားနိုင်ရေးအတွက် ဆက်သွယ်ရေးအော်ပရေတာများမှ ထည့်ဝင်ငွေရရှိနိုင်မည့် အခြေအနေပေါ်မူတည်၍ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်ခန့်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် မိုးမောက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၏ **မြန်မာနိုင်ငံအတွင်းရှိ ထီထိုးသူပြည်သူလူထုများ အဆင်ပြေစေရန်၊ ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် မှုခင်းလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေသော အောင်ဘာလေထီရောင်းရငွေ၏ အခွန် ၄၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအား အောင်ဘာလေ သိန်းထီဆုအဖြစ် ထည့်သွင်းပေးပြီး ထီရောင်းရငွေမှ အခွန်ငွေ ၃၀ ရာခိုင်နှုန်းသာ ကောက်ခံသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို တင်သွင်းရာ ကယားပြည်နယ် မယ်စဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းက ထောက်ခံဆွေးနွေးသည်။

အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏သဘောတူညီမှုကို ဆန္ဒမဲပေးခြင်းဖြင့် အဆုံးအဖြတ်ရယူရာတွင် ထောက်ခံမဲ ၂၃၆ မဲ၊ ကန့်ကွက်မဲ ၁၀၆ မဲနှင့် ကြားနေမဲ ၂၁ မဲတို့ဖြင့် အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က ဆုံးဖြတ်ကြောင်း ကြေညာသည်။

**အောင်နိုင်၊ မီမီဖြိုး၊ မွေးကြူဇင် (သတင်းစဉ်)**

# MICA အဖွဲ့က ရယူထားသော ခြံ၊ စက်ရုံ၊ မြေယာများကို သက်ဆိုင်ရာဌာနများမှ ပြန်လည်လွှဲပြောင်းရယူရန် စီစဉ်ဆောင်ရွက်နေ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

MICA အဖွဲ့ ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ယခုအခါ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ MICA အဖွဲ့က ရယူထားသော ခြံ၊ စက်ရုံ၊ မြေယာများကို သက်ဆိုင်ရာဌာနများမှ အဖွဲ့ဖျက်သိမ်းပြီး ပြန်လည်လွှဲပြောင်းရယူရန် စီစဉ်ဆောင်ရွက်နေပါကြောင်း ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၏ **နိုင်ငံတော်၏ သား၊ ငါးကဏ္ဍတိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည်ဆိုသော MICA (Myanmar International Cooperation Agency) သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုက လက်ဝါးကြီးအုပ် ခြယ်လှယ်လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တရားဝင်ခွင့်ပြုမိန့်မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်သို့စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေး စီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အထက်ပါအတိုင်းပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီး ဦးလှကျော်က MICA နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ဆောင်ရွက်နေမှု အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားရာ၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ MICA သည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ(၁၉၁၄ ခုနှစ်)အရ ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မှတ်ပုံတင်ထားပါက အဆိုပါဥပဒေနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းနိုင်မည်ဖြစ်ပါကြောင်း၊ MICA သည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ(၁၉၁၄ ခုနှစ်)အရ ဖွဲ့စည်းတည်ထောင်ခဲ့သော်လည်း မှတ်ပုံတင်ထားခြင်းမရှိပါက တရားဝင်အဖွဲ့အစည်းဖြစ်သည်ဟု ယူဆနိုင်မည်မဟုတ်ပါသောကြောင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ(၁၉၁၄ ခုနှစ်)နှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းနိုင်မည်မဟုတ်ပါကြောင်း၊ MICA ဖွဲ့စည်းခြင်း၊ ဒါရိုက်တာအဖွဲ့ဝင် ဖွဲ့စည်းခြင်း၊ ဒါရိုက်တာအဖွဲ့ ပြင်ဆင်သတ်မှတ်ခြင်းတို့ကို ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူခွင့်ပြုခဲ့သောကြောင့် MICA ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း။



လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း လက်မှတ်ရေးထိုးကြစဉ်။

MICA အား ဖျက်သိမ်းခြင်းမပြုမီ MICA က ချုပ်ဆိုဆောင်ရွက်ထားသော စာချုပ်များနှင့် စပ်လျဉ်း၍ MICA နှင့်စာချုပ်များ ချုပ်ဆိုခဲ့သည့် ကုမ္ပဏီ၊ လုပ်ငန်းရှင်တို့အကြား ပေးရန်၊ ရရန်ကိစ္စများ ရှင်းလင်းပြီးဖြစ်ရန် လိုအပ်ပါကြောင်း၊ ထို့အပြင် MICA အား ပြည်ထောင်စုအစိုးရအဖွဲ့က ဖျက်သိမ်းရန်သဘောတူ ခွင့်ပြုခဲ့ပါက MICA အား ဖျက်သိမ်းခြင်းမပြုမီ MICA အနေဖြင့် ချုပ်ဆိုခဲ့သော စာချုပ်များ၊ MICA ၏ တာဝန်နှင့် ဝတ္တရားများ လွှဲပြောင်းလက်ခံမည့် ဌာနများသို့ လုပ်ငန်းတာဝန်နှင့် ဝတ္တရားများ လွှဲပြောင်းသည့် သဘောတူစာချုပ်များ ချုပ်ဆို၍ လွှဲပြောင်းရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနက MICA အား ဖွဲ့စည်းတည်ထောင်ပြီးနောက် စာချုပ်များ ချုပ်ဆိုဆောင်ရွက်ရေး၊ လုပ်ပိုင်ခွင့် အခွင့်အရေး အာဏာများအပ်နှင်းခဲ့သည့်ကိစ္စများ ရှိခဲ့ပါကလည်း အဆိုပါကိစ္စများကို ရှင်းလင်းဆောင်ရွက်ရန် လိုအပ်သည်ကို သဘောထားပြန်ကြားခဲ့ပါကြောင်း။

ထို့ပြင် ငွေကြေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အဖွဲ့ဖျက်သိမ်းရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသို့ တင်ပြဆောင်ရွက်သွားရန် စီမံထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို နာခံမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့ကလည်း ထောက်ခံဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ ဆန္ဒကိုရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်ဆွေ၏ **မြေကြီး၊ မြေပုံ၊ မြေစာရင်းများ မှန်ကန်ရေးအတွက် အစီအစဉ်များ ဆောင်ရွက်ထားမှုကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ခေတ်မီမြေတိုင်း ကိရိယာများ အသုံးပြု၍ နိုင်ငံတော်၏ ရန်ပုံငွေခွင့်ပြုချက်အပေါ် အခြေခံပြီး နှစ်စဉ်မြေတိုင်းစီမံချက်များချမှတ်၍ မြေကြီး၊ မြေပုံနှင့်

**စာမျက်နှာ ၈ သို့**

# ပင်လုံစိတ်ဖြင့် ငြိမ်းချမ်းပါ

❖ မြန်မာနိုင်ငံ၊ တို့နိုင်ငံတည့်
နိုင်ငံတော်သည်၊ စိတ်ထားညီမို့
ရွှေပြည်တော်ကြီး ၊ အသီးသီး…တွင်
ရွှေထီး ရွှေနန်း၊ ရွှေကြငှန်း…နှင့်
စံမြန်းအရှင်၊ ကိုယ့်ဘုရင်နှင့်
ယဉ်ကျေးမှု "စံ"၊ ရိုးရာ "ဟန်"…နှင့်
ကျောင်း ကန် စေတီ၊ မွေသရီနှင့်
ပြည်သူ ပြည်သား၊ "သာကီ"များသည်
"အင်အားပြည့်ဝ၊ တောင့်တင်းလှ"…ဟု
ကမ္ဘာ့အလယ်၊ ဂုဏ်ဝင့်ထယ်ခဲ့။
❖ မြန်မာ့ဂုဏ်ရောင်၊ ထွန်းလင်းပြောင်၏
ခေါင်းဆောင်ကောင်းခဲ့၊ တောင့်တင်းခဲ့လည်း
နယ်ချဲ့ခြေထိုး၊ စနစ်ဆိုးက
မျိုးဖြုတ် သွေးခွဲ၊ စိတ်ဝမ်းကွဲစဉ်
နွားကွဲသည့်ခိုက်၊ ကျားအကြိုက်မို့
စည်ပေါက် ထီးကျိုး၊ နေဝင်လျိုးချိန်
အမျိုးမထောက်၊ သစ္စာဖောက်…ကြောင့်
"ကျွန်သပေါက်"အစစ်၊ "ရွှေမှန်ကင်း"…က
"ထင်း"…ဖြစ်ရတာ၊ နှစ်တစ်ရာ…မျှ။
❖ နှစ်တစ်ရာမျှ၊ "ကျွန်"ဘဝတွင်
ကျွန်မှလွတ်သော်၊ "သေလည်းပျော်"ဟု
ရဲဘော်သုံးကျိပ်၊ မြင့်မြတ်စိတ်ဖြင့်
အင်္ဂလိပ်နယ်ချဲ့၊ တွန်းလှန်ခဲ့မို့
နယ်ချဲ့လက်မှ၊ လွတ်ခဲ့ရလည်း…
ဖက်ဆစ်ဘီလူး၊ အစွယ်ပြူးက
"ကျား"ကိုကြောက်၍၊ "ရှင်ကြီး" ရှေ့တွင်
"ရှင်ကြီး"အားကိုး၊ "ကျား"ထက်ဆိုးကြောင့်
ကိုယ်ကျိုးတစ်ဖန်၊ နည်းခဲ့ပြန်သော်
ဂျပန်ဖက်ဆစ်၊ တော်လှန်ပစ်ခဲ့။
❖ ထိုသံသရာ၊ လည်နေပါ၍
မြန်မာပြည်ကို၊ လွတ်လပ်လိုသည့်
ဗိုလ်ချုပ်အောင်ဆန်း၊ ပြည်ချစ်ပန်းလျှင်
မြန်မာပြည်တွင်း နောင်ညီရင်းလို…
"ထင်းစည်း"အသွင်၊ ပမာတင်လျက်
"ပင်လုံမြို့"…မှာ၊ စုလိုက်ပါ၏
"ညီညွတ်ခြင်း…က၊ အဓိက"…မို့
"မြန်မာ့သွေးများ၊ ညီညွတ်အား"နှင့်
မြေပြန့် တောင်ပေါ်၊ ညီ နောင်တော်တို့
ပျော်ရွှင် ကြည်သာ၊ လက်တွဲပါ…မူ
မြန်မာပြည်အရေး၊ နောင်တွင်အေးလိမ့်
ဆွေးနွေးကြပုံ၊ ဆုံးဖြတ်ပုံ…ကို
ပင်လုံမြို့ငယ်၊ သက်သေတည်း…။
❖ ဆောင်းနှင်းငွေမှုံ…၊ သိုင်းရစ်ခြုံလျက်
ပင်လုံမြို့လေး၊ စိမ့်၍အေးလည်း
မကွေးနိုင်ရှာ၊ "ဗိုလ်ချုပ်"သာတည့်
မြန်မာအသက်၊ "လွတ်လပ်ရက်ကို"
အများထက်မက၊ မြော်တွေးဆ…လျက်
ပြေးရ လွှားရ၊ ဆွေးနွေးရ၏
ပြောရ ဟောရ၊ နှီးနှောရ၏
ပြင်ရ ဆင်ရ၊ နောက်ဆုံးမှ…လျှင်
တိုင်းရင်းသားစုံ၊ ခေါင်းဆောင်စုံ…က
ယုံကြည် စည်းလုံး၊ ကမ္ဘာဆုံး…ဟု
ဆုံးဖြတ်ချက်ချ၊ စာချုပ်ကြသည်
မြန်မာ့ရှေ့ရေး၊ အေးရန်တည်း…။
❖ အေးချမ်းချိန်လျှင်၊ နိမိတ်ပင်တည့်။
ပင်လုံမြို့မှ၊ သန္ဓေရသည့်
ပင်လုံစိတ်ဓာတ်၊ လွန် "မြင့်" "မြတ်မို့"
လွတ်လပ်ရေးပန်း၊ ပွင့်တင့်လန်းပေ့။
❖ အို…ပြည်ထောင်စုဖွား နောင် ညီများ…ငဲ့
တို့များနိုင်ငံ၊ ရွှေနိုင်ငံသည်
တစ်ဖန် တစ်ခေါက်၊ ပြည်ပ အောက်သို့
မရောက်စေအောင် သတိဆောင်…လော့။
နောင် ညီရင်းစိတ်၊ ပင်လုံစိတ်ကို
အတိတ်ပြဆို၊ ပိုထက်ပိုလော့။
ထိုစိတ်ထိပ်ခေါင်၊ ရှေ့တွင်ဆောင်လျက်
ညီ နောင် သားချင်း၊ စည်းလုံးခြင်းဖြင့်
သံသယကင်း၊ ယုံကြည်ခြင်းဖြင့်
တိုင်းရင်းသားချင်း၊ လက်တွဲခြင်းဖြင့်
ချက်ချင်း လက်ငင်း ငြိမ်းချမ်းစို့…။
ဒီ ဖက် ပြည်လမ်း၊ ဗိုလ်ချုပ်မှန်းသည်
ထိုလမ်းအမြန်လျှောက်မည်…တို့
လူမှုစီးပွား၊ ပြည်သူများတွင်
မြင့်မားအမြန်၊ တိုးတက်ဖို့…။ ။

ကိုရဲ (ဉပဒေ)

မှတ်ချက် ။ ။ဒီဖက်ပြည် - ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု

[နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -၂၁ရာစု(ပင်လုံ)တို့အား ကြိုဆိုဂုဏ်ပြုလျက်]

ပြည်ထောင်စုအရေး
အစဉ်မြော်တွေး
မနေးဆောင်ရွက်
ပြည်သူ့အတွက်

ပင်လုံစိတ်ထား
အစဉ်နှိုးကြား
ကြိုးစားဆောင်ရွက်
တိုင်းပြည်အတွက်

## ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊
(၂) အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ရေး၊
(၃) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊
(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊




# တာဝန်ကိုယ်စီရှိကြသည်

ဖိုးဇော်(မအူပင်)

ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသားများအနေဖြင့် "ဒီမိုကရေစီ" ဆိုသည့်စကားရပ်နှင့် အတော်ပင် ရင်းနှီးကျွမ်းဝင်နေကြပြီဖြစ်ပါသည်။ လူ့အခွင့်အရေး၊ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်၊ ပွင့်လင်းမြင်သာမှုအစရှိသော ဒီမိုကရေစီ၏ အခြေခံသဘောတရားများကိုလည်း သိရှိနားလည်ခဲ့ကြပြီဖြစ်ပါသည်။

ထိုကဲ့သို့ သိရှိနားလည်ခဲ့သည့်အလျောက် ဒီမိုကရေစီ၏အရသာကို မြည်းစမ်းခွင့်ရလာကြပါသည်။ တိုင်းရေးပြည်ရာအဖြာဖြာကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် လေ့လာသိရှိခွင့်ရလာခြင်း၊ နိုင်ငံရေးအသိအမြင်ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင်လည်း လွယ်ကူလျင်မြန်သည့် စနစ်များကြောင့် လုပ်ငန်းများတွင်ကျယ်မှုရှိလာခြင်း စသည့်စသည့် ဒီမိုကရေစီ၏ အမြည်းသဘောအရသာလေးကို ကျွန်တော်တို့အားလုံး နှစ်ခြိုက်ကျေနပ်နေကြရပါသည်။

ဤကဲ့သို့ မြည်းစမ်း၍ရသော အရသာလေးလောက်နှင့် ကျေနပ်ရောင့်ရဲမနေကြဘဲ တကယ့်ဒီမိုကရေစီ၏ အရသာကို တင်းပြည့်ကျပ်ပြည့် ခံစားစံစားသုံးဆောင်နိုင်ကြဖို့ ကျွန်တော်တို့အားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းရဦးမည်ဖြစ်ပါသည်။

သို့ရာတွင် "လက်ဖက်ကောင်းစားချင်လျှင် ပလောင်တောင်တက်နေ့းရမည်" ဟူသော ဆိုရိုးစကားရှိခဲ့သည့်အတိုင်း ကျွန်တော်တို့ စိတ်ရှည်ရပါမည်။ သည်းခံရပါမည်။ ဇွဲ၊ လုံ့လ၊ ဝီရိယ အားကောင်းစွာဖြင့် ဒီမိုကရေစီ ပန်းတိုင်ဆီသို့ အရောက်ဆက်လက်ချီတက်ရပါမည်။

ယခုအခါတွင် ခြောက်နှစ်သားမျှသာရှိသေးသော ဒီမိုကရေစီလေးသည်လည်း ရင့်ကျက်တည်ငြိမ်မှုရှိစေရန်အတွက် အရွယ်ရောက်ဖို့ လိုအပ်နေပါသေးသည်။ ခြောက်နှစ်သားအရွယ်လေးကို ဘွဲ့တစ်ခု ချက်ချင်းယူပေးပါဟု တောင်းဆို၍မရနိုင်ပေ။ သို့ဆိုလျှင် ကျွန်တော်တို့ ဘာလုပ်ကြမည်နည်း။ အဖြေရှိပါသည်။ ခြောက်နှစ်သားဒီမိုကရေစီလေးကို ကျန်းမာရေးကောင်းအောင် ကြံ့ခိုင်မှုရှိပြီး စနစ်တကျဖွံ့ဖြိုးလာအောင် ကျွန်တော်တို့အားလုံး ဝိုင်းဝန်းပြုစုစောင့်ရှောက်ပေးရပါမည်။

ဒီမိုကရေစီလေးကိုမွေးဖွားပေးလိုက်သော မိခင်ကိုချည်းအားကိုးနေရုံဖြင့် မရနိုင်ပါ။ ညီနောင်ဆွေမျိုး မိသားစုဝင်များအားလုံး မိမိတို့ကျရာ အခန်းကဏ္ဍအသီးသီးမှ စနစ်တကျဝန်းရံပေးဖို့ လိုအပ်ပါသည်။ သူ၏ ရှင်သန်ကြီးထွားမှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဟန့်တားနှောင့်ယှက်မှုမျိုးစုံကိုလည်း ကျွန်တော်တို့အားလုံးက သတိရှိရှိ စည်းလုံးညီညွတ်စွာဖြင့် စောင့်ရှောက်ကာကွယ်ပေးရပါမည်။

သို့ရာတွင် အချိန်ကာလတစ်ခုအထိတော့ ကျွန်တော်တို့ စောင့်ဆိုင်းရပါမည်။ သူအမြန်ဆုံးရင့်ကျက်တည်ငြိမ်လာစေဖို့ ကျွန်တော်တို့အားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးစားရမည်ဖြစ်ပါသည်။ နိုင်ငံသားတစ်ဦးချင်းစီ စည်းကမ်းရှိရပါမည်။ စစ်မှန်သော ဒီမိုကရေစီ၏ အရသာကို ကျွန်တော်တို့ ခံစားခွင့်မရခဲ့လျှင်သော်မှ နောင်မျိုးဆက်သစ်လူငယ်လေးများ ခံစားစံစားခွင့်ရသည်ဆိုလျှင် ကျွန်တော်တို့အားလုံး တာဝန်ကျေခဲ့ကြသည်ပေ့ါ။

ကျွန်တော်တို့အားလုံး မျှော်မှန်းခဲ့ရသည့် အဘက်ဘက်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းရှိသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်စေဖို့ ကျွန်တော်တို့အားလုံးတွင် တာဝန်ရှိပါသည်။ ။

# မြင်ကွင်းများအတွင်းပစ်သွင်းခဲ့မိသည့် အတ္တမြားတစ်စင်း

## အန်ကယ်ပညာ

မြင်ရသည့် မြင်ကွင်းများကား များလှ၏။ ခဏတာအတွင်းမှာလည်း ရှိ၏၊ မနေ့တစ်နေ့ကလည်းရှိ၏။ ကာလကို ဘောင်ခတ်၍ပြောရလျှင် ယနေ့မှ နောက်ပြန်ရေတွက်သည့် တစ်လတာအတွင်းဆို လုံလောက်ပေပြီ။ ထို့အတူ မြင်ရသည့် နေရာများမှာလည်း မျက်စိအောက်တွင် ဖြစ်နေသည်လည်းရှိ၏၊ နီးသည့်နေရာ၊ ဝေးသည့်နေရာတို့တွင် မြင်ရသည်တို့လည်းရှိ၏။ မည်သည့်ပုံနှင့်မြင်နိုင်သနည်းဟုဆိုလျှင် လျှောင်း၊ ထိုင်၊ ရပ်၊ လျှောက်ဆိုသည့် ဣရိယာပုတ် လေးပါးစလုံးနှင့် မြင်နိုင်လေ၏။ ထိုမြင်ကွင်းတို့ကား အဆန်း မဟုတ်။ စကျွအာရုံကောင်းသူတိုင်း မြင်တွေ့နေကျများသာ ဖြစ်ပေတော့၏။

ထိုမြင်ကွင်းများကို မြင်ရချိန်များတွင် ဇာတ်တော်ကြီးဆယ်ဘွဲ့ထဲမှ မဟာဇနက္ကဇာတ်တော်ကို သတိရမိ၏။ ထိုဇာတ်တော်တွင်ပါရှိသည့် အပြောကျယ်လွန်းသည်ဆိုသော မဟာသမုဒ္ဒရာကြီး၊ ထိုသမုဒ္ဒရာရေပြင်ထက်တွင် ခုနစ်ရက်တိုင်တိုင် မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကူးခပ်နေခဲ့သည့် မဟာဇနက္ကမင်းသား၊ နတ်တို့ဘုံဗိမ္မာန်တွင် နတ်စည်းစိမ်ကို ခံစားရင်း ခုနစ်ရက်တိုင်တိုင် မိမိအလုပ်တာဝန်ကို မေ့လျော့နေခဲ့လေသော မဏိမေခလာနတ်သမီး၊ သတိရချိန်မှ မေးခန်းဖြေခန်းတို့ဖြင့် နတ်သမီးက မင်းသားကိုကယ်တင်ခန်းတို့နှင့် ယှဉ်ကြည့်လျှင် မြင်မိသည့်မြင်ကွင်းများသည် ကယ်တင်ခန်းမှလွဲ၍ ဇာတ်တော်နှင့် ခပ်ဆင်ဆင်တူနေသယောင် ရှိလေ၏။

ထို့အပြင် တူသယောင်နှင့်ကွဲသည့် အချက်များလည်းရှိနေ၏။ အပြောကျယ်လွန်းသည်မှာတူ၏၊ ရေပြင်နှင့်လေလိုင်းဟူ၍ ကွဲနေ၏။ ကူးခပ်သည်မှာတူ၏။ ခြေ၊ လက်တို့အစား လက်ဖျား၊ မျက်စိများနှင့်ဖြစ်၏။ အသက်ရှင်သန်ရေး အတွက် ခုနစ်ရက်လုံးလုံး မနားမနေ ဝီရိယထား၍ ခွန်အားကိုစိုက်ထုတ်ခဲ့သည်နှင့်၊ သိလိုမှုအတွက် ကန့်သက်ချက်မဲ့ အချိန်နှင့်ငွေတို့ကိုသုံး၍ ခွန်အားကို ဖြုန်းနေကြသည်ဟူ၍ ကွဲပြားနေ၏။ လုံးဝဥသုံကွဲပြားသည်မှာ ဇာတ်တော်တွင် ကယ်တင်ခန်းပါ၏။ မြင်ကွင်းများအကြားတွင် ကယ်တင်မည့်သူကိုရှာမရ၊ မဏိမေခလာနတ်သမီးသည်ပင် ကယ်ချင်သည်ထားဦး သူ၏ ပိုင်နက်မဟုတ်လေ၍ လက်မှိုင်ချနေရမည့်ကိန်း ဆိုက်နေပေလိမ့်မည်။

ဤမျှဆိုလျှင် ဆိုလိုသည့်မြင်ကွင်းမှာ ဘာဖြစ်သနည်းဆိုသည်ကို သိနိုင်လောက်ပေပြီ။ ဤသို့သိသည်နှင့်အညီ ဤစာကိုဖတ်ရင်း ခေတ်နှင့်ကင်းကွာနေသူဟု ဝေဖန်နိုင်၏၊ အဆန်းမဟုတ်သည်ကို အရေးလုပ်၍ ပြောနေရန်ကောဟု ရှုတ်ချနိုင်၏။ သို့ရာတွင် မည်သူမျှခေတ်ကာလနှင့် ကင်းကွာ၍မရ၊ ခေတ်နောက်ကျသည်ဟူသည့် စကားကိုလည်း နားလည်ထားသူဖြစ်၏။ အဆန်းမဟုတ်သော်လည် အရေးပါသည့်နေရာများတွင် မြင်တွေ့နေရသည်များရှိနေ၍ အတ္တနှင့်ယှဉ်၍ ပြောရပေဦးတော့မည်။

**လုံခြုံရေးဆိုင်ရာ မြင်ကွင်းအချို့**

လုံခြုံရေးအရ တားဆီးစစ်ဆေးကြရသည့် နေရာများတွင် တာဝန်ကျ လုံခြုံရေးအချို့ ခေါင်းငုံ့အာရုံစိုက်၍ ကိုယ်စီဖုန်းပွတ်နေကြ၏။ မလွှဲသာ၍ ဂိတ်တံခါးနှင့် ယာဉ်တားမောင်းလက်တို့ကို ဖွင့်ပေးရသည့်အခါများတွင်လည်း ဖုန်းတစ်ဖက်၊ တံခါးတစ်ဖက်ပုံစံမျိုးဖြင့် ဖွင့်ပေးကြ၏။ ကြာလာလျှင် ဤသို့ဖွင့်၊ ပိတ်ရသည်ကိုပင် အာရုံနောက်လာသည်ထင့်၊ လုံခြုံရေးတံခါးနှင့် မောင်းလက်တို့ကို ဖွင့်လျက်သား ထားလိုက်ကြလေ၏။ ဤသို့နည်းဖြင့် ဖုန်းကိုအပြိုင်ပွတ်ရင်း တာဝန်ချိန်ကို ဈာန်ဝင်စားလေတော့သတည်း။ ထိုအချိန်မျိုးတွင် မစုံစမ်းဘဲ မှင်သေသေဖြင့်ဖြတ်သွားလျှင် အတားအဆီးမရှိ အဆင်ပြေသည်ကိုတွေ့ရ၏။

ယာဉ်ပေါ်လိုက် အနီးကပ်လုံခြုံရေးသမားတို့သည်လည်း တာဝန်ချိန်အတွင်း လမ်းပေါ်တွင်ယာဉ်ရပ်လျက် ယာဉ်ပေါ်တွင်တစ်မျိုး၊ လမ်းဘေးရှိ အရိပ်အာဝါသအောက်တွင်တစ်ဖုံ လက်ဖျားတို့ဖြင့်တို့ထိလျက် လေလှိုင်းကြားတွင် အပြိုင်ကူးခပ်နေကြပြန်၏။ လုံခြုံရေးအသိ၊ လုံခြုံရေးသတိကင်းမဲ့ကြပေ၏။ အရာရာတွင် လုံခြုံရေးသည်အဓိကဆိုသည်ကို သိရှိနားလည်ထားသော်လည်း ဤမြင်ကွင်းမျိုးအတွက် ထွေထူးသည့်မှတ်ချက်မပေးလိုပါ။ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု သဘောတရားတို့အရ တာဝန်ရှိသူများက ကြပ်မတ်ကြလိမ့်မည်။ တာဝန်သိသူများက ထောက်ပြကြလိမ့်မည်။ တာဝန်ကျသူများက ဆင်ခြင်သွားကြလိမ့်မည်ဟူ၍သာ ဘုရားဟောမဟုတ်သည့် ဥပေက္ခာတရားဖြင့် သဘောပိုက်ထားလိုက်တော့၏။

**အရေးပေါ်ဆိုင်ရာ မြင်ကွင်းအချို့**

မီးဆိုသည့်အရာသည် ရန်သူအဖြစ်ပြောင်းလဲသွားပြီဆိုလျှင် အများနှင့်သက်ဆိုင်သည့် ဘုံရန်သူဖြစ်လေ၏။ ထိုအချိန်မျိုးတွင် လောင်နေသည့်မီးကို တတ်နိုင်သည့်နည်းဖြင့် ပါဝင်ငြိမ်းသတ်ရေးထက် သတင်းဦး၊ သတင်းထူးတင်ပြနိုင်ရေးဦးစားပေး၍ ဖုန်းတစ်လုံးစီနှင့် ဓာတ်ပုံရိုက်ရင်း အလုပ်ရှုပ်နေကြသည်ကိုသာ တွေ့ရသည်များ၏။

ယာဉ်မတော်တဆမှုကဲ့သို့သော ဖြစ်စဉ်မျိုးများတွင်လည်း အရေးပေါ်ကူညီကယ်ဆယ်ရေးထက် ဖုန်းကင်မရာများဖြင့်သာ ဝိုင်းအုံကြည့်ရှုအားပေးသွားကြလေ၏။ ဤမြင်ကွင်းမျိုးအတွက်လည်း အထွေအထူးမပြောလိုသေးပေ။ သဗ္ဗေသတ္တာကမ္မသကာဟူ၍သာ သဘောထားလိုက်ပါ၏။

**အရောင်းအဝယ်ဆိုင်ရာ မြင်ကွင်းအချို့**

ရောင်းခြင်း၊ ဝယ်ခြင်းကိစ္စတို့တွင် customers first ဟူ၍ ဝယ်သူကို ဦးစားပေးရမည်ဆို၏။ ရောင်းသူက ဝယ်သူကို ကြိုဆိုကြ၏။ အလိုရှိသည်ကို မေးမြန်းရင်း နှုတ်ခွန်းဆက်ကြ၏။ သို့ရာတွင် အရောင်းဆိုင်အချို့၌ ဝယ်သူက ဖုန်းပွတ်နေသည့် အရောင်းစာရေးမကို ပစ္စည်းနှင့်ဈေးနှုန်းမေးမြန်းရန် မျက်နှာချိုသွေးရ၏။ ဖုန်းကိုရုပ်၍ဖြေကြားပေးပြန်သော်လည်း အရောင်းအဝယ်ကိစ္စထက် အမျှင်တန်းလန်းဖြစ်နေသည့် ဖုန်းထဲကကိစ္စတွင်သာ စိတ်ကျန်ခဲ့ကြောင်း မျက်ဝန်းများက သက်သေခံနေကြ၏။ တစ်ခါတစ်ရံတွင် စိတ်ပေါက်၍ မေးမြန်းခြင်းမပြုဘဲ ဆိုင်အတွင်းလှည့်ပတ်ကြည့်မိရာ ရောင်းသူအားလုံး ကိုယ်စီဖုန်းများနှင့် မျက်နှာချင်းဆိုင်လျက်သားချည်း ဖြစ်နေကြ၏။ ဆိုင်ထဲတွင် customers first အစား line connection first လုပ်နေကြသည်လားမသိ။ ဤမြင်ကွင်းအတွက်လည်း အထူးတလည်မပြောလိုသေးပါ။ ဆိုင်မန်နေဂျာနှင့် အရောင်းစာရေးများသည် တစ်မိုးအောက်တွင် တစ်စိတ်တစ်ဝမ်းတည်း ရှိနေကြပေသည်ဟူ၍သာ မုဒိတာပွား၍ နေလိုက်မိပါ၏။

**ရုံးတွင်းဆိုင်ရာ မြင်ကွင်းအချို့**

ရုံးဆိုသောနေရာသို့ မလွှဲမရှောင်သာကိစ္စရှိနေမှသာ သွားကြသည်များ၏။ ရုံးတို့တွင် အလုပ်များသောရုံး၊ အလုပ်ပါးသောရုံး၊ အလုပ်ရှုပ်သောရုံးဟူ၍ အလုပ်တို့အပေါ်မူတည်၍ ကွဲပြားမှုလည်းရှိနိုင်၏။ ထိုရုံးတို့တွင် ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းတို့ရှိရာ ရုံးမျိုးလည်းပါ၏။ သွားရဖန်များ၍ မျက်မှန်းတန်းမိသူများရှိသည့် ရုံးလည်း ရှိ၏။ တစ်ကြိမ်မျှမရောက်ဖူးသည့်ရုံးလည်း ရှိလေ၏။ မည်သို့သောရုံးဖြစ်စေ ဖုန်းပွတ်သည့်ယဉ်ကျေးမှုတွင်ကား ကွဲပြားသည်ကိုမတွေ့ရ။ ရင်းနှီးသည့် မိတ်ဆွေများအား ထိုမြင်ကွင်းကိုအကြောင်းပြု၍ အလွန်အေးချမ်းသည့်ဌာနဖြစ်ကြောင်း စနောက်မိသည်ကိုပင် ဒါတောင်တို့အန်ကယ်၊ တို့ဆရာရုံးမှာရှိနေသေး၍အလုပ်ရှုပ်နေခြင်းဖြစ်ကြောင်း အတည်ကြီးနှင့်ပြန်ပြောကြလေ၏။ ထိုမြင်ကွင်းကိုလည်း တိုင်းရေးပြည်ရေး အေးချမ်းနေသည့် အတိတ်ကောင်း နိမိတ်ကောင်းဖြစ်ပေသည်ဟု ဝမ်းမြောက်စွာ နှလုံးသွင်းမိပါ၏။

**လမ်းမများပေါ်က မြင်ကွင်းအချို့**

ကားမှတ်တိုင်များတွင် ကားစောင့်ရင်းပွတ်ကြ၏။ ပလက်ဖောင်းပေါ်တွင် လမ်းလျှောက်ရင်းပွတ်ကြ၏။ လမ်းဖြတ်ကူးရင်း၊ ကားမောင်းရင်းပင် ပွတ်ကြ၏။ ယာဉ်တိုက်မှုဖြစ်မည်ကိုမကြောက်၊ ယာဉ်တိုက်ခံရမည်ကို မကြောက်၊ မြောင်းပေါက်၊ ကျင်းပေါက်ထဲ ပြုတ်ကျမည်ကိုမကြောက်၊ ခါးပိုက်နှိုက်ခံရမည်၊ လုယက်ခံရမည်ကိုမကြောက်၊ ထိုမြင်ကွင်းမျိုးအတွက်လည်း နိုင်ငံကြီးသားချင်း ဝေဖန်ခြင်း မပြုလိုသေးပါ။ အသက်ကိုပဓာနမထား အာဂသတ္တိခဲတို့နေထိုင်ကြရာ တိုင်းပြည်တွင် လူဖြစ်လာရပေသည်ဟု များစွာဂုဏ်မောက်မိနေပြန်သေး၏။

**ကိုယ်ပိုင်စာမျက်နှာထဲက မြင်ကွင်းအချို့**

မင်းသမီးရုပ်ရည်မရှိသော်လည်း မင်းသမီးလုပ်ခွင့်ရှိသည်ကို တွေ့ရ၏။ မင်းသမီး ရုပ်ရည်ရှိလျက် မင်းသမီးမလုပ်ခဲ့ရသူများလည်း ကျီးပေါင်းတက်ဇက်ခိုင်သည်အထိ မင်းသမီးလုပ်နိုင်ကြသည်လည်းရှိ၏။ မြိုင်မြိုင်ဆိုင်ဆိုင် စားသောက်နိုင်ကြသည်ကို အကြော်တစ်ပွဲ၊ လက်ဖက်တစ်ပွဲစားရင်းနှင့်လည်း ဂုဏ်ပြိုင်နိုင်၏။ မကျေနပ်ချက်တို့ကို ပေါက်ကွဲနိုင်၏။ ခံစားချက်တို့ကို လှစ်ဟနိုင်၏။ စိတ်ပါသည့် နေရာများကို သွားနိုင်၏။ စိတ်ဝင်စားသည့်နေရာတွင် နားနိုင်၏။ ကြော်ငြာနိုင်၏။ လှုံ့ဆော်နိုင်၏။ မဟာဇနက္ကမင်းသား ကူးခပ်ခဲ့သည့် မဟာသမုဒ္ဒရာသည်ပင် ကမ်းအနားသတ်ရှိနေသေး၏။ ဤစာမျက်နှာများကား အနားသတ်မရှိ ကယ်ဆယ်မည့် မဏိမေခလာလည်းမရှိ။ သမုဒ္ဒရာကဲ့သို့ပင် အန္တရာယ်လည်းထူပြောနေ၏။ သို့ရာတွင် အားလပ်ချိန်များတွင် ကိုယ်တိုင်ဝင်ရောက်ကူးခပ်ကြည့်လေ၏။

ပျော်ရွှင်ကြည်နူးစရာ၊ အတုယူမှတ်သားစရာ၊ ဗဟုသုတဖြစ်စရာ အကြောင်းအရာ ဖော်ပြချက်မျိုးစုံကိုမြင်တွေ့ရ၏။ သို့ရာတွင် စကားတစ်ခွန်း၊ ဖြစ်စဉ်တစ်ခု၊ လုပ်ဆောင်ချက်တစ်ခုအပေါ် လွတ်လပ်စွာသဘောထားကွဲလွဲနိုင်သည်ဆိုသည်ကို ဖယ်ထား၍ လွန်ကျူးစွာဆဲရေးတိုင်းထွာကြသည်ကို တွေ့ရ၏။ အာရုံကောင်းသူတို့အဖို့ အနံ့အသက်များပါ ပါလာသည်ဟု ဆိုရလောက်အောင် အစွမ်းပြနေကြသည်ကို တွေ့ရ၏။ ထိုမြင်ကွင်းများအတွက်လည်း မိကျောင်းမင်းရေခင်းပြလုပ်မနေလိုပါ။

မြန်မာတို့၏ ထုံးစံအတိုင်း ခုနစ်ရက်အတွင်း ငြိမ်းချမ်းသွားတတ်ကြသည်ကိုသာ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းနေမိပါ၏။

**အိမ်ထောင်စုတစ်ခုအတွင်းက မြင်ကွင်းတစ်ခု**

မကြာသေးမီက ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတစ်ဦး၏ နေအိမ်၌ ညအိပ်ဧည့်သည်လုပ်ဖြစ်ခဲ့၏။ မနက်မိုးလင်းသည်နှင့် သူငယ်ချင်း၏ သားတော်မောင်ဖြစ်သူ အထက်တန်းကျောင်းသား မောင်နှောင်းဆိုသူမှာ ဧည့်ခန်းရှိ ဆိုဖာဆက်တီပေါ်တွင် ဖုန်းတစ်လုံးကိုပွတ်ရင်း ငြိမ့်နေသည်ကိုတွေ့ရ၏။ ဤတစ်ကြိမ်မြင်ကွင်းမြင်ရချိန်တွင် ဆိုခဲ့ပြီးသောမြင်ကွင်းများကဲ့သို့ ဥပေက္ခာတရားတွေ၊ မုဒိတာစိတ်ထားတွေ၊ သဗ္ဗေသတ္တာကမ္မသကာတွေ၊ ယောနိသောမနသိကာရတွေ ဘယ်ရောက်ကုန်သည်မသိ။ ထိုအရာများအစား ဘယ်အချိန်က ဝင်ရောက်နေသည်မသိသော ဆရာဆိုသည့် မာန်၊ ငါတပည့်ဆိုသည့် အတ္တတို့က ကြီးစိုးနေသည်ကိုသတိပြုမိ၏။

မိဘနှစ်ပါးဖြစ်သည့် သူငယ်ချင်းလင်မယားကို ကျော်လွန်သလို ဖြစ်နေ၍လည်းကောင်း၊ လတ်တလော ဖုန်းတွင်စိတ်ဝင်စားနေသည့် မောင်နှောင်း၏ ရုတ်တရက် တုံ့ပြန်ချက်ကို ချိန်ဆ၍လည်းကောင်း လျှာယား ပါးစပ်ယားနေသည်ကို ထိန်းချုပ်လိုက်ရ၏။ မိဘစုံညီနှင့်အခွင့်သာချိန်မှ လိုရာကိုမှန်အောင် တည့်တည့်ပစ်ရလေတော့၏။

မောင်နှောင်းကား သူငယ်ချင်း၏ သားထွေးဖြစ်၏။ မိဘများအနေဖြင့် အချစ်ပို၍ ဖြစ်စေလိုကြ၏။ အထက်တန်းကျောင်းသားဖြစ်၍ ယခုလို စာမေးပွဲရာသီသည် လတ်တလောအရေးကြီးချိန်ဖြစ်သကဲ့သို့ လေ့လာသင်ယူရန်ခရီးများစွာကျန်သေးသဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာစုစည်းမှုအားများစွာ လိုအပ်နေချိန်ဖြစ်၏။ ထိုအားကို ဖုန်းထဲက အကြောင်းအရာများက ထွေပြားစေ၏။ လျော့ပါးစေ၏။

ထို့အပြင် ဖန်သားပြင်၏ အလင်းရောင်က ဘာသာရပ်ဆိုင်ရာပညာရပ်များကို ရေရှည်လေ့လာရဦးမည့် မျက်စိအမြင်အာရုံကို ဆိုးရွားစွာပျက်စီးစေနိုင်၏။

ယခုအချိန်လို အရေးကြီးသည့်အချိန်မျိုးတွင် စိတ်ကိုဖမ်းစားတတ်သည့် ဖုန်းနှင့် ကင်းကင်းနေရမည်ဖြစ်၏။ နောင်တစ်ချိန်တွင် မဖြစ်မနေကိုင်ရမည်ဖြစ်သည့် အနီးဖုန်းကို ယခုအချိန်တွင် မိဘများကသိမ်း၊ သားကထိန်းဟူ၍ မိဘနှင့်သားသမီးချင်း ကိုယ်ချင်းစာစိတ်ဖြင့် တည့်တိုးကြီးပစ်ခဲ့မိလေ၏။ သူငယ်ချင်းနှင့် မောင်နှောင်းတို့ကလည်း စိတ်ရင်းကိုနားလည်ပေးကြသည့်အတွက် အမှန်ပင်ဝမ်းမြောက်မိနေ၏။

အချုပ်အားဖြင့်ဆိုရလျှင် စမတ်ဖုန်းတစ်လုံးသည် လူသားတစ်ဦးအတွက် အလွန်အသုံးဝင်၊ အသုံးတည့်သည့် မီဒီယာပစ္စည်းတစ်ခုဖြစ်ပါ၏။ ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်နေရန်လည်း မိမိလက်ကိုင်မီဒီယာမှတစ်ဆင့် ကွန်ရက်ထဲသို့ ဝင်ရောက်ကူးခပ်ကြည့်နေရမည်လည်းမှန်၏။ သို့ရာတွင် အခြေအနေ၊ အချိန်အခါနှင့် နေရာဒေသတို့နှင့်ချိန်ဆ၍ အကျိုးမယုတ်သည့် ကူးခတ်မှုမျိုးဖြစ်ရန်လိုသည်ဟုလည်း ယူဆမိနေ၏။ ။

> **စမတ်ဖုန်းတစ်လုံးသည် လူသားတစ်ဦးအတွက် အလွန်အသုံးဝင်၊ အသုံးတည့်သည့် မီဒီယာပစ္စည်းတစ်ခုဖြစ်ပါ၏။ ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်နေရန်လည်း မိမိလက်ကိုင် မီဒီယာမှတစ်ဆင့် ကွန်ရက်ထဲသို့ ဝင်ရောက်ကူးခပ်ကြည့်နေရမည်လည်း မှန်၏။ သို့ရာတွင် အခြေအနေ၊ အချိန်အခါနှင့် နေရာဒေသတို့နှင့်ချိန်ဆ၍ အကျိုးမယုတ်သည့်ကူးခပ်မှုမျိုး ဖြစ်ရန်လိုသည်ဟုလည်း ယူဆမိနေ၏။**

---

## Digital Map မြေပုံရေးဆွဲခြင်းသင်တန်းဖွင့်ပွဲကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၇**

Satellite Image မှ Digital Map မြေပုံရေးဆွဲခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၄) ရပ်ကွက် ကုန်သည်လမ်းရှိ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံး ဦးစီးမှူးဦးတင်အောင်က Satellite Image ကောင်းကင်ဓာတ်ပုံအဆင့်မှ Digital Map မြေပုံရေးဆွဲခြင်းကို ပုံမှန်ဆောင်ရွက်နေသည့် စာရင်းမြေပုံစံနစ်မှ တိကျမှန်ကန်သည့် ဒစ်ဂျစ်တယ်မြေပုံများရေးဆွဲခြင်းကို ဝန်ထမ်းများကျွမ်းကျင်စွာ တတ်မြောက်နိုင်ရန်ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းပြခဲ့ပြီး တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချစ်ကိုကိုက သင်တန်းသားတို့အနေဖြင့် ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြု၍ မြေပုံရေးဆွဲရန်လိုအပ်ကြောင်း၊ မြေပြင်အခြေအနေနှင့် မိမိတို့ရေးဆွဲထားသော မြေပုံတို့ ကိုက်ညီမှုရှိစေရန် အထူးဂရုပြုရန်လိုအပ်ကြောင်း ရှင်းပြခဲ့သည်။

အဆိုပါသင်တန်းကို ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင်တို့မှ သင်တန်းသား ၅၅ ဦး တက်ရောက်ပြီး ဖေဖော်ဝါရီ ၂ ရက်မှ ၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ငါးရက်ကြာသင်ကြားပို့ချခဲ့ကြောင်းနှင့် နေပြည်တော် (ရုံးချုပ်) မြေတိုင်းနှင့်ပုံထုတ်ဌာနခွဲမှ လက်ထောက်ဦးစီးမှူး ဦးမျိုးမင်းစိုး၊ ဒုတိယဦးစီးမှူး ဦးခင်မောင်ဦးနှင့်တာဝန်ရှိသူများက သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက်)**

### ချင်းပြည်နယ်မှ

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပြီး နှစ်ထပ်ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်တိုက်ချွန်းခန်းမ၌ ဟားခါးမြို့နယ်လူထုနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံရာ ဒေသခံများက ဟားခါးမြို့ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ပေးရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးမည့် လုပ်ငန်းများနှင့် ဆွေးနွေးညှိနှိုင်းတင်ပြပေးမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက ဟားခါးမြို့နယ် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အသုံးပြုရန် နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူက ထင်းတစ်ချောင်းထိုးမီးဖိုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးက စောင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးက သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်မှုများ ပြန်လည်ထူထောင်ရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ငွေကျပ်သိန်း ၅၀၀ကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ထို့နောက် ထန်တလန်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ လူနာဆောင်နှင့် ဆေးစတိုခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူနေသော လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ထန်တလန်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြကာ ကျောင်းသား ကျောင်းသူများ၏ သင်ယူမှု၊ တတ်မြောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ဆရာကြီးအား ကျောင်းသားဦးရေ၊ အောင်ချက်ရာခိုင်နှုန်း၊ သင်ကြားမှုအခြေအနေနှင့် ကျောင်းအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ထန်တလန်မြို့နယ်လူထုနှင့်မြို့နယ်ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံရာ ဒေသခံများက လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်ကျန်းမာရေးကိစ္စရပ်များကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက တာဝန်ရှိသူများထံ ထန်တလန်မြို့နယ် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် အသုံးပြုရန် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့သည့် ငွေကျပ်သိန်း ၁၀၀၊ စောင်၊ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်ခဲ့သည်။


ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အကြီးအကဲများနှင့် နိုင်ငံသူ နိုင်ငံသားများအတွက် ထန်တလန်မြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံအဖွဲ့က ကောင်းချီးမင်္ဂလာတောင်းခံပေးသည့် အထူးဆုတောင်းပွဲသို့ တက်ရောက်ကြပြီး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥက္ကဋ္ဌထံ အလှူငွေများ လှူဒါန်းခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲများတွင် ဒုတိယသမ္မတက ယနေ့အချိန်သည် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်နေသည့် တည်ငြိမ်အေးချမ်းမှုနှင့် အမျိုးသားရင်ကြားစေ့ရေးကို ဖော်ဆောင်နိုင်ရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်ပြီး (၂၁)ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံကြီးအား ထပ်မံကျင်းပနိုင်ရေး ဆောင်ရွက်နေချိန်လည်းဖြစ်ပါကြောင်း၊

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျနေခဲ့သည့် ချင်းပြည်နယ်ကိုလည်း နိုင်ငံတော်အစိုးရက လျစ်လျူရှုမထားဘဲ အတတ်နိုင်ဆုံးဖြည့်ဆည်းကူညီပေးလျက်ရှိသည်ဖြစ်ရာ ပြည်သူလူထုအနေဖြင့် ချင်းပြည်နယ်ဖွံ့ဖြိုးမှု တည်ဆောက်ရေးလုပ်ငန်းများတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## နှုတ်မှုရေးရာ ရှင်းလင်းတင်ပြခြင်းဆိုသည်မှာ. . . နှင့် သိက္ခာအပြုံးစာအုပ်များ ထုတ်ဝေဖြန့်ချိ






စာရေးသူ ဝေလွင်မောင်၏ နှုတ်မှုရေးရာ ရှင်းလင်းတင်ပြခြင်းဆိုသည်မှာ-နှင့် သိက္ခာအပြုံး စာအုပ်များကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

နှုတ်မှုရေးရာ ရှင်းလင်းတင်ပြခြင်းဆိုသည်မှာ. . . စာအုပ်တွင် အခြေခံခိုင်မာအောင် တည်ဆောက်ပါ၊ ပရိသတ်များနှင့် ထိတွေ့မှု ရယူပါ၊ ရုပ်ရှင်ရုပ်မြင်ကားချပ်များကို အသုံးပြုပါ၊ စကားပြော အတတ်ပညာအသုံးပြုပြောဆိုပါ၊ အပြုသဘောဆောင်သော ဇာတ်လမ်းကောင်းတစ်ပုဒ် ဖြစ်ပါစေ၊ ပရိသတ်ကို ချစ်ခင်လေးစားပါနှင့် အမေးအဖြေကဏ္ဍသည် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်သည်ဟူ၍ အဆင့် (၇)ဆင့်ကို စိတ်ဝင်စားဖွယ် အသေးစိတ်ရှင်းလင်းတင်ပြထားသည်။

စာရေးသူက မိမိတို့၏ ဘဝတွင် ရှင်းလင်းတင်ပြခြင်းဘာသာရပ်အား ထက်သန်သော ဆန္ဒဖြင့် လက်တွေ့အသုံးချရန် တိုက်တွန်းပါကြောင်း၊ ကောင်းမွန်သော ရှင်းလင်းတင်ပြချက်သည် သင်၏ ဘဝ အောင်မြင်မှုရရှိရေးတိုက်ပွဲတွင် အကောင်းဆုံးသော တိုက်ပွဲဝင်လက်နက်အဖြစ် ရာခိုင်နှုန်းပြည့် အထောက်အကူရရှိအသုံးချနိုင်မည်ဖြစ်ပါကြောင်း ဖော်ပြထားသည်။

အလားတူ ဝေလွင်မောင်၏ သိက္ခာအပြုံး စာအုပ်တွင် အဆုံးနှင့်အစ၊ စီးချင်းထိုးမည့် မဟာဗျူဟာ၊ ကျေးရွာအရောက်ခရီးပေါက်၊ ကျွန်တော့်အစ်ကိုပေးတဲ့စာ၊ မွေးရပ်မြေသို့၊ အကြောင်းကြောင့် အကျိုးဖြစ်တာပါစသည်ဖြင့် အခန်း ၁၄ ခန်းပါရှိသည်။

စာအုပ်များကို မြဝတီစာပေတိုက်က ထုတ်ဝေဖြန့်ချိထားကြောင်း သိရှိရသည်။

**(ကြေးမုံ)**

### စာမျက်နှာ ၅ မှ

မြေစာရင်းမှန်ကန်ရေး လုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် ဒစ်ဂျစ်တယ်မြေပုံများ ရရှိနိုင်ရေး ဆောင်ရွက်နေပါကြောင်း၊ သစ်တောကြိုးဝိုင်းမြေနှင့် စားကျက်မြေများအပေါ် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော တောင်သူများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၇) ထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ သစ်တောကြိုးဝိုင်းမြေနှင့် စားကျက်မြေအဖြစ် ပယ်ဖျက်ပေးခြင်းများ ဆောင်ရွက်ပေးပါက ဥပဒေနှင့်အညီ မြေတိုင်းတာ၍ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ - ၇) ထုတ်ပေးနိုင်ရန် ဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

ထို့ပြင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသီဟ(ခ) မောင်တူးတို့၏ ချောင်းကော ပြန်လည်တူးဖော်ပေးရန်နှင့် မြေစာရင်း မှန်ကန်ရေးဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **၁၉၇၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်နှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးတို့က ဆွေးနွေးကြသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ အပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

### အာရှ ယူ-၂၃မှ

ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ၂၀၁၈ ပြိုင်ပွဲ နောက်ဆုံးအဆင့်ကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကျင်းပမည်ဖြစ်သည်။

ယခု ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းကို ဦးကြည်လွင်က ကိုင်တွယ်မည်ဖြစ်ပြီး မလေးရှားဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် ကစားသမားအများစုဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည်ယင်းပြိုင်ပွဲနှစ်ခုအတွက် ပြင်ဆင်သည့်အနေဖြင့် လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲကိုဇွန်လတွင် ကျင်းပမည်ဖြစ်သည်။**(ရှိုင်းထက်ဇော်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၉) တွင် ဖော်ပြထားသော တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ ကျောင်းသင်ခန်းစာတွင် ဆွေးနွေးပို့ချသူအမည်အား "ဒေါက်တာခင်ခင်ဝင်း၊ ပါမောက္ခ၊ ဌာနမှူး၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

# ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးကဏ္ဍ ဗဟိုအဆင့်ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးမှတစ်ဆင့် အထုံပါရမီ စွမ်းရည်နှင့် ရည်မှန်းချက်များအပေါ် မူတည်၍ အခြေခံပညာ၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ၊ အဆင့်မြင့်ပညာသင်ယူခွင့်ရရှိရေး၊ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေးနှင့် နေ့စဉ်လက်တွေ့ဘဝအသုံးချနိုင်ရေး အထိ လမ်းကြောင်းဖော်ဆောင်ပေးရန် လိုအပ်ကြောင်း ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့ နံနက် ၉နာရီတွင် နေပြည်တော် ရှိမင်္ဂလာ သီရိဟိုတယ်၌ ကျင်းပသော ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကဏ္ဍ ဗဟိုအဆင့်ညှိနှိုင်းဆွေးနွေးပွဲတွင် အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေအရ အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ ကျောင်းထွက်နှုန်းက များနေပြီး အသားတင်ကျောင်းနေနှုန်းက နည်းပါးလျက်ရှိကြောင်း၊ ကျောင်းပညာရေးသာမက ကျောင်းပြင်ပရောက် ကလေးများနှင့် စာမတတ်သူများ၏ ပညာရေးကို အထူးအလေးထား ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ကျောင်းပြင်ပရောက် ကလေးများ၊ ကျောင်းမှစောထွက်သွားသူများ၊ စာမတတ်သူများအတွက် ပိုမိုကောင်းမွန်သောအနာဂတ်များ ဖြစ်ပေါ်လာအောင် စာတတ်မြောက်မှု ပညာရေးနှင့် အသိပညာကျွမ်းကျင်မှုများကို ကူညီဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းတက်ရောက်နိုင်ခြင်း မရှိသူများ၊ ပညာမပြီးဆုံးမီကျောင်းထွက်သွားရသူများအားလုံးအတွက် ပညာသင်ကြားနိုင်ခွင့်ဖန်တီးပေးမည့် ပညာရေးအစီအစဉ်တစ်ခုကို လိုအပ်ပါကြောင်း၊ ယခုအစိုးရလက်ထက်၌ ကျောင်းပြင်ပပညာရေး လုပ်ငန်းများ၊ တစ်သက်တာ သင်ယူမှုလုပ်ငန်းများတွင် အလေးပေးဆောင်ရွက်နိုင်ရန်အတွက် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာနကို ဖွဲ့စည်းခဲ့ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲတွင် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြက ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးကဏ္ဍလုပ်ငန်းအညွှန်းဘောင်ပြုစုခြင်း လုပ်ငန်းစဉ်အဆင့် (၁)နှင့်(၂)တို့ကို လည်းကောင်း၊ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမဲအောင်က ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးအဓိပ္ပာယ်ဖွင့်ဆိုချက်၊ မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ အခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များကို လည်းကောင်း၊ UNICEF Myanmar မှ ပညာရေးကျွမ်းကျင်အရာရှိ Ms. Jane Davies က ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးကဏ္ဍ နိုင်ငံတကာ စံနှုန်းများ၏ အခြေခံမူများအကြောင်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးကဏ္ဍ ဗဟိုအဆင့်ညှိနှိုင်းဆွေးနွေးပွဲကို နှစ်ရက်တာ ကျင်းပမည်ဖြစ်ပြီး တက်ရောက်လာသော ပညာရှင်များနှင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ရွှေ့ပြောင်းကလေးများအတွက် ပညာရေး၊ လုပ်ငန်းခွင်ဝင်ကလေးများအတွက် ပညာရေး၊ လူငယ်များအတွက် ဘဝတစ်သက်တာပညာရေး၊ သက်ကြီးစာတတ်မြောက်ရေး၊ လမ်းပေါ်ရောက်ကလေးများ အပါအဝင် ကူညီဖြည့်ဆည်းပေးရန်လိုအပ်သော ကလေးများအတွက် ပညာရေး၊ အရေးပေါ်နှင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသော ဒေသများမှ ကလေးများအတွက် ပညာရေးကဏ္ဍ (၆)ရပ် အတွက် ပညာရေးမူဝါဒနှင့် မဟာဗျူဟာများကို ညှိနှိုင်းဆွေးနွေးရေးဆွဲကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆဋ္ဌမအကြိမ်မြောက် မြန်မာ-လာအို ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဆဋ္ဌမအကြိမ် မြန်မာ-လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော်ရေးဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာနဝန်ကြီး Pol. Maj. Gen Somkeo SYLAVONG နှင့် အမြဲတမ်းအတွင်းဝန်၊ လာအိုနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာ-လာအို နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများ၊ သတင်းအချက်အလက်များဖလှယ်ရေး၊ နှစ်နိုင်ငံ၏ နယ်စပ်ဆက်ဆံရေးရုံး ယန္တရားတိုးမြှင့်ဖော်ဆောင်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ မြန်မာ-လာအို ဘာသာစကား အပြန်အလှန်သင်ကြားရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ တိုးမြှင့်ဖော်ဆောင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ မြန်မာ-လာအို နှစ်နိုင်ငံဝန်ကြီးအဆင့် အစည်းအဝေးနှင့် ပတ်သက်သည့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**(သတင်းစဉ်)**




# ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ညှိတွေ့

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးမှ Deputy Chief of Mission & Counsellor, Mr. Koh Chee Chain အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-3) ညှိခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုကိစ္စရပ်များ၊ မြန်မာ-စင်ကာပူ လွှတ်တော်များ၏ လုပ်ငန်းဆောင်တာများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# အမျိုးသမီးအဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကြီးမှူးကျင်းပသည့် အမျိုးသမီးအဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။




ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးအသိပညာပြန့်ပွားရေး ဆောင်ရွက်ရာတွင် အဓိကအုပ်စုများ သတ်မှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီး အုပ်စုသည်လည်း တစ်ခုအပါ အဝင်ဖြစ်ပါကြောင်း၊ နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော် ၅၁ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိသည့် အမျိုးသမီးထုကြီး၏ ခွဲခြားမှုမှန်သမျှ ပပျောက်ရေးကြိုးပမ်းမှုတွင် လူ့အခွင့်အရေးအသိပညာ မှန်ကန်စွာ သိရခြင်းအားဖြင့် ပိုမိုထိရောက်မည်ဟု ယူဆပါကြောင်း၊ ယနေ့ တက်ရောက်လာကြသည့် အမျိုးသမီးများကလည်း ၂၆ သန်းကျော်သော အမျိုးသမီးထုကြီးကို ကိုယ်စားပြုနေကြသူများဖြစ်ပါကြောင်း အမျိုးသမီးအုပ်စုကို လူ့အခွင့်အရေး အသိပညာဖြန့်ဝေပေးရခြင်းသည် လွန်စွာအကျိုးရှိမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က လူ့အခွင့်အရေးဆိုသည်မှာ လူတိုင်းနှင့် သက်ဆိုင်ပြီး မသိမဖြစ် နားလည်ထားရမည့် ဘာသာရပ်ဖြစ်သလို ပြည်သူများအတွင်း လူ့အခွင့်အရေးအသိပညာ ပြန့်ပွားပြီး လေးစားလိုက်နာကြဖို့ အလွန်အရေးကြီးပါကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေသည့် အစိုးရမဟုတ်တဲ့ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းကြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသမီးထုကြီးတစ်ရပ်လုံးအတွက် ရပ်တည်နေသည့် အဖွဲ့ဖြစ်သည်နှင့်အညီ အမျိုးသမီးများ၏ အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရေး၊ အခွင့်အရေးများ ချိုးဖောက်မှုမခံရရေး၊ အမျိုးသမီးများဘဝ လုံခြုံမှုရရှိစေရေး၊ အမျိုးသမီးများ လူမှုစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းကြီးလည်း ဖြစ်ပါကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# (၂၃)ကြိမ်မြောက် ရန်ကုန်ရှေ့နေအသင်း သက်ကြီးပူဇော်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

(၂၃) ကြိမ်မြောက် ရန်ကုန်ရှေ့နေအသင်း သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဗားကရာလမ်းရှိ နေနတ်သားစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်ရှေ့နေအသင်းဥက္ကဋ္ဌ ဦးချစ်ကိုကိုက အမှာစကားပြောကြားပြီး ကန်တော့ခံရှေ့နေသက်ကြီးဝါကြီးတို့၏ အတ္ထုပ္ပတ္တိကို တာဝန်ရှိသူများက ကြေညာမိတ်ဆက်ပေးသည်။



ထို့နောက် ဒုဂုန်ဦးလှမြင့်က ကန်တော့ချိုးကိုလည်းကောင်း၊ မြင်းခြံဦးစိန်ဝင်းက ရှေ့နေများ အန္တရာယ်ကင်းစေရန် ခင်ပွန်းကြီး (၁၀)ပါးကို ရွတ်ဖတ်ပူဇော်၍ လည်းကောင်း ကန်တော့ခံရှေ့နေ ဆရာကြီး ဆရာမကြီးများအား ကန်တော့ကြသည်။

ယင်းနောက် ရန်ကုန်ရှေ့နေအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကန်တော့ခံရှေ့နေ ဆရာကြီး ဆရာမကြီးများအား ကန်တော့ခံပစ္စည်းများ ပေးအပ်လှူဒါန်း၍ ကန်တော့ခံရှေ့နေဆရာကြီးများဖြစ်ကြသည့် ဦးစိန်လှနှင့် ဦးမြတ်လှဦးတို့က ဆုံးမဩဝါဒစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်လွင်မာဦးက ကျေးဇူးတင်စကားပြောကြားသည်။ **ကိုလတ်(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန ဝန်ကြီး Pol. Maj. Gen. Somkeo SYLAVONG အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များ၊ တရားဝင်အလုပ်သမားများ စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ပြည်ဝင်ခွင့်ဆိုင်ရာကိစ္စရပ်များကို အဆင့်တိုးမြှင့်ဆောက်ရွက်သွားနိုင်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများမှ သင်ကြားရေးဆရာများအတွက် သုတေသနလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများမှ သင်ကြားရေးဆရာများအတွက် သုတေသနလုပ်ငန်းဆိုင်ရာသင်တန်း (Training Workshop on Strengthening the Research Culture for Faculty Members in Nursing & Midwifery Training Schools) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ သူနာပြုသင်တန်းကျောင်း(နေပြည်တော်)၌ ကျင်းပသည်။

သုတေသနလုပ်ငန်းများသည် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာများအတွက် အရေးပါသည့်ကဏ္ဍအနေဖြင့် ပါဝင်လျက်ရှိရာ ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် သူနာပြု/သားဖွားသင်ကြားရေး ဆရာများအတွက် မိမိတို့၏ အသက်မွေးဝမ်းကျောင်းပညာရပ်များကို ခေတ်နှင့်အညီ တိုးတက်နေသော၊ အသစ်အသစ်သော နည်းပညာများကို မွမ်းမံ၊ ဖြည့်ဆည်းပေးရမည်ဖြစ်သည့်အတွက် ထပ်လောင်းအားဖြည့်ပေးသည့်အနေဖြင့် ယခုကဲ့သို့ သင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ သုတေသနရလဒ်များကို မိမိတို့ အသက်မွေးဝမ်းကျောင်းပညာရပ်နယ်ပယ်တွင် ပြန်လည်အသုံးချနိုင်ပါက မိမိတို့၏ သူနာပြုအတတ်ပညာလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ပါကြောင်းဖြင့် ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်တင်လေးက ပြောကြားသည်။

အဆိုပါသင်တန်းသို့ သုတေသနပညာရှင်များ၊ သူနာပြုတက္ကသိုလ်-ရန်ကုန်၊ သူနာပြုတက္ကသိုလ်-မန္တလေးတို့မှ ပါမောက္ခ/ဌာနမှူးများက သင်ကြားပို့ချပေးမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများမှ သင်ကြားရေးဆိုင်ရာဆရာများ တက်ရောက်ကြမည်ဖြစ်ကာ သင်တန်းကို ဖေဖော်ဝါရီ ၆ ရက်မှ ၇ ရက်အထိ နှစ်ရက်တာ သင်ကြားပို့ချခြင်းဖြစ်သည်။

ယခုဖွင့်လှစ်သည့် သင်တန်းသည် သူနာပြု/သားဖွားသင်ကြားရေးဆရာများ၏ ပညာရေးဆိုင်ရာရည်မှန်းချက်ဖြစ်သော သူနာပြုနှင့် သားဖွားပညာရေးအရည်အသွေးမြင့်မားလာစေရန် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ပြီး သူနာပြု သင်တန်းသား၊ သင်တန်းသူများအား ထိရောက်စွာ ပြန်လည်လေ့ကျင့်သင်ကြားပေးနိုင်ရန်၊ ပြည်သူလူထုအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊ နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အရည်အသွေးပြည့်ဝသော သူနာပြုနှင့် သားဖွားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်၊ သူနာပြုနှင့် သားဖွားအတတ်ပညာသင်ကြားရေး တိုးတက်မှုရှိစေရန်ရည်ရွယ်ကာ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **(နိုင်လင်းကြည်)**

# နေ့စဉ်ပျမ်းမျှခရီးသည် ရှစ်သောင်းခန့်မှ ငါးနှစ်အတွင်း သုံးဆကျော်မြင့်တက်လာရန် ရည်မှန်းကာ ရန်ကုန်မြို့ပတ်ရထားပြေးဆွဲမှု အဆင့်မြှင့်တင်ဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်မြို့ ရထားပို့ဆောင်ရေးကဏ္ဍတွင် နေ့စဉ် ရထားစီးခရီးသည် ပျမ်းမျှ ရှစ်သောင်းခန့်ရှိပြီး လာမည့်ငါးနှစ်တာကာလအတွင်း နေ့စဉ် ပျမ်းမျှခရီးသည်ဦးရေ လက်ရှိထက် သုံးဆကျော် မြင့်တက်လာရန် ရည်မှန်းကာ မြို့ပတ်ရထားပြေးဆွဲမှု အဆင့်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြောင်း မြန်မာ့မီးရထားမှ သိရသည်။

လူဦးရေ ငါးသန်းကျော်ရှိသော ရန်ကုန်မြို့လူဦးရေတွင် နေ့စဉ် ရထားစီးသွားလာနေသောခရီးသည်မှာ ပျမ်းမျှအားဖြင့် ရှစ်သောင်းဝန်းကျင်ခန့်သာရှိနေပြီး အများစုမှာ ဘတ်စ်ကားများကိုသာ အားထားစီးနင်းသွားလာလျက်ရှိသည်ဟု သိရသည်။ ဇန်နဝါရီ ၁၆ ရက်ကရန်ကုန်မြို့ရှိ ဘတ်စ်ကားပြေးဆွဲမှုစနစ်များစတင် ပြောင်းလဲလိုက်သည့်အချိန်မှစတင်၍ ရထားစီးနင်းသည့် ခရီးသည်အရေအတွက် နှစ်သောင်းဝန်းကျင်ခန့် တိုးတက်များပြားလာသည်ဟု သိရသည်။

"အခု ရန်ကုန်မြို့ရဲ့ ဘတ်စ်ကားယာဉ်လိုင်းတွေကို ပြုပြင်နေပါတယ်။ ရထားပို့ဆောင်ရေးနဲ့ပတ်သက်တဲ့အခြေအနေတွေကို အဆင့်မြှင့်တင်နိုင်ဖို့အတွက် မြို့ပတ်ရထားတွေကို အဆင့်မြှင့်တင်နိုင်ဖို့ မြန်မာ့မီးရထားအနေနဲ့ ကြိုးစားနေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ယင်းသို့ ရန်ကုန်မြို့၏ ဘတ်စ်ကား ပြုပြင်ပြောင်းလဲရေး စတင်သည့်နေ့တွင် မြို့ပတ်ရထားများ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် မြန်မာ့မီးရထားနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး မြန်မာ့မီးရထားနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းလုပ်ဆောင်နေသည့် မြို့ပတ်ရထား အဆင့်



မြှင့်တင်ရေးစီမံကိန်းကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်ဟု သိရသည်။ အဆိုပါစီမံကိန်းအရ မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး၊ မြို့ပတ်ရထားပြေးဆွဲသည့် မြန်နှုန်းမြှင့်တင်ရေး၊ ရထားစီးခရီးသည် တိုးတက်မြင့်မားလာရေး၊ ရထားလမ်းတစ်လျှောက် ဘေးအန္တရာယ်လျော့ပါးရေး စသည့်လုပ်ငန်းများပါဝင်ကြောင်း သိရသည်။

"ရထားစီးရတာ အဆင်ပြေပါတယ်။ အချိန်လည်း မှန်လာပါတယ်။ သန့်လည်း သန့်လာပါတယ်။ ဒါပေမယ့် ကုန်တင်နေတာ၊ ဈေးသည်တွေ စည်းကမ်းမရှိတာတွေကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတာ ရှိတယ်။ ရထားခက ဈေးသက်သာတော့ မြို့ပတ်ကုန်ရထားဆိုပြီး သီးသန့်ဆွဲပေးရင် ကောင်းမယ်။ နောက်ပြီး တစ်ခါတလေ ရထားတစ်စင်းနဲ့ တစ်စင်း တစ်နာရီလောက် ကွာတာမျိုးရှိတော့ အဲဒီအချိန်မျိုးမှာ ရထားစောင့်စီးဖို့ အဆင်မပြေတော့ဘူး။ တစ်စင်းနဲ့တစ်စင်း အချိန် အဲဒီလောက်မခြားဘဲ ပြေးဆွဲပေးနိုင်ရင် ပိုကောင်းပါမယ်"ဟု မြို့ပတ်ရထားစီး ခရီးသည်တစ်ဦးက ပြောသည်။

လက်ရှိတွင် ရထားတစ်စင်းနှင့်တစ်စင်း အချိန်ကွာဟချိန် အနည်းဆုံး ၁၅ မိနစ်မှ အကြာဆုံး ၄၅ မိနစ်အထိ ကွာဟနေရာမှ လာမည့် ၂၀၂၂ ခုနှစ်တွင် ၁၀ မိနစ်မှ ၁၂ မိနစ်အတွင်းသာ ကွာဟရန် ရည်မှန်းချက်ထား ဆောင်ရွက်နေသည်ဟု မြန်မာ့မီးရထားမှ သိရသည်။ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းသည် ၄၆ ကီလိုမီတာ ရှည်လျားပြီး မြို့ပတ်ဘူတာစဉ် ၃၈ ဘူတာရှိကာ မြို့ပတ်ရထား ခရီးစဉ် မြို့တစ်ပတ်ပြေးဆွဲမှုကြာမြင့်ချိန်သည် မိနစ် ၁၇၀ ခန့် ရှိကြောင်း သိရသည်။ မြို့ပတ်ရထား မြန်နှုန်းမြှင့်ပြေးဆွဲနိုင်ရေး ဆောင်ရွက်နေမှုနှင့်အတူ လာမည့် ၂၀၂၂ ခုနှစ်တွင် တစ်နာရီ ကီလိုမီတာ ၆၀ နှုန်းဖြင့် ပြေးဆွဲနိုင်ရန် ဆောင်ရွက်နေပြီး မြို့တစ်ပတ်ကြာမြင့်ချိန်ကို မိနစ် ၁၁၀ ခန့်သာ ကြာမြင့်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ မြို့ပတ်ရထားစီး ခရီးသည်အရေအတွက်ကိုလည်း လက်ရှိတွင် နေ့စဉ် ပျမ်းမျှ ရှစ်သောင်းဝန်းကျင်မှ လာမည့် ၂၀၂၂ ခုနှစ်တွင် နှစ်သိန်းခြောက်သောင်းကျော်အထိ တိုးတက်လာရန်ရည်မှန်းထားပြီး နေ့စဉ် မြို့ပတ် ရထားအစီးရေ ၁၂၂ စီးမှ ၁၇၅ စီးသို့ ပြေးဆွဲနိုင်ရန် ရည်မှန်းထားကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA ၏ ပူးပေါင်းဆောင်ရွက်မှုတွင် ရန်ကုန်မြို့ပတ်ရထား အဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့် ရန်ကုန်-မန္တလေးလမ်းပိုင်း အဆင့်မြှင့်တင်ရေး လုပ်ငန်းများပါဝင်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းပိုင်းတွင် မြန်နှုန်းမြှင့်ပြေးဆွဲနိုင်ရေးအတွက် ရထားလမ်းတစ်လျှောက် ဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်း လှုပ်ရှားမှုအနေဖြင့် အသိပညာပေး ဆောင်ရွက်မှုကို ဇန်နဝါရီ ၂၃ ရက်မှ ၂၉ ရက်အထိ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေး ပြောကြားခြင်းတို့ကို တစ်ပတ်ကြာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ဆုနှင်းလှဲ့)**

## နေအိမ်မှထွက်ပြေးလာသော ကျောင်းသားငယ်နှစ်ဦးအား ရထားရဲတပ်ဖွဲ့က မိဘများထံ ပြန်လည်အပ်နှံ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အထက(၆)တွင် သတ္တမတန်းပညာ သင်ယူနေသည့် မောင်တပ်ဦးမျိုးနှင့် မောင်မင်းအောင်တို့ ညီအစ်ကိုနှစ်ဦးသည် ဖေဖော်ဝါရီ ၂ ရက်က ကျောင်းဆင်းပြီး ဂိမ်းဆိုင်တွင် ဂိမ်းကစားရာမှ အိမ်အပြန်နောက်ကျပြီး နေအိမ်သို့မပြန်ဘဲ ရထားဖြင့် အခြားမြို့သို့ သွားရောက်ရန် ပုသိမ်ဘူတာ၌ စောင့်ဆိုင်းနေစဉ် ဖေဖော်ဝါရီ ၃ ရက် နံနက် ၄ နာရီခွဲခန့်က ပုသိမ်ဘူတာယာဒ်ဝန်းအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေသော ရထားရဲတပ်ဖွဲ့ အမှတ်(၂၀)တပ်ခွဲ တပ်စု(၃)ပုသိမ် တပ်စုမှူးဒု-ရဲအုပ်စောလွင်ဦးစီးအဖွဲ့နှင့်တွေ့ရှိ၍ စုံစမ်းမေးမြန်းခဲ့ရာ ဖြစ်စဉ်အကြောင်းစုံသိရှိရပြီး ဦးလေးဖြစ်သူ ဦးမျိုးနိုင်နှင့် မိခင်ဖြစ်သူ ဒေါ်ရီတာတို့အား တပ်စုရုံးသို့ခေါ်ဆောင်၍ ပုသိမ်ဘူတာမီးရထားဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များရှေ့တွင် တပ်စုမှူး ဒု-ရဲအုပ်စောလွင်က မိဘများထံသို့ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။ **(ရထားရဲတပ်ဖွဲ့)**

ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးတွင် ဖေဖော်ဝါရီ ၇ ရက်ညနေ ၃ နာရီက ဈေးအုပ်ချုပ်ရေးမှူး ဦးစီးအရာရှိ ဦးတင်မောင်ကြည်၊ ပျဉ်းမနားမြို့ အမှတ်(၂)မီးသတ်စခန်းမှ ဒု-ဦးစီးမှူး ဦးဆန်းတင်၊ ဈေးအကျိုးတော်ဆောင်များပါဝင်၍ ဈေးအတွင်းလျှပ်စစ်အသုံးပြုသော ဆိုင်ခန်းများကို ကြည့်ရှုစစ်ဆေးကာ မီးဘေးအန္တရာယ်ကင်းရှင်းရေးကွင်းဆင်းဆောင်ရွက်စဉ်။

**ကိုကိုရှုပ(နေပြည်တော်)**



## တတိယအကြိမ် ဂျပန်စတိုင် ၁၀ ပြားဈေးရောင်းပွဲတော်ကို ပြည်သူ့ဥယျာဉ်၌ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

နှစ်(၇၀)ပြည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တတိယအကြိမ်မြောက် ကျင်းပမည့် ဂျပန်စတိုင် ၁၀ ပြားဈေးရောင်းပွဲတော် (FLEA MARKET) ကို ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ် ပြည်လမ်းဝင်ပေါက်အနီး၌ ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

အဆိုပါဈေးရောင်းပွဲတော်၌ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ၊ ဂျပန်လူမျိုးများ၊ မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ဂျပန်နိုင်ငံရောက် သဘော်သားများ၊ ပြည်တွင်းရှိ ဂျပန်အဖွဲ့အစည်းများနှင့် ကုမ္ပဏီများအပါအဝင် စုစုပေါင်းဆိုင်ခန်း ၉၀ နီးပါးခန့် လာရောက်ခင်းကျင်းပြသရောင်းချကြမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်၌ ငွေကျပ်တစ်သိန်းထက်မကျော်သော လျှပ်စစ်ပစ္စည်းများ၊ အမျိုးသမီး၊ အမျိုးသားသုံး အလှကုန်ပစ္စည်းများ၊ အင်္ကျီအမျိုးမျိုးနှင့် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများကို လာရောက်ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကာ ကုန်ပစ္စည်းများမှာ



ဒုတိယအကြိမ် ကျင်းပပြီးသော ပြည်သူ့ရင်ပြင် ၁၀ ပြားဈေး စည်ကားစွာကျင်းပနေစဉ်။

ဂျပန်ပစ္စည်း အများဆုံးပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဈေးပွဲတော်လာ ပရိသတ်များအနေဖြင့် ဆောလျင်စွာလာရောက်ရွေးချယ်ကြရန်နှင့် လာရောက်ဝယ်ယူလေ့လာသူများအား LUCKY DRAW အစီအစဉ်ကို ဆိုင်တစ်ဆိုင်လျှင် တစ်ခုနှုန်းဖြင့် ပစ္စည်းအမျိုးအစားများကို ညနေဈေးပွဲတော်ပြီးဆုံးချိန်တွင် မဲဖောက်ရွေးချယ်ပေးအပ်သွားမည်ဖြစ်ပြီး ဂျပန်ကီမိုနိုအလှဝတ်စုံများဝတ်ဆင်ကာ ဓာတ်ပုံရိုက်ကူးခြင်းတို့ပါဝင်မည်ဖြစ်သည်။

ထိုဈေးရောင်းပွဲတော်သည် ဂျပန်နိုင်ငံ၏ အလေ့အထတစ်ခုဖြစ်ပြီး ဂျပန်နိုင်ငံတွင် ၁၅ ရက်သော်လည်းကောင်း၊ တစ်လတစ်ကြိမ်သော်လည်းကောင်း မြို့နယ်၊ ရပ်ကွက်အလိုက်အိမ်တိုင်း ပျော်ပျော်ပါးပါး စုရုံးကာ ဂျပန်စတိုင် ၁၀ ပြား ဈေးရောင်းပွဲတော် (FLEA MARKET)ကို နေရာများ သတ်မှတ်၍ ကြေညာပြီး ရောင်းဝယ်ဖောက်ကားကြောင်း သိရသည်။

ယခု ဈေးရောင်းပွဲတော်သည် တတိယအကြိမ် ကျင်းပခြင်းဖြစ်ပြီး ရောင်းအားကောင်းမွန်မှုနှင့် ပြည်သူလူထု၏ စိတ်ဝင်စားမှုအပေါ်မူတည်ကာ ပွင့်လင်းရာသီများတွင် ကျယ်ပြန့်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။ **(စိုးဝင်း-MLA)**

## ဘီးလင်းမြို့နယ်၌ လူထုစည်းရုံးရေးမှူး သင်တန်းဆင်း

**ဘီးလင်း ဖေဖော်ဝါရီ ၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းအတွက် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်ကျင်းပခဲ့သည့် စည်းရုံးရေးမှူးများသင်တန်း အပိုင်း(၂)မှာ ဖေဖော်ဝါရီ ၆ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၂ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ စတင်ဖွင့်လှစ်ကျင်းပခဲ့ခြင်းဖြစ်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်နည်းပညာအကြံပေးအဖွဲ့တို့က သက်ဆိုင်ရာကဏ္ဍအလိုက် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၇

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးသက်နိုင်ဝင်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဖေဖော်ဝါရီ ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားချစ်ခင်အပ်ပါသော မဲဆန္ဒရှင် ပြည်သူများခင်ဗျား-**

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အထွေထွေအတွင်းရေးမှူး ဦးသက်နိုင်ဝင်း ဖြစ်ပါတယ်။

ပါတီစုံဒီမိုကရေစီစနစ်မှာ ပြည်သူတွေရဲ့အဆုံးအဖြတ်သာ အခရာဖြစ်ပြီး ပြည်သူလူထုက ထောက်ခံဆန္ဒပြုရွေးချယ်တဲ့၊ အခွင့်အာဏာ အပ်နှင်းခြင်းခံရတဲ့ ပြည်သူ့ကိုယ်စားလှယ်များကသာ အနာဂတ်နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ဦးဆောင်သယ်ပိုးခွင့် ရနိုင်ကြမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့ မှန်ကန်သောမူဝါဒ၊ လက်တွေ့ကျသော လုပ်ငန်းစဉ်များချမှတ်ထားပြီး နိုင်ငံတော်နဲ့ အမျိုးသားအကျိုးစီးပွားကို ဦးတည်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်သူလူထုနဲ့အတူ လက်တွဲကာ ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့တဲ့ ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြည်သူများက ချစ်ခင်ယုံကြည်စွာ အားပေးထောက်ခံခဲ့တာကြောင့် အစိုးရဖွဲ့နိုင်ခဲ့တဲ့ပါတီလည်း ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများက ယုံယုံကြည်ကြည် မဲပေးအပ်နှင်းလိုက်တဲ့ နိုင်ငံ့တာဝန်တွေကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူကို ပြန်လည်အလုပ်အကျွေးပြု ကျေးဇူးဆပ်နိုင်အောင် အစဉ်တစိုက် ကြိုးပမ်းအားထုတ်ခဲ့ပါတယ်။

ကျွန်တော်တို့ပါတီဟာ အမျိုးသားရေးကို ဦးထိပ်ထားတဲ့ပါတီဖြစ်တာနဲ့အညီ နိုင်ငံတော်နဲ့ အမျိုးသားအကျိုးစီးပွားကို ပိုမိုထိရောက်စွာ ဖော်ဆောင်သွားလိုတဲ့အတွက် **"၂၀၁၇ ပါတီစုံ ဒီမိုကရေစီ ကြားဖြတ်ရွေးကောက်ပွဲကြီး"** ကို ဝင်ရောက်ယှဉ်ပြိုင်ပြီး ပြည်သူလူထု၏အဆုံးအဖြတ်ကို ဖြောင့်မတ်မှန်ကန်စွာ တရားနည်းလမ်းတကျ ခံယူသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ကျွန်တော်တို့ပြည်ခိုင်ဖြိုးပါတီဟာ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထာဝစဉ်ရပ်တည်နိုင်ရေး၊ တိုင်းရင်းသားပြည်သူများရဲ့ ဘဝလုံခြုံရေး၊ စားဝတ်နေရေးနဲ့ လူမှုရေးလိုအပ်ချက်များ ပြည့်စုံရေး၊ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီကျင့်စဉ်ပါ အခွင့်အရေးများ ရရှိခံစားနိုင်ရေးတို့အတွက် ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ဖော်ဆောင်နိုင်ရန် သမိုင်းရေး ပကတိလိုအပ်ချက်များနှင့်အညီ လေးနက်တည်ကြည်သော သန္နိဋ္ဌာန်စိတ်ဖြင့် ဖွဲ့စည်းပေါ်ပေါက်လာခဲ့တဲ့ အမျိုးသားရေးပါတီလည်း ဖြစ်ပါတယ်။

ပြည်သူ့လိုအင်ဆန္ဒကို အစဉ်အမြဲ အလေးထားဆောင်ရွက်နေတဲ့ ပါတီဖြစ်တာနဲ့အညီ ပါတီရဲ့ မူဝါဒချမှတ်ရာတွင်လည်း ပြည်သူတွေရဲ့ လိုအင်ဆန္ဒတွေကိုသာ အဓိကဦးတည်စဉ်းစားချမှတ်ခဲ့ပါတယ်။ ပြည်သူများရဲ့ ဆန္ဒလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်အောင် အစဉ်ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် မိမိတို့ပါတီဝင်များအနေနဲ့ ဘာပဲလုပ်လုပ် ပြည်သူကိုမျက်နှာမူ၊ ပြည်သူကိုဗဟိုပြုလို့ ပြည်သူ့အရေး ဦးစားပေးကြဖို့၊ နိုင်ငံတည်ငြိမ်အေးချမ်းဖို့နဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကူညီကြိုးပမ်းဆောင်ရွက်ပေးကြဖို့ မိမိတို့ပါတီရဲ့ယုံကြည်ချက်၊ ခံယူချက်များအဖြစ်ချမှတ်ကာ အစဉ်အမြဲကျင့်သုံးလျက်ရှိပါတယ်။

ဒီမိုကရေစီအရေးနဲ့ ပြည်သူ့အခွင့်အရေးများကို အလေးပေးဖော်ဆောင်ပြီး လူ့အခွင့်အရေး၊ တန်းတူညီမျှရေးနဲ့ တရားမျှတမှုရှိရေးတို့အတွက် ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းစောင့်ရှောက်ပြီး တိုင်းရင်းသားပြည်သူများရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာရေးတို့ကိုလည်း အလေးအနက်ထား ဦးထိပ်ပန်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ဒီမိုကရေစီနဲ့ စစ်မှန်တဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး ထူထောင်တည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပြည်သူများ အားလုံးနဲ့အတူ ဝိုင်းဝန်းပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ပြည်သူတွေလိုလားနေတဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် စတင်ပြုပြင် ပြောင်းလဲပေးခဲ့တဲ့အစိုးရဟာ မိမိတို့ပါတီရဲ့ အစိုးရဖြစ်လို့ **"ဒီမိုကရေစီပြောင်းလဲမှုအစ ပြည်ခိုင်ဖြိုးက"**လို့ ဆိုရမှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံအနေနဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်ရာမှာ အဆင့် သုံးဆင့်နဲ့ ကြိုတင်ပြင်ဆင်ပြောင်းလဲခဲ့ခြင်းဖြစ်ပါတယ်။

ပထမအဆင့်ဖြစ်တဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အကြိုပြင်ဆင်မှုအဆင့်တွင် ယခင်တပ်မတော်အစိုးရက ဒီမိုကရေစီနိုင်ငံအဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်နိုင်အောင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသား ပြည်သူအလွှာမျိုးစုံနဲ့ အချိန်ယူရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီနောက် ၂၀၁၀ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပပေးပြီး လွှတ်တော်နှင့် အစိုးရဖွဲ့စည်းနိုင်တဲ့အထိ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်အောင် ကြိုတင်ပြင်ဆင်စီစဉ်ပေးခဲ့ပါတယ်။

ဒုတိယအဆင့်ဖြစ်တဲ့ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရန်အတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းကို တည်ငြိမ်ချောမွေ့စွာနဲ့ အောင်မြင်အောင် ဖော်ဆောင်နိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် နိုင်ငံတကာအသိအမှတ်ပြုမှုနဲ့အတူ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးအခြေအနေဟာ သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာခဲ့တာကို မိဘပြည်သူများသိရှိပြီးဖြစ်ပါတယ်။

တတိယအဆင့်ဖြစ်တဲ့ ဒီမိုကရေစီရှင်သန်ဖွံ့ဖြိုး ရင့်ကျက်ခိုင်မာသည့်အဆင့်ကို မကူးပြောင်းမီ ပြည်တွင်းပဋိပက္ခများနဲ့ လူမျိုးစုပြဿနာများ စတဲ့စိန်ခေါ်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုရရှိအောင် ဦးစားပေးဆောင်ရွက်ရန် လိုအပ်လာခဲ့ပါတယ်။ အထူးသဖြင့် နိုင်ငံတော်အစိုးရက အပစ်အခတ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့အတွက် တိုင်းရင်းသားပြည်သူများနဲ့ တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာဆောင်ရွက်ခဲ့ပါတယ်။ ဆွေးနွေးပွဲရလဒ်အောင်မြင်မှုအဖြစ် နိုင်ငံရေးအခြေခံမူနှစ်ခုဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းနဲ့ ဆက်လက်အဖြေရှာ ဆွေးနွေးရန်ဆိုတဲ့မူနဲ့ တိုင်းရင်းသားများရဲ့ တန်းတူရည်တူရှိမှုအတွက် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို ဝိုင်းဝန်းတည်ဆောက်ရေးဆိုတဲ့မူတို့ကို သဘောတူညီချက်ရရှိခဲ့ပါတယ်။ အထူးသဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရဲ့ တံခါးတစ်ချပ် သဖွယ်ဖြစ်တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ ပြည်ခိုင်ဖြိုးပါတီအနေနဲ့ နိုင်ငံတော်တာဝန်ယူဆောင်ရွက်ခဲ့ရစဉ်က ပါတီ၊ လွှတ်တော်၊ အစိုးရအနေနဲ့ ပါတီရဲ့ မူဝါဒမျှော်မှန်းချက်အတိုင်း တိုင်းပြည်ကို ပြည်သူ့ဆန္ဒနဲ့အညီ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အခြေခံအုတ်မြစ်ကို ချမှတ်ပေးနိုင်ခဲ့တဲ့အတွက် အပြောမဟုတ် အလုပ်နဲ့ လက်တွေ့ဖော်ဆောင်ပေးခဲ့တယ်ဆိုတာကို သမိုင်းသက်သေတစ်ခုအဖြစ်လည်းကောင်း၊ ကမ္ဘာ့ဖြစ်စဉ်များနဲ့မတူ ကွဲပြားခြားနားတဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်အဖြစ်နဲ့လည်းကောင်း ရှုမြင်နိုင်မှာဖြစ်သော်လည်း မိမိတို့ပါတီအနေနဲ့ ပြည်သူတွေရဲ့အပြောင်းအလဲလိုချင်တဲ့ မျှော်လင့်ချက်၊ လိုလားချက်များကို ကျေနပ်စွာ ခံယူရင်း ပြည်သူတွေရဲ့ လက်ရှိလိုအပ်ချက်များကို သိရှိဖြည့်ဆည်းနိုင်အောင် လေ့လာသုံးသပ်ပြုပြင်ကြိုးစားသွားပါမယ်လို့ အသိပေးတင်ပြအပ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

ပြည်ခိုင်ဖြိုးပါတီအနေနဲ့ မှန်ကန်တဲ့မူဝါဒ၊ လက်တွေ့ကျသော လုပ်ငန်းစဉ်တွေနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်သူတွေနဲ့လက်တွဲပြီး အောင်မြင်စွာ တည်ဆောက်နိုင်ခွင့် ရရှိရန် လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့ အဆုံးအဖြတ်ကို ခံယူသွားမှာဖြစ်ပါတယ်။

မကြာမီကျင်းပပြုလုပ်တော့မယ့် ကြားဖြတ်ရွေးကောက်ပွဲကြီးမှာ မဲဆန္ဒနယ်မြေမှ မိဘပြည်သူများအနေနဲ့ မိမိတို့နယ်မြေနဲ့ ပြည်သူများရဲ့ အကျိုးကို အမှန်တကယ်သယ်ပိုးနိုင်စွမ်းရှိတဲ့ ကိုယ်စားလှယ်တွေကို ရွေးချယ်ကြရတော့မှာဖြစ်ပါတယ်။ မိမိတို့ရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်များဟာ မိမိတို့နယ်မြေရဲ့အကျိုး၊ ပြည်သူများရဲ့အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့လိုပါတယ်။ ကြိုတင်မှန်းဆရုံသာတတ်နိုင်တဲ့ အနာဂတ်ကာလအတွက် လက်ရှိပစ္စုပ္ပန်ကာလနဲ့ အတိတ်ကာလက ဆောင်ရွက်ပေးခဲ့မှုတွေအပေါ် ချိန်ထိုးသုံးသပ်ဆင်ခြင်ကြရမှာဖြစ်ပါတယ်။ မိမိတို့ဒေသရဲ့ အကျိုးကို ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်း၊ ဘယ်လိုပုဂ္ဂိုလ်တွေက အပြောနဲ့ မဟုတ်ဘဲ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနေတယ်ဆိုတာ ပြည်သူများကိုယ်တိုင် တွေ့မြင်သိရှိနေတဲ့ ပကတိအရှိတရားအပေါ် စဉ်းစားဆင်ခြင်ပြီး မှန်ကန်စွာရွေးချယ်နိုင်ကြမယ်လို့ ယုံကြည်ပါတယ်။



တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများလုပ်ကိုင်ရာမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကိစ္စရပ်တွေကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဖြေရှင်းဆောင်ရွက်ရုံမျှမက ကဏ္ဍအသီးသီးတိုးတက်အောင် ကြိုးစားလုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ မှန်ကန်တဲ့ မူဝါဒချမှတ်နိုင်ဖို့လိုသလို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့လည်း လိုအပ်ပါတယ်။ ဒီမိုကရေစီနိုင်ငံသစ်ကိုတည်ဆောက်ရာမှာ အတွေ့အကြုံရှိဖို့နဲ့ အရည်အသွေး၊ အရည်အချင်းရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်လည်း များစွာလိုအပ်ပါတယ်။

အစိုးရတစ်ရပ်အဖြစ် တာဝန်ယူရပြီဆိုရင် တိုင်းပြည်ရဲ့ ပကတိလိုအပ်ချက်များနဲ့ ပြည်သူတွေရဲ့ လိုအင်ဆန္ဒမျှော်မှန်းချက်တွေကို တိုင်းပြည်ရဲ့ဘဏ္ဍာ၊ တိုင်းပြည်ရဲ့ လူ့အရင်းအမြစ်နဲ့ သမိုင်းကြောင်းအမွေကိုပါ ဆက်ခံပြီး အောင်မြင်အောင်ကြိုးစားကြရတာဖြစ်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့နိုင်ငံများမှာရှိတဲ့ နိုင်ငံရေးပါတီတွေဟာ မိမိပါတီကို နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကိစ္စအဖြာဖြာကို ကျွမ်းကျင်နှံ့စပ်အောင် မပြတ်လေ့လာပြင်ဆင်ပြီး အချိန်အခါရောက်လာလို့ ပြည်သူက ရွေးချယ်တာဝန်ပေးရင် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နိုင်အောင် ပြင်ဆင်ထားကြသလို ကျွန်တော်တို့ပါတီကိုလည်း အလားတူပြင်ဆင်လေ့ကျင့်ထားပြီး ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာ အမြဲနိုင်တဲ့ပါတီမရှိသလို အမြဲရှုံးနေတဲ့ပါတီလည်း မရှိတာ တွေ့ရမှာဖြစ်လို့ ပြည်သူကလည်း ပြည်သူ့ဘဝနဲ့ လက်တွေ့ထင်ဟပ်အောင် ဆောင်ရွက်ပေးနိုင်မယ့်ပါတီကို မဲရွေးချယ်ကြရမှာ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

မဲဆန္ဒရှင်ပြည်သူများအနေနဲ့ ကိုယ်စားလှယ်လောင်းရွေးချယ်ရာမှာ ရွေးကောက်ပွဲဝင်တဲ့ ကိုယ်စားလှယ်ကို ကြည့်ဖို့လိုအပ်သလို ကိုယ်စားလှယ်လောင်း ကိုယ်စားပြုတဲ့ပါတီကိုလည်း ကြည့်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ခိုင်ဖြိုးပါတီအနေနဲ့ ခိုင်မာတဲ့ မူဝါဒများချမှတ်ထားသလို အရည်အချင်းပြည့်ဝတဲ့ ဒေသမှာနေနိုင်ပြီး ပြည်သူအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်မယ့် ကိုယ်စားလှယ်လောင်းတွေကိုလည်း ရွေးချယ်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီနဲ့ ပါတီကိုယ်စားပြုကိုယ်စားလှယ်လောင်းတွေဟာ-

- အမျိုးသားရေးနဲ့ အမျိုးသားအကျိုးစီးပွား ခိုင်မာတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်သွားပါမယ်။
- ပြည်သူလူထု၏စားဝတ်နေရေးနှင့် လူမှုဘဝလုံခြုံရေးကို ဦးစားပေးဆောင်ရွက်သွားပါမယ်။
- တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိက စီးပွားရေးကဏ္ဍကို မြှင့်တင်ပေးသွားပါမယ်။
- မူးယစ်ဆေးဝါးနှိမ်နင်းရေး အပါအဝင် တရားဥပဒေစိုးမိုးရေးကို ဦးစားပေးဆောင်ရွက်သွားပါမယ်။
- အခြေခံတည်ဆောက်ထားပြီးဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေး အောင်မြင် စေရန် အားပေးကူညီသွားပါမယ်။
- ဒီမိုကရေစီစနစ်ကျင့်သုံးသည့် သမ္မတနိုင်ငံအဖြစ် ဥပဒေနှင့်အညီ ပီပြင်အောင် တည်ဆောက်မှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီးတင်ပြလိုတာကတော့ ကျွန်တော်တို့ရဲ့ ပြည်ခိုင်ဖြိုးပါတီဟာ အမျိုးသားရေးကို ဦးထိပ်ထားတဲ့ပါတီ ဖြစ်ပါတယ်။ ကမ္ဘာတည်သရွေ့၊ မြန်မာနိုင်ငံရှိနေသရွေ့ ပြည်ခိုင်ဖြိုးပါတီရှိနေမှာဖြစ်ပါတယ်။ ပြည်ခိုင်ဖြိုးပါတီ ရှိနေသမျှ အမျိုးဂုဏ်၊ ဇာတိဂုဏ်မညှိုးနွမ်းစေရ၊ ပြည်ခိုင်ဖြိုးပါတီရှိနေသမျှ မြန်မာပြည် နယ်နိမိတ်မပြောင်းလဲစေရလို့ လေးနက်စွာ အာမခံပါတယ်။

**လေးစားချစ်ခင်အပ်ပါသော မဲဆန္ဒရှင် ပြည်သူများခင်ဗျား-**

- ဒါကြောင့် ဒီမိုကရေစီရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ရင်း ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေး ဦးတည်နေပြီဖြစ်လို့ ဒီအရှိန်အဟုန်ကို ဆက်လက်ဖော်ဆောင်နိုင်မယ့်ပါတီကို စဉ်းစားရွေးချယ်ပေးကြပါ။
- ပြည်သူများအေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်စေရန်အတွက် တိုင်းပြည်ကို တည်တည်ငြိမ်ငြိမ် ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်တဲ့ပါတီကို ဦးစားပေးရွေးချယ်ပေးကြပါ။
- ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝ အနာဂတ်မှာ ပိုမိုပြောင်းလဲ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မယ့်ပါတီနဲ့ ကိုယ်စားလှယ်များကို ဦးစားပေးစဉ်းစားရွေးချယ်ပေးကြပါ။
- တစ်နည်းအားဖြင့် လူရော၊ မူရော ပြည့်စုံတဲ့ ပါတီကို ဦးစားပေးရွေးချယ်ကြပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ (အားလုံးကို ကျေးဇူးတင်ပါတယ်။ )

**"အမှန်တကယ်ပြောင်းလဲဖို့ ပြည်ခိုင်ဖြိုးကိုမဲပေးစို့"**

# ဆေးပညာသင်ကြားရေးသမိုင်းကြောင်းနှင့် တစ်ထပ်တည်း တည်ရှိခဲ့သည့် ဆေးတက္ကသိုလ် (၁) (ရန်ကုန်) နှစ် ၉၀ ပြည့်ပြီ




မြန်မာနိုင်ငံတွင် ဆေးတက္ကသိုလ် စုစုပေါင်း ငါးခုရှိသည့်အနက် ဆေးတက္ကသိုလ်(၁) ရန်ကုန်သည် အစောဆုံးနှင့် ရှေးအကျဆုံး ဖွင့်လှစ်ခဲ့သည့် ဆေးတက္ကသိုလ်ဖြစ်ပြီး ဆေးပညာသင်ကြားရေး သမိုင်းကြောင်းနှင့် တစ်ထပ်တည်း တည်ရှိနေသည့် တက္ကသိုလ်လည်း ဖြစ်သည်။ ယခုအချိန်တွင် ယင်းဆေးတက္ကသိုလ်ကြီးသည် နှစ် ၉၀ ပြည့်၍ ရတုနှင့်တွက်ပါလျှင် နဝရတ်ရတုသို့ပင် တိုင်ခဲ့ပြီ ဖြစ်သည်။

ယင်းကြောင့် ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ နှစ် ၉၀ ပြည့်အထိမ်းအမှတ် ညစာစားပွဲကို ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းက ရန်ကုန်ဆေးတက္ကသိုလ်ဝင်း မြက်ခင်းပြင်၌ ကျင်းပခဲ့ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးကအထိမ်းအမှတ် အမှာစကားပြောကြားခြင်း၊ အထိမ်းအမှတ်ရတု ရွတ်ဆိုခြင်း၊ ပါမောက္ခဒေါက်တာတင်အောင်ဆွေ၊ ပါမောက္ခ ဒေါက်တာ မောင်မောင်စိန်၊ ပါမောက္ခ ဒေါက်တာမြဦးနှင့် ပါမောက္ခဒေါက်တာ ကျော်မြင့်တို့က အထိမ်းအမှတ်စကားများပြောကြားခဲ့ကြသည်။ ယင်းနောက် ကျောင်းသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသလို ဇွဲအငြိမ့်ဖြင့်လည်း ဧည့်ခံခဲ့ကြသည်။

"ကျောင်းဝင်းကြီးထဲကို ပြန်ခြေချမိတယ်။ ပြခန်းထဲက ဓာတ်ပုံတွေကိုမြင်ရတော့ ဘယ်လိုပြောရမလဲ မသိဘူး။ ရင်ထဲ ဝမ်းနည်း၊ ဝမ်းသာ ဖြစ်ရတယ်" ဟု ၁၉၈၈ ခုနှစ်မှ ၁၉၉၄ ခုနှစ်ထိ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဆရာကြီး ဒေါက်တာမောင်မောင်စိန်က နှစ်၉၀ ပြည့် အထိမ်းအမှတ်အဖြစ် ပြသသည့်အမှတ်တရဓာတ်ပုံများနှင့် ပန်းချီပြခန်းအတွင်းမှ ဓာတ်ပုံများကို ကြည့်ရှုပြီးနောက် ပြောပြသည်။ "ဝမ်းနည်းတာက တချို့လူတွေ မရှိတော့ဘူး။ ကျွန်တော်တို့နဲ့ လုပ်ဖော်ကိုင်ဖက်ပေါ့။ ဝမ်းသာတာကတော့ ဆရာ ဦးညွန့်သိန်းတို့လို ပုဂ္ဂိုလ်တွေက အင်တိုက်အားတိုက် ဒီကျောင်းသားထုကို စည်းရုံးနိုင်ခဲ့တယ်ဆိုတာဒါက သဒ္ဓါတရားနဲ့ ယုံကြည်မှုပေါ် မူတည်တယ်။ အကြီးအကျယ်ရှားပါးပစ္စည်းပဲ။

ဒီနေ့မှာလည်း စီစဉ်သူတွေက အမိတက္ကသိုလ်အနေနဲ့ လျှောက်လာခဲ့တဲ့ လမ်းအကြောင်းကို ကောင်းစွာ ပြသနိုင်လို့ ချီးကျူးဂုဏ်ပြုပါတယ်။ ဆက်လက်ရှင်သန်ထမြောက်ပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်"ဟု အသက် (၈၅) နှစ်အရွယ်ရှိ ဆရာကြီး ဒေါက်တာ မောင်မောင်စိန်က ဆက်လက်ပြောပြသည်။ ဆေးတက္ကသိုလ် (၁) ရန်ကုန်၏ သမိုင်းကြောင်းကို ပြန်ပြောင်းပြောရမည်ဆိုလျှင် ၁၉၀၇ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် (Burma Government Medical School)ဟူသည့် မြန်မာ အစိုးရဆေးကျောင်းကို ဖွင့်လှစ်ခဲ့ပြီး ၁၉၂၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်အောက်၌ ဆေးပညာဌာနကို ဖွဲ့ခဲ့သည်။ မြန်မာနိုင်ငံ၌ ဆေးပညာသင်ကြားရေးကို ၁၉၂၃-၁၉၂၄ ပညာသင်နှစ်တွင် စတင်ခဲ့သည်။ ဆေးတက္ကသိုလ် (၁) ရန်ကုန်အဖြစ် တည်ထောင်ခြင်းမပြုမီက ရန်ကုန်ဆေးရုံကြီးရှေ့ရှိ သစ်သားဆောင်များ (ယခု ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာနနှင့် အရေပြားရောဂါဌာန) အဆောက်အအုံတွင် လက်တွေ့အကြိုသင်တန်းများကို သင်ကြားခဲ့သည်။ ယင်းခေတ်ကတက်ရောက်သည့် သင်တန်းသား ၄၀ တွင် မြန်မာလူမျိုး ၁၀ ဦးနှင့် အမျိုးသမီး လေးဦးသာ ပါဝင်ခဲ့သည်။

၁၉၂၇ ခုနှစ်တွင် လက်ရှိဆေးတက္ကသိုလ် (၁) လမ်းမတော်အဆောက်အအုံကို ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာက ၁၉၂၇ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ပန္နက်ရိုက်၍ စတင်တည်ဆောက်ခဲ့သည်။ ၁၉၂၉ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်အောက်ရှိ ဖွဲ့စည်းပြီးဖြစ်သည့် ဆေးပညာဌာနကို ယခုအဆောက်အအုံသို့ပြောင်းရွှေ့ပြီးနောက် လက်တွေ့အကြိုသင်တန်းများကို စတင်သင်ကြားခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် ပထမဆုံး M.B.,B.S ဘွဲ့ကို စတင် ချီးမြှင့်နိုင်ခဲ့သည်။ ယင်းနှစ်တွင်ပင် ရန်ကုန်တက္ကသိုလ် ဆေးကောလိပ်အဖြစ် မြှင့်တင်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်ဆေးကောလိပ်မှ ချီးမြှင့်သော အမ်ဘီဘီအက်စ်ဘွဲ့ကို ဗြိတိန်နိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံသို့ ပြန့်ပွားလာသည့် ၁၉၄၂ ခုနှစ်တွင် ဆေးပညာသင်ကြားရေးကို ခေတ္တရပ်စဲခဲ့သော်လည်း လိုင်စင်ရဆရာများကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ဆေးကောလိပ်သည် စစ်ကြီးအတွင်း ပျက်စီးခြင်း မရှိခဲ့သော်လည်း ၁၉၄၅ ခုနှစ် ဗြိတိသျှတပ်များ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့်အခါတွင် ဆေးကောလိပ်အဆောက်အအုံကိုစစ်ဆေးရုံအဖြစ် အသုံးပြုခဲ့သည်။ ယင်းကြောင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရောဂါဗေဒနှင့် ဥပဒေရေးရာ ဆေးပညာဌာနများ၏ ပြတိုက်များတွင် ထိန်းသိမ်းထားသော ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသလို အဖိုးတန်စာအုပ်များလည်း ဆုံးရှုံးခဲ့ရသည်။ ယင်းပြတိုက်သည် ဗြိတိသျှအင်ပါယာတွင် အကောင်းဆုံးပြတိုက်အဖြစ် အသိအမှတ်ပြုခြင်းခံရသည့် ပြတိုက်ဖြစ်သည်။

၁၉၂၃ ခုနှစ်မှ လွတ်လပ်ရေးမရခင် ကိုလိုနီခေတ်တွင် အမ်ဘီဘီအက်စ်ဆရာဝန် ၂၀၀ ခန့်ကို မွေးထုတ်ပေးနိုင်ခဲ့ရာ မြန်မာလူမျိုး ၂၀ ရာခိုင်နှုန်းခန့်သာ ပါဝင်ခဲ့သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးသည်မှ ၁၉၆၄ ခုနှစ်အထိ ဆရာဝန် ၁၉၈၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့သည်။ ယင်းနောက်၁၉၆၄ ခုနှစ် ဧပြီလတွင် ပြုလုပ်သည့် အဆင့်မြင့်ပညာရေးဆွေးနွေးပွဲအပြီး အတည်ပြုခဲ့သည့် တက္ကသိုလ်ပညာရေးစနစ်သစ် ဥပဒေအရ ရန်ကုန်တက္ကသိုလ် လက်အောက်ခံ ဆေးပညာဌာနမှ သီးခြားတက္ကသိုလ်အဖြစ် ဆေးတက္ကသိုလ် (၁) ရန်ကုန် (Institute of Medicine 1 Yangon) အဖြစ် ပြောင်းလဲခေါ်ဝေါ်စေခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် Institute of Medicine 1 မှ University of Medicine 1 Yangon အဖြစ် အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ ယနေ့အချိန်တွင် ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ဆေးပညာဘွဲ့ ၁၆၀၀၀ ကျော်၊ ဒီပလိုမာဘွဲ့ ၁၆၀၀ ကျော်၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၂၉၀၀ ကျော်၊ ပါရဂူဘွဲ့ ၈၄ ဦးခန့်နှင့် ဆေးလက်တွေ့ ပါရဂူဘွဲ့ ၃၀၀ ကျော်ကို အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့သည်။

**သတင်းဆောင်းပါး-ခင်ဇာလီ၊ ဓာတ်ပုံ-မီချိုကိုဟန်**

## လာဘ်ငွေလက်ခံရယူခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တရားရုံး ဘီလစ်စာရေး ဒေါ်ညွန့်ညွန့်ထွေး (ခ)ထွေးထွေးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲအရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၇**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တရားရုံးသို့ ကျမ်းကျိန်လွှာသွားရောက်ဆောင်ရွက်ရာတွင် ငွေကြေးတောင်းခံခြင်းအား အရေးယူပေးပါရန် နစ်နာသူက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တရားရုံး ဘီလစ်စာရေး ဒေါ်ညွန့်ညွန့်ထွေး (ခ)ထွေးထွေးသည် သေဆုံးသူ ကျောင်းဆရာမ(ငြိမ်း)၏ ကလေးဝမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံစုဆောင်းခဲ့သည့်ငွေ ထုတ်ယူနိုင်ရန်အတွက် ကလေးဝမြို့နယ်တရားရုံးသို့ ကျမ်းကျိန်လွှာပြုလုပ်ရန် လာရောက်သော ညီအစ်မသုံးဦးထံမှ ငွေကျပ်နှစ်သိန်း တောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တရားရုံး ဘီလစ်စာရေး ဒေါ်ညွန့်ညွန့်ထွေး (ခ) ထွေးထွေးအား ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇ အရ ကလေးဝမြို့နယ်တရားရုံးတွင် ဖေဖော်ဝါရီ ၆ ရက်က တရားစွဲဆို အရေးယူထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## တစ်ဖက်နိုင်ငံမှ တရားမဝင်ငါးဖမ်းလှေများအား ခြောက်လှန့်ပစ်ခတ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**
နတ်မြစ်အတွင်း တပ်မတော်ရေမှ လှည့်ကင်းတာဝန် ဆောင်ရွက်စဉ် ယမန်နေ့ည ၈ နာရီခန့်တွင် တစ်ဖက်နိုင်ငံမှ တရားမဝင်ငါးဖမ်းစက်လှေ ရှစ်စင်းခန့်က အကြမ်းဖက်ရန်ပြုရန် ဝန်းရံလာသဖြင့် ဟန့်တားပစ်ခတ်တားဆီးခဲ့ကြောင်း သိရသည်။

တပ်မတော်ရေ လှည့်ကင်းရေယာဉ်သည် မောင်တောမြို့နယ် ကညင်ချောင်းနှင့် ညောင်ချောင်းအကြားတွင် တစ်ဖက်နိုင်ငံမှ ငါးဖမ်းလှေ ရှစ်စင်းခန့်တွေ့ရှိခဲ့ရပြီး ငါးစင်းမှာ မိမိရေပိုင်နက်အတွင်း ဝင်ရောက် ငါးဖမ်းနေသဖြင့် မိမိတို့ ပိုင်နက်အနီးဆုံး လှေသို့ စစ်ဆေးရန် သွားရောက်စဉ် တစ်ဖက်နိုင်ငံမှ ငါးဖမ်းလှေများမှာ အန္တရာယ်ပြုရန် ဝန်းရံတိုးကပ်လာကြောင်း၊ သို့ဖြစ်၍ စစ်သည်များ၏ အသက်အန္တရာယ်နှင့် လုံခြုံရေး အခြေအနေများကြောင့် လက်နက်ငယ် နှစ်ချက် ပစ်ခတ်ခဲ့ရာ လှေများမှာ တစ်ဖက်နိုင်ငံ ရေပိုင်နက်အတွင်း ပြန်လည်ထွက်ပြေးဝင်ရောက်သွားခဲ့ကြောင်းနှင့် ဖြစ်စဉ်တွင် တစ်ဖက်နိုင်ငံ ငါးဖမ်း စက်လှေမှ တစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ အကြောင်းကြားလာခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အပေါ် အဖြစ်မှန်ပေါ်ပေါက်စေရန် စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လူငယ်အမျိုးသားပြိုင်ပွဲ၌ ဒေါ်သိန်းသိန်းအေး စတင်တာဝန်ယူကိုင်တွယ်



**ရန်ကုန် ဖေဖော်ဝါရီ ၇**
မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးကွင်းလယ်ဒိုင်လူကြီး ဒေါ်သိန်းသိန်းအေးသည် အမျိုးသားလူငယ်လိဂ်ပြိုင်ပွဲတွင် စတင်တာဝန်ယူကိုင်တွယ်နေပြီဖြစ်သည်။ ဒေါ်သိန်းသိန်းအေးသည် ဖေဖော်ဝါရီ ၇ ရက်က ပဒုမ္မာကွင်း၌ကျင်းပခဲ့သည့် ရန်ကုန်အသင်းနှင့် Southern အသင်းတို့၏ MNL ယူ-၂၁ လူငယ်အမှတ်ပေးပြိုင်ပွဲတွင် ကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)အသိအမှတ်ပြု အမျိုးသမီးကွင်းလယ်ဒိုင်လူကြီး ဒေါ်သိန်းသိန်းအေးသည် ၂၀၁၆ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော ၂၀၁၆ အာဆီယံ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ရခြင်း၊ ပါပူဝါနယူးဂီနီနိုင်ငံ၌ ကျင်းပသော ယူ-၂၀ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ခြင်းနှင့်အတူ နာမည်ကျော်ကြားလာခဲ့ပြီး အမျိုးသားပြိုင်ပွဲများ၌ တာဝန်ထမ်းဆောင်ခွင့်ရရန် တောင်းဆိုခဲ့ရာ မြန်မာနေရှင်နယ်လိဂ်ကော်မတီက ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ပထမဦးစွာ ယူ-၂၁ လူငယ်ပြိုင်ပွဲတွင် စတင်ထမ်းဆောင်စေခြင်းဖြစ်ပြီး အရည်အသွေးတိုးတက်လာမှုအပေါ် မူတည်၍ ပထမတန်းအမှတ်ပေးပြိုင်ပွဲနှင့် MNL ပြိုင်ပွဲတို့တွင် ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ ဒေါ်သိန်းသိန်းအေးသည် မြန်မာဒိုင်လူကြီးများအနက် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံး တာဝန်ထမ်းဆောင်ခွင့်ရသည့် ဒိုင်လူကြီးဖြစ်လာခဲ့ပြီး မြန်မာဒိုင်လူကြီးလောကအတွက် ဂုဏ်ယူစရာဖြစ်ခဲ့သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-အောင်ဇေ**

## အာမခံလုပ်ငန်းအသိပညာပြန့်ပွားရေးဟောပြော

**တောင်ကြီး ဖေဖော်ဝါရီ ၇**
မြန်မာ့အာမခံလုပ်ငန်းက ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပြန့်ပွားရေးဟောပြောပွဲကို ဖေဖော်ဝါရီ ၅ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့ အမှတ် (၄) ရဲလေ့ကျင့်ရေးသင်တန်းကျောင်း(တောင်လေးလုံး)၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ရှမ်းပြည်နယ်ရုံး(တောင်ကြီး)မှ ပြည်နယ်တာဝန်ခံ ဒေါ်ရီရီမြက မြန်မာ့အာမခံလုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ပြည်သူ့ဝန်ထမ်းအသက်အာမခံ၊ သူတစ်ပါးထိခိုက်မှု အာမခံနှင့် ခရီးသွား အာမခံလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းဟောပြောပွဲသို့ မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများ၊ အမှတ် (၄) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ သင်တန်းမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းသား ၄၀၀ တက်ရောက်ခဲ့ပြီး တက်ရောက်သူများ၏ သိရှိလိုသည့် အချက်အလက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



© BPI / Paul Currie

# အဂူရိုနှင့် ဆန်းချက်ဇ်တို့အား ခေါ်ယူရန် ပီအက်စ်ဂျီအသင်း ပစ်မှတ်ထားနေ

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသည် မန်စီးတီးအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဆာဂျီယိုအဂူရိုအား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိသည်။ မန်စီးတီးအသင်းက ဆွမ်ဆီးအသင်းအား အနိုင်ရရှိခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြဂွါဒီယိုလာလက်ထက်တွင် အီတီဟက်ဒ်၌ ဆက်ရှိရေးမှာ မသေချာသေးကြောင်း တိုက်စစ်မှူးအဂူရိုက တရားဝင်ပြောကြားလာခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းက ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မန်စီးတီးအသင်းသို့ ဂါဘရီယယ်ဂျီးဆပ်ရောက်ရှိလာခဲ့ခြင်းကြောင့် တိုက်စစ်မှူးအဂူရိုက ၎င်းအနေဖြင့် မန်စီးတီးအသင်းနှင့် ရာသီကုန်တွင် လမ်းခွဲရန် ဒါမှမဟုတ် အသင်း၌ဆက်လက်ရှိနေရန်တို့ကို ဆုံးဖြတ်သွားမည်ဟုလည်း ပြောကြားခဲ့သည်။ အဂူရိုသည် ဂျီးဆပ်ရောက်လာခဲ့ခြင်းကြောင့် ၂၀၁၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပုံမှန်ပွဲထွက်ကစားခွင့်ပါ ပျောက်ခဲ့ရသည်။

နည်းပြ ဂွါဒီယိုလာကမူ ဂျီးဆပ်နှင့် အဂူရိုတို့မှာ အသင်းတစ်သင်းထဲတွင် အတူတကွကစားနိုင်သည့် ကစားသမားများဖြစ်ကြောင်းပြောကြားခဲ့သော်လည်း ဂျီးဆပ်ရောက်ရှိလာခဲ့ခြင်းမှာ အဂူရိုအတွက် ပုံမှန်ပွဲထွက်ကစားခွင့် ရရှိရေးဖိအားတစ်ရပ်ဖြစ်လာခဲ့သည်။ မန်စီးတီးအသင်းအနေဖြင့် အဂူရိုအား ရောင်းချရန်အစီအစဉ်မရှိကြောင်း ပြောကြားထားခဲ့သော်လည်း မန်စီးတီးအသင်းမှ အဂူရို ထွက်ခွာသွားခဲ့ပါက တိုက်စစ်ပိုင်းကို ထပ်မံအားဖြည့်ရန်အတွက် ဒေါ့မွန်တိုက်စစ်မှူး အော့ဘာမေယန်ကို ခေါ်ယူမည်ဟုပြောကြားထားသည်။

ပီအက်စ်ဂျီအသင်းသည် မန်စီးတီးအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး အဂူရိုအား ခေါ်ယူရန်ပစ်မှတ်ထားနေသည့်အပြင် အာဆင်နယ်အသင်းမှ ချီလီတိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်ကိုလည်း ပြင်သစ်မြေအရောက် ခေါ်ယူသွားရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ငွေကြယ် - စုစည်းရေးသားသည်

# ပိုလန်၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆု လီဝန်ဒေါစကီး ခြောက်နှစ်ဆက်တိုက်ဆွတ်ခူး

ပိုလန်တိုက်စစ်မှူး လီဝန်ဒေါစကီးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပိုလန်နိုင်ငံလက်ရွေးအသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ပိုလန်၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒေါစကီးသည် ပိုလန်၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ယခုတစ်ကြိမ်ထပ်မံရယူဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် အဆိုပါဆုကို ခြောက်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားလည်း ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူး လီဝန်ဒေါစကီးသည် ၂၀၁၆ ခုနှစ် တစ်နှစ်တာကာလအတွင်း ပိုလန်နိုင်ငံလက်ရွေးစင်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းအတွက် စုစုပေါင်းသွင်းဂိုး ၄၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ကာမီလ်ဂလစ်ခ်၊ ခရိုင်ချိုဝိတ်ခ်၊ မီလ်လစ်နှင့် ပက်ဇ်ဒန်တို့ကဲ့သို့သော ကစားသမားများကို ကျော်ဖြတ်ကာ ပိုလန်နိုင်ငံ၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လီဝန်ဒေါစကီးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘွန်ဒက်လီဂါဖလား၊ ဂျာမန်စူပါဖလားနှင့် ဂျာမန်ပိုကယ်ဖလားတို့ကို ရယူနိုင်ခဲ့ခြင်းကြောင့် ၂၀၁၆ ခုနှစ်သည် အောင်မြင်မှုရှိခဲ့သည့် နှစ်တစ်နှစ်ဖြစ်ခဲ့ပြီး ဘွန်ဒက်လီဂါ၏ ထိပ်တန်းဂိုးသွင်းရှင်အဖြစ်လည်း မှတ်တမ်းဝင်ထားသူဖြစ်ခဲ့ကာ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင်လည်း ပိုလန်အသင်းကို (၁၆)သင်းအဆင့်သို့ တက်လှမ်းနိုင်ရေး စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။



© Robert Lewandowski/twitter

# ဖာဘရီဂတ်စ်အား ခေါ်ယူရန် ရီးယဲလ်မက်ဒရစ်ဆန္ဒရှိနေ

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အားခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။ ချယ်လ်ဆီးနည်းပြကွန်တီက ကွင်းလယ်ပိုင်းတွင် ကန်တီနှင့် မာတစ်တို့ကို ထည့်သွင်းကစားစေခဲ့ခြင်းကြောင့် စပိန်ကြယ်ပွင့် ဖာဘရီဂတ်စ်သည် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေသည့် ကစားသမားဖြစ်သည်။

ထို့ကြောင့် ရီးယဲလ်မက်ဒရစ်အသင်းအပါအဝင် ကလပ်အသင်းအချို့က ဖာဘရီဂတ်စ်အား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းနှင့် ပရီမီယာလိဂ်ကလပ်ဝက်စ်ဟမ်းအသင်းတို့ကလည်း ခေါ်ယူရန် ချိတ်ဆက်မှုများရှိနေကြောင်းလည်း သိရသည်။

ဖာဘရီဂတ်စ်သည် ဘာစီလိုနာအသင်းတွင် ကစားသမားဘဝစတင်ခဲ့ကာ ၂၀၁၄ ခုနှစ်အတွင်းက ချယ်လ်ဆီးအသင်းသို့ မပြောင်းရွှေ့မီ ဘာစီလိုနာအသင်း၌ ဘောလုံးရာသီသုံးရာသီကြာ ကစားပေးခဲ့သည်။ ယင်းသို့ဘာစီလိုနာအသင်းတွင် မကစားမီ အာဆင်နယ်အသင်းတွင်လည်း ကစားခဲ့သူဖြစ်သည်။

# Job Vacancies

The Global New Light of Myanmar, the country's oldest continuously published English-language newspaper, is looking for experienced journalists to join its expanding editorial team. Applications should be sent no later than 21 February, 2017.

The GNLM currently has openings for a chief editor, two editors, five translators and reporters for its newsroom in Yangon.

1. Candidates for the chief editor (Male, Myanmar national) position must have the following qualifications.
- He must have extensive editorial experience with editing and must possess at least an MA English degree.
- He must have at least 15 years experience with print media in positions at the senior management level and possess good computer skills.
- He must be in good health and willing to work night shifts.
- He must be aged between 40 and 60.
- Salary is negotiable.

2. Candidates for two expatriate editors (Male/Female) must have following qualifications.
- He/she must be a native English speaker and must be a university graduate with a specialisation in journalism.
- He/she must have editing experience at newspapers or online publications.
- He/she must be in good health and willing to work night shifts.
- Age should be under 40, but those over 40 will be considered if he/she possesses excellent skills.
- Salary is negotiable.

3. Candidates for two senior translators (Male) must have the following qualifications.
- He must be a university graduate.
- He must be able to quickly translate and rewrite multiple stories from Myanmar to English, with at least 10 years experience in translation.
- He must be in good health and willing to work night shifts.
- Salary is negotiable.

4. Candidates for three junior translators (Male/Female) must have following qualifications.
- He/she must be a university graduate.
- He/she must be able to translate from Myanmar to English, with at least five years experience in translation.
- He/she can work night shifts.
- Salary is negotiable.

5. Candidates for three senior reporters (Male/Female) must have following qualifications.
- He/she must be a university graduate.
- He/she must be fluent in Myanmar and be able to write clear and concise copy in Burmese. Those who can write news stories in English will be preferred candidates.
- He/she must have experience with writing for an English-language newspaper or online publication. This will be a major advantage.
- He/she must have at least three years experience in print or online media.
- Salary is negotiable.

6. Candidates for junior reporters must have following qualifications.
- He/she must be a university graduate.
- He/she can write news stories clearly in Burmese.
- Salary is negotiable.

For further information, please call or email the following contacts. Applicants should send a cover letter and CV to No.150 NgaHtatGyi Pagoda Road, Bahan Township, Yangon, or email:gnlmdaily@gmail.com, dce@globalnewlightofmyanmar.com or call (01)8604529

# ရေဆေးသီးသန့်ပန်းချီပြပွဲ ပြသမည်



**ရန်ကုန် ဖေဖော်ဝါရီ ၇**

Watercolor 2017 အမည်ရှိ ရေဆေးသီးသန့် ပန်းချီပြပွဲတစ်ခုကို ရန်ကုန်မြို့ ယောမင်းကြီးလမ်းရှိ Gallery 65 တွင် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၄ ရက်ထိ ခင်းကျင်းပြသသွားမည်ဟုသိရသည်။ ပြသသွားမည့် ပန်းချီဆရာများမှာ မြင့်နိုင်၊ အောင်ဆင့်၊ ခင်မောင်ဇော်၊ ကျော်ကျော်နှင့် ထိုင်းနိုင်ငံမှ ရေဆေးပန်းချီဆရာ Direk KingNok တို့ဖြစ်သည်။

Watercolor ပန်းချီပြပွဲကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပထမဆုံးအကြိမ်ပြုလုပ်ခဲ့ပြီး ယခုနှစ်သည် လေးကြိမ်မြောက်ကျင်းပခြင်းဖြစ်သည်။ ထူးခြားမှုအနေဖြင့် ထိုင်းနိုင်ငံမှ ရေဆေးပန်းချီဆရာကို မြန်မာနိုင်ငံသို့ ဖိတ်ခေါ်၍ ပြသစေခြင်း ဖြစ်သည်။

"နောက်နှစ်တွေမှာလည်း ကျွန်တော်တို့အပြင် တခြားပြည်ပနိုင်ငံတွေက ရေဆေးအကျော်အမော်တွေကို ဖိတ်ခေါ်ပြီး အတူတူပူးပေါင်းပြသသွားဖို့ ရှိပါတယ်။ ဒီလိုပြသခြင်းက ပြပွဲမှာ မြန်မာပန်းချီဆရာတွေရဲ့ လက်ရာတွေအပြင် နိုင်ငံတကာက လက်ရာတွေကို အတူနှိုင်းယှဉ်ခံစားနိုင်မှာ ဖြစ်ပါတယ်" ဟု ပန်းချီဆရာ ခင်မောင်ဇော်က ပြောသည်။

ယင်းပြပွဲတွင် ပန်းချီဆရာ ငါးဦး၏ ပန်းချီကားပေါင်း ငါးဆယ်ကျော်ကို ပြသသွားမည် ဖြစ်သည်။ ပြပွဲဖွင့်လှစ်သည့်နေ့ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအတွင်း ထိုင်းရေဆေးပန်းချီဆရာမှ လက်တွေ့ရေးဆွဲပြသမည့် အစီအစဉ်လည်း ထည့်သွင်းထားသည်။ ပန်းချီကားတစ်ကား၏ တန်ဖိုးမှာအမေရိကန်ဒေါ်လာ ၅၀၀ မှ ၄၀၀၀ ခန့်အထိ တန်ဖိုးသတ်မှတ်ထားကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ ဓာတ်ပုံ-မီချီကိုဟန်**

# အကောင်းဆုံးရုပ်သံဖန်တီးမှုရုပ်ရှင် "Zootopia"




ယခုနှစ်အတွက် ရည်ရွယ်ကျင်းပတဲ့ အနုပညာထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ "Annie Awards"ဆုပေးပွဲကြီးမှာ ဝေါ့ထ်ဒစ်စနေရဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် "Zootopia"ဟာ အကောင်းဆုံး ရုပ်သံဖန်တီးမှုရုပ်ရှင်အဖြစ် ရွေးချယ်ခံခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၄ ရက်က ကျင်းပခဲ့တဲ့ အဆိုပါဆုပေးပွဲကြီးမှာ "Zootopia" ဟာ ဆုအရေအတွက်အများဆုံးရရှိခဲ့တဲ့ ရုပ်ရှင်တစ်ကားလည်း ဖြစ်ခဲ့ပါတယ်။ အဆိုပါရုပ်ရှင်ဟာ အမြင့်ဆုံးသောထူးချွန်ဆုဖြစ်တဲ့ အကောင်းဆုံးရုပ်သံဖန်တီးမှုရုပ်ရှင်ဆုအပါအဝင် ဆုပေါင်းခြောက်ဆုကို ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ရဲမေတစ်ဦးဖြစ်တဲ့ ယုန်မလေးတစ်ကောင်ကို ဇာတ်အိမ်တည်ဖန်တီးထားတဲ့ အဆိုပါစုံထောက်ရုပ်ရှင်ဟာ အခြားသော ရုပ်သံဖန်တီးမှု ရုပ်ရှင်တွေဖြစ်ကြတဲ့ "Moana"၊ "Finding Dory"၊ "Kung Fu Panda 3" နဲ့ "Kubo and the Two Strings" တို့ကို ကျော်လွန်ကာ အကောင်းဆုံးရုပ်သံဖန်တီးမှုရုပ်ရှင်အဖြစ် ရွေးချယ်ခံခဲ့ရတာဖြစ်ပါတယ်။

ယခုနှစ်မှာ ကျင်းပခဲ့တဲ့ (၄၄)ကြိမ်မြောက် "Annie Awards" ဆုပေးပွဲကြီးမှာ အခြားသော ရုပ်သံဖန်တီးမှုရုပ်ရှင်တွေဖြစ်ကြတဲ့ "Kubo and the Two Strings" နဲ့ "Moana" တို့ဟာလည်း ဆုအများဆုံးရရှိခဲ့တဲ့ ရုပ်ရှင်တွေထဲမှာပါဝင်ခဲ့ပြီး "Kubo and the Two Strings" ကတော့ ဆုပေါင်းသုံးဆုရရှိခဲ့ကာ "Moana" ကတော့ နှစ်ဆုကို အသီးသီးဆွတ်ခူးခဲ့ကြကြောင်းလည်း သိရပါတယ်။




# ပရိသတ်ရှေ့အရောက်ပြန်လာတော့မယ့် G-Friend

တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "G-Friend" ဟာ လာမယ့်မတ်လအတွင်း တေးသီချင်းသစ်တွေနဲ့အတူ ပရိသတ်ရှေ့မှောက် ပြန်လည်ရောက်ရှိလာတော့မှာဖြစ်ကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ တေးသီချင်းသစ်အတွက် ပြင်ဆင်နေတဲ့ "G-Friend" ဟာ လာမယ့်မတ်လရဲ့ ဒုတိယသီတင်းပတ်အတွင်း တေးသီချင်းသစ်တွေကို စတင်ထုတ်လွှင့်သွားဖို့ စီစဉ်ထားတာဖြစ်ပေမယ့် လတ်တလောအချိန်အထိ အသေးစိတ်အချက်အလက်တွေကိုတော့ ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်းလည်း သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ရဲ့ ဇန်နဝါရီလအတွင်း "G-Friend" ရဲ့ ပထမဆုံးသောတေးသီချင်း "Glass Bead" ကို ထုတ်လွှင့်ခဲ့ပြီး ဒုတိယမြောက်တေးသီချင်းကိုတော့ အဆိုပါနှစ်ရဲ့ ဇူလိုင်လအတွင်း စတင်ထုတ်လွှင့်ခဲ့ပါတယ်။ အဖွဲ့ရဲ့ တတိယမြောက် မီနီတေးအယ်လ်ဘမ်ကိုတော့ ၂၀၁၆ ခုနှစ် နှစ်စပိုင်းမှာ စတင်ထုတ်လွှင့်ခဲ့ကာ နောက်ထပ်တေးသီချင်းတွေကိုတော့ ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း စတင်ထုတ်လွှင့်ခဲ့ပြန်ပါတယ်။ ဒါ့ကြောင့် ခြောက်လကြာတိုင်းတေးသီချင်းသစ်တွေကို စတင်ထုတ်လွှင့်လေ့ရှိတဲ့ "G-Friend" ဟာ ယခုနှစ်ရဲ့အစပိုင်းမှာ တေးသီချင်းသစ်တွေကို ထုတ်လွှင့်ဖို့စီစဉ်ထားခဲ့ပေမယ့် မအားလပ်နိုင်တဲ့ အနုပညာလှုပ်ရှားမှုတွေကြောင့် ရွှေ့ဆိုင်းလာခဲ့ရကာ လာမယ့်မတ်လအတွင်းမှာမှ ပရိသတ်ရှေ့အရောက် ပြန်နိုင်တော့မှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ၂၀၁၇ ခုနှစ် ဂရမ်မီဆုပေးပွဲမှာ ကတ်တီပါရီ ပါဝင်ဖျော်ဖြေမည်



ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ကတ်တီပါရီဟာ ယခုနှစ်အတွက် ရည်ရွယ်ကျင်းပသွားမယ့် ဂရမ်မီဆုပေးပွဲကြီးမှာ ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် ဖေဖော်ဝါရီ ၁၂ ရက်မှာ ကျင်းပသွားမယ့် ဟောလိဝုဒ်ရဲ့ အထင်ကရ တေးဂီတဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ဂရမ်မီဆုပေးပွဲကြီးမှာ ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်း ကတ်တီပါရီက လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာကနေတစ်ဆင့် ဖော်ပြခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါဆုပေးပွဲကြီးမှာ ကတ်တီပါရီအပြင် ပါဝင်ဖျော်ဖြေကြမယ့် အခြားသော ဂီတကြယ်ပွင့်တွေကတော့ အဒဲလ်၊ ဘီယွန်းစေး၊ ဘရူနိုမားစ်၊ သယ်ဝိခ်ကန်းဒ်၊ ကာရီးအန်ဒါဝတ်ဒ်နဲ့ ကန်းထရီးတေးသံရှင် ကယ်လ်စီးဘောလာရီနီအပါအဝင် ယခုနှစ်ရဲ့ ဆန်ခါတင်ဆုစာရင်းမှာ ပထမဆုံးအကြိမ် ပါဝင်ခွင့်ရခဲ့တဲ့ တေးသံရှင်တွေလည်း ပါဝင်ဖျော်ဖြေသွားမှာဖြစ်ကြောင်း သိရပါတယ်။

အခြားသော နာမည်ကျော် တေးသံရှင်တွေဖြစ်ကြတဲ့ ဂျွန်လဲဂျန့်ထ်၊ ကိတ်ထ်အာဘန်နဲ့ မက်တယ်လီကာတို့ကလည်း ကတ်တီပါရီကို အားဖြည့် သီဆိုဖျော်ဖြေကြမှာဖြစ်ကြောင်း သိရပါတယ်။

ယခုနှစ်မှာ ကျင်းပမယ့် (၅၉)ကြိမ်မြောက် ဂရမ်မီဆုပေးပွဲကြီးမှာ ရုပ်သံအစီအစဉ်တင်ဆက်သူတစ်ဦးဖြစ်တဲ့ ဂျိမ်းစ်ကော်ဒန်က အခမ်းအနားမှူးအဖြစ် ပါဝင်ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး ယင်းဆုပေးပွဲကြီးကို CBS ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်သွားရန် စီစဉ်ထားကြောင်းလည်း သိရပါတယ်။

**အေး ပြည့် - စု စည်း ရေး သား သည်**



# ဂီတသက်တမ်းဆယ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကျင်းပမယ့် ဟွန်န

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ရက်ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဟွန်နက သူ့ရဲ့ ဂီတသက်တမ်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတစ်ခုကို ကျင်းပသွားရန်စီစဉ်ထားကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဆယ်စုနှစ်တစ်နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ သူ့ရဲ့ ဂီတလမ်းကြောင်းပေါ်က အောင်မြင်မှုတွေကို အမှတ်တရ ဂုဏ်ပြုတဲ့အနေနဲ့ ဟွန်နက သူ့ကိုအစဉ်တစိုက်အားပေးလာခဲ့ကြတဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံသွားဖို့စီစဉ်ခဲ့တာဖြစ်ပြီး အဆိုပါတွေ့ဆုံပွဲကိုတော့ "Fantopia, HyunA Land" လို့ အမည်ပေးထားပါတယ်။ ယင်းတွေ့ဆုံပွဲအတွက် ဝင်ကြေးအဖြစ် တစ်စုံတစ်ရာသတ်မှတ်တောင်းဆိုခြင်းရှိမှာမဟုတ်ဘဲ အခမဲ့ကျင်းပသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ရှည်လျားလှတဲ့ ဟွန်နရဲ့ အနုပညာခရီးလမ်းကို အမှတ်တရဖြစ်စေဖို့အတွက် ကျင်းပသွားမယ့် အဆိုပါတွေ့ဆုံပွဲကို လာမယ့်ဖေဖော်ဝါရီ ၁၇ ရက်မှာ တောင်ကိုရီးယားနိုင်ငံ မာပိုခရိုင်မှာရှိတဲ့ စိုဂန်းတက္ကသိုလ်မှာ ကျင်းပသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ဟွန်နရဲ့ ဂီတလမ်းကြောင်းကို ပြန်လည်ကြည့်ရှုကြည့်ရမယ်ဆိုပါက သူဟာ ၂၀၀၇ ခုနှစ်မှာ အနုပညာလောကထဲကို စတင်ခြေချခဲ့တာဖြစ်ပါတယ်။ ဂီတလုပ်ငန်းထဲကို အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Wonder Girls"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် စတင်ဝင်ရောက်လာခဲ့တဲ့ ဟွန်နဟာ နောက်ပိုင်းမှာ အခြားသော အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "4Minute"ရဲ့ အဖွဲ့ဝင်တစ်ဦးအဖြစ် ပြောင်းလဲခရီးဆက်ခဲ့ကာ အဆိုပါတေးဂီတအဖွဲ့နဲ့ အောင်မြင်တဲ့ တေးသီချင်းပေါင်းများစွာကို အတူဖန်တီးနိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက် ၂၀၁၀ ခုနှစ်အတွင်းမှာတော့ တစ်ကိုယ်တော် တေးသံရှင်တစ်ဦးအဖြစ် ရပ်တည်ခဲ့ကာ သူ့ရဲ့စွဲဆောင်မှုရှိလှတဲ့ ဖျော်ဖြေတင်ဆက်မှုတွေကြောင့် အထူးကျော်ကြားလာခဲ့သူလည်း ဖြစ်ပါတယ်။ တစ်ကိုယ်တော်တေးသံရှင် ဟွန်နရဲ့ တေးသီချင်းတွေအနက် အထူးကျော်ကြားခဲ့တဲ့ တေးသီချင်းတွေကတော့ "Change"၊ "Bubble Pop"၊ "Ice Cream"၊ "Red" နဲ့ " How's This?"တို့ဖြစ်ကြပြီး ကမ္ဘာကျော်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ PSY ရဲ့ တေးသီချင်း "Gangnam Style" မှာလည်း ပါဝင်အားဖြည့်သီဆိုပေးခဲ့သူလည်း ဖြစ်ပါတယ်။



# စစ်မှုမထမ်းမီ အဖွဲ့ဝင်တွေကို တွေ့ဆုံဖို့ T. O. P ငြင်းဆို

တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG" မှ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ T. O. P ဟာ မကြာမီမှာ စစ်မှုထမ်းရတော့မှာဖြစ်ပြီး စစ်မှုမထမ်းမီ အခြားသောအဖွဲ့ဝင်တွေနဲ့ တွေ့ဆုံနှုတ်ဆက်တာတွေလုပ်မှာ မဟုတ်ကြောင်း လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် ဖေဖော်ဝါရီ ၉ ရက်မှာ သူ့ရဲ့စစ်မှုထမ်းကာလတွေကို စတင်ရတော့မယ့် T. O. P ဟာ စစ်မှုထမ်းဖို့အတွက် တိတ်တဆိတ်ထွက်ခွာသွားမှာဖြစ်ပြီး သူ့ရဲ့တေးဂီတအဖွဲ့ဝင်တွေကို နှုတ်ဆက်သွားမှာမဟုတ်ကြောင်း သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ "BIGBANG" ရဲ့ ဓာတ်ပုံတစ်ပုံနဲ့အတူ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၇ ရက်က ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဒီလိုလာရောက်တွေ့ဆုံနှုတ်ဆက်ခြင်းမပြုဖို့ ဆုံးဖြတ်ခဲ့ရတာဟာ စစ်မှုထမ်းကာလအတွင်း အဖွဲ့ဝင်တွေကိုလွမ်းတဲ့စိတ်တွေ ပိုလာမှာကိုစိုးရိမ်တဲ့အတွက် ဖြစ်ကြောင်းလည်း T. O. P က ရေးသားဖော်ပြခဲ့ရာ အခြားသော အဖွဲ့ဝင်တွေဖြစ်ကြတဲ့ "G-Dragon"နဲ့ တေးယန်းတို့က ပြန်လည်ဝေဖန်ပြောဆိုခဲ့ကြကြောင်းလည်း သိရပါတယ်။



# တိုင်းဒေသကြီးရန်ပုံငွေဖြင့်တောင်သူအကျိုးပြု စက်မှုလယ်ယာစနစ်တကျလယ်ယာမြေဖော်ထုတ်

**မန္တလေး ဖေဖော်ဝါရီ ၇**
စက်မှုလယ်ယာ ဦးစီးဌာနက လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းကာ တောင်သူများ အကျိုးရှိရေး ကူညီပေးလျက်ရှိသည်။ နိုင်ငံတော်တွင် လက်ရှိကျင့်သုံးလျက်ရှိနေသည့် သမားရိုးကျ လယ်ယာစိုက်ပျိုးရေးနည်းစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးတွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စက်မှုလယ်ယာ စနစ်တကျလယ်မြေများကို ဖော်ထုတ်ပေးလျက်ရှိသည်။ စက်မှုလယ်ယာစနစ်တကျ လယ်မြေဖော်ထုတ်ခြင်းတွင် ပုံသဏ္ဍာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးဖြင့် တည်ရှိနေသော သမားရိုးကျ လယ်ကွက်ငယ်များကို ရေသွင်းရေထုတ် မြောင်းများ၊ ကုန်ထုတ်လမ်းများပါဝင်ပြီး အတိုင်းအတာ အရွယ်အစားမှန်ကန်သည့် စက်မှုလယ်ယာ စနစ်တကျ လယ်ကွက်ကျယ်များ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် လယ်ကွက်တိုင်း ကုန်ထုတ်လမ်းပါရှိအောင်ပြုခြင်း၊ လယ်ကွက်တစ်ကွက်ချင်း အနေဖြင့် စက်စွမ်းအားပြည့် အသုံးပြုနိုင်မည့် လုံလောက်သော အကျယ်အဝန်းဖြစ်အောင် ပြုလုပ်ခြင်း၊ လယ်ကွက်များ ထောင့်မှန်စတုဂံ ပုံသဏ္ဍာန်ရှိအောင် ပြုလုပ်ခြင်း၊ မြေမျက်နှာ ညီညာအောင် ပြုလုပ်ခြင်းများ၊ ရေသွင်း ရေထုတ်မြောင်းပြုလုပ်ခြင်း၊ ကန်းသင်းကောင်းမွန်အောင်ပြုလုပ်ခြင်းများ ပြုလုပ်ကြရသည်။

ထိုသို့ပြုလုပ်သည့် ကုန်ကျစရိတ်များကို တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေဖြင့် ပြုလုပ်ဖော်ဆောင်ပေးခြင်းပင်ဖြစ်သည်။ ထိုဆောင်ရွက်မှုတွင် စက်မှုလယ်ယာဦးစီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ကြရသည်။ စက်မှုလယ်ယာဦးစီးဌာနမှ စက်ယန္တယားများ အသုံးပြုကာ ကန်သင်းဖျက်ခြင်း၊ ထယ်ထိုးထွန်မွှေခြင်း၊ ကန်သင်းဖော်ခြင်း၊ မြေညှိခြင်းများ ဆောင်ရွက်ပေးရသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပင်မကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ ကုန်ထုတ်လမ်းသွယ်များဖောက်လုပ်ခြင်း၊ ရေနှုတ်မြောင်းတူးခြင်း၊ ရေသွင်းမြောင်းတူးခြင်း၊ ကန်သင်းတင်ခြင်းများ ပြုလုပ်ပေးရသည်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တောင်သူများ မူလပိုင်ဆိုင်မှုအတိုင်းတာ အတည်ပြုခြင်း၊ အသစ်ဖြစ်ပေါ်လာသည့် စနစ်တကျလယ်မြေကွက်များကို ပြန်လည်ခွဲဝေပေးခြင်းများကို ပြုလုပ်ပေးကြရသည်။

တိုင်းဒေသကြီးရန်ပုံငွေဖြင့် စက်မှုလယ်ယာစနစ်ကျလယ်မြေဖော်ထုတ်ပေးခြင်းဖြင့် တောင်သူများမှာ အကျိုးရှိလာမည်ဖြစ်သည်။ လက်ရှိကာလတွင် မန္တလေးတိုင်းဒေသကြီးတွင် စက်မှုလယ်ယာ စနစ်ကျလယ်မြေဧက ၅၀၀ ဖော်ထုတ်လျက်ရှိသည်။ အမရပူရမြို့နယ် တမုဆိုးရွာဒေါင်းရွေးကွင်းတွင် ဧက ၂၀၀၊ မတ္တရာမြို့နယ် မွေပုံကန်တွင်ဧက၁၀၀၊ လက္ကောင်းကြီးတွင်ဧက ၁၀၀၊ မြင်းခြံ ထနောင်းတိုင်ရွာတွင်ဧက ၁၀၀ စုစုပေါင်း ဧက ၅၀၀ ကို ဖော်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

## ဆည်ရေစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၂)ဖွင့်လှစ်

**ပဲခူး ဖေဖော်ဝါရီ ၇**
ဆည်ရေစီမံခန့်ခွဲမှုလုပ်ငန်းများအား ဆည်ရေအသုံးပြုသူ လယ်သမားများ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရန်နှင့် ဆည်ရေအသုံးပြုသူအဖွဲ့များ (Water User Groups) တို့ချဲ့ဖွဲ့ စည်းဆောင်ရွက်လာနိုင်စေရန်ရည်ရွယ်၍ ဆည်ရေစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၂) ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ ပဲခူးမြို့တွင် ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ငါးရက်တာ သင်တန်းဖွင့်လှစ်သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ)သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၀ တက်ရောက်ကြသည်။ သင်တန်းတွင် စိုက်ပျိုးရေစနစ်တကျစီမံခန့်ခွဲမှုနည်းစနစ် ရေသုံးစွဲသူအဖွဲ့အစည်းများ ဖွဲ့စည်းပုံစနစ် ရာသီဥတုပြောင်းလဲမှုကြောင့် ရေစီမံခန့်ခွဲမှုအပေါ် အကျိုးသက်ရောက်မှုများစသည်ဖြင့် ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပြီး JICA Advisor နှင့် JICA Senior VoIunteer တို့မှလည်း ဆည်ရေအသုံးပြုသူအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် Partcipatory Irrigation Management နည်းပညာများ ဂျပန်နိုင်ငံ၏ လယ်သမားများပါဝင်ဆောင်ရွက်သည့် ဆည်ရေစီမံခန့်ခွဲမှုနည်းစနစ်များအား ပူးပေါင်းဆွေးနွေးသွားမည်ဖြစ်သည်။

သင်တန်းကာလအတွင်း ခပေါင်းဆည်ရေသောက်ရှိအဆင့်မြင့် လယ်ယာမြေလုပ်ငန်းများသို့ လက်တွေ့ ကွင်းဆင်း သွားရောက်လေ့လာကြမည်ဖြစ်ပြီး သင်တန်းနောက်ဆုံးနေ့တွင် သင်တန်းသားများအား အုပ်စုငယ်များဖွဲ့၍ မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများပေါ် မူတည်ကာ ဆည်ရေကိုအကျိုးရှိစွာအသုံးချနိုင်ရန်နှင့် တောင်သူလယ်သမားများအား ဆည်ရေအသုံးပြုသူအဖွဲ့များ၊ Water User Groups များ ဖွဲ့စည်းပေးရာတွင် တွေ့ကြုံရမည့် အခြေအနေများအား အဖွဲ့လိုက် တင်ပြဆွေးနွေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

**ရွှေဘုန်းအောင် (ပဲခူး)**

## ပြည်သူ့ဗဟိုပြုသောရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်းအမှတ်စဉ်(၁/၂၀၁၇)ဖွင့်လှစ်

**မန္တလေး ဖေဖော်ဝါရီ ၇**
မန္တလေးခရိုင်တွင်းရှိ မြို့နယ်အသီးသီးမှ တပ်ဖွဲ့ဝင်များကို စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ပြီး စွမ်းရည်ပြည့်ဝထက်မြက်သည့် တပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ဆောင်ရွက်ပြီး ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်စေရန်နှင့် ရဲလုပ်ငန်းများကို စနစ်တကျတာဝန်ထမ်းဆောင်နိုင်ရန် ရည်ရွယ်ချက်ကောင်းတို့ဖြင့် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီခွဲက ပြည်သူ့ဗဟိုပြုသော ရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်းအမှတ်(၁/၂၀၁၇) သင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။




အခမ်းအနားတွင် မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စိန်ထွန်းက သင်တန်းဖွင့်အမှာစကား ပြောကြား၍ သင်တန်းကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင့်ပွားသင်တန်းကို မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့မစခန်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ခရိုင်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ တပ်ဖွဲ့ဝင် အရာရှိ ခုနစ်ဦး၊ အခြားအဆင့် ရှစ်ဦး၊ စုစုပေါင်း ၁၅ ဦးတို့ကို သင်တန်းနည်းပြများက ဖေဖော်ဝါရီ ၆ ရက်မှ ၁၇ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ယာဉ်/လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြော

**ထားဝယ် ဖေဖော်ဝါရီ ၇**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အမှတ်(၁၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ ခွဲမှူးယာယီရဲမှူး အောင်ကြီးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ် အကြောင်း၊ မော်တော်ဆိုင်ကယ်စီးနင်းသူအားလုံး ဘေးကင်းလုံခြုံသော ဆိုင်ကယ်စီး ဦးထုပ်များဆောင်းကြရန် ၊ ယာဉ်မောင်းသူနှင့် ယာဉ်ပေါ်လိုက်ပါစီးနင်းသူအားလုံး အသက်ကယ် ထိုင်ခုံခါးပတ်ပတ်ကြရန်၊ ဆိုင်ကယ်မောင်းနှင်းစဉ် အရှိန်ပြင်းစွာ မမောင်းရန် အသိပညာပေးဟောပြောခဲ့သည်။



ဆက်လက်၍ အမှတ်(၃၃)မူးယစ်တပ်ဖွဲ့စုမှူး ဒုရဲမှူးစံသောင်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအကြောင်း အသိပညာပေးဟောပြောပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကျောက်ဆည်ခရိုင်ပြန်/ဆက်ဦးစီးဌာနမှ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းဖွင့်

**ကျောက်ဆည် ဖေဖော်ဝါရီ ၇**
ပြန်ကြားရေးဝန်ကြီးဌာန ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။


အခမ်းအနားတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကျော့မြတ်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်း စည်းကမ်းများကို ပြောကြားခဲ့သည်။

ဆက်လက်၍ တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘိုမောင်က နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေဆိုင်ရာများ၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကျော့မြတ်ခိုင်က ပြည်သူ့ဆက်ဆံရေး ဘာသာရပ်များ၊ စဉ့်ကိုင်မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက ငွေစာရင်းထိန်းသိမ်းနည်းဘာသာရပ်များ၊ မြစ်သားမြို့နယ်ဦးစီးမှူး ဦးရဲဝင်းထွန်းက ရုံးစာရေးသားနည်းနှင့် စီမံခန့်ခွဲရေးဘာသာရပ်များနှင့် နိုင်ငံ့သမိုင်းအဆင့်ဆင့်ပြောင်းလဲတိုးတက်လာမှုများ၊ ကျောက်ဆည်မြို့နယ်ဦးစီးမှူး ဒေါ်ခင်စောလွင်က ပြည်သူ့စာကြည့်တိုက်များ စီမံခန့်ခွဲရေးဆိုင်ရာများ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။


အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခင်မောင်လွင်)**

❒




# တစ်ပတ်အတွင်း ထူးခြားအားကစားသတင်းများ




*မန်စီးတီး သွေးသစ်တိုက်စစ်မှူးလေး ဂါဘရီယယ်ဂျီးဆပ်ဇ်ရဲ့ ယုံကြည်ရာ ၃၃၊ ဟောလိဝုဒ် စတားများနဲ့ အမြွှာတွေလို ရုပ်တူတဲ့ ဘောလုံးကြယ်ပွင့်များ၊ မန်ယူကို ဂရစ်ဇ်မန်း ပြောင်းချင်တဲ့ အဓိက အကြောင်းရင်းတစ်ရပ်၊ ကိုယ့်ကိုယ်ကိုယ်အထင်ကြီးလွန်းတဲ့မော်ရင်ဟိုကို ဝေဖန်လိုက်တဲ့ ဂွါဒီယိုလာစတဲ့အကြောင်းအရာတွေအပြင် ယခုတစ်ပတ် အားကစားလောကအတွင်း ထူးခြားစွာဖြစ်ပျက်ခဲ့ရ၊ သိခဲ့ရတဲ့ အကြောင်းအရာ အချို့ကို ရည်ရွယ်တင်ဆက်ပေးမှာဖြစ်ပါတယ်။ ဒီကဏ္ဍအတွက် သတင်းတွေကို ရွေးချယ်ရာမှာ အများအားဖြင့် ကွင်းတွင်းဖြစ်ပျက်ခဲ့တဲ့ ထူးခြားတဲ့ အကြောင်းအရာအပြင် ကစားသမားများနဲ့ ဆက်စပ်နေတဲ့ လူမှုရေး ကိစ္စရပ်တွေလည်း ပါဝင်တာကြောင့် သာမန်အားကစားသတင်းတွေထက် ပိုမို ဖျော်ဖြေရေး ဆန်တဲ့ အကြောင်းအရာတွေ ပါဝင်နေမှာဖြစ်ပါတယ်။*

## အယ်လီရဲ့မျက်နှာကို နှစ်ကြိမ်တိုင် တွန်းထိုးခဲ့တဲ့ ဗဲလ်ဒက်စ်

စပါး-မစ်ဒယ်ဘရော့တို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မစ်ဒယ်ဘရော့ဂိုးသမား ဗဲလ်ဒက်စ်ဟာ စပါးရဲ့ဒယ်လီအယ်လီနဲ့ ကတောက်ကဆဖြစ်ပြီးနောက် စိတ်မထိန်းနိုင်တဲ့ ပုံစံနဲ့ ဒယ်လီရဲ့ မျက်နှာကိုနှစ်ကြိမ်တိုင်တွန်းထိုးခဲ့ပါတယ်။ အယ်လီကတော့ ဗဲလ်ဒက်စ်ကို ကိုယ်ထိလက်ရောက်မတုံ့ပြန်ဘဲ ဒိုင်လူကြီး မာ့ခ်ကလာတန်ဘာ့ဂ်ျရဲ့ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေခဲ့ပေမယ့် ဒိုင်က ဒီဖြစ်ရပ်ကို မြင်တွေ့ခဲ့ခြင်းမရှိတာကြောင့် ပွဲချိန်အတွင်း အရေးယူမှု တစ်စုံတစ်ရာ လုပ်ဆောင်ခဲ့ခြင်းမရှိပါဘူး။စပါးအသင်းက အဲဒီပွဲမှာ မစ်ဒယ်ဘရော့အသင်းကို ခြေစွမ်းပိုင်းအရ အသာစီးရအောင်မကစားနိုင်ပေမယ့် တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ဦးဆောင်နိုင်ခဲ့တာကြောင့် ဘိုရိုဂိုးသမား ဗဲလ်ဒက်စ် လိုအပ်တာထက်ပိုပြီး ဒေါသဖြစ်နေတာလို့ သုံးသပ်မှုတွေလည်းရှိနေပါတယ်။ ဒီဖြစ်ရပ်ကို အက်ဖ်အေက ပြန်လည် စိစစ်မှု ပြုသွားမယ်လို့ ထုတ်ပြန်ခဲ့တာကြောင့် ဗဲလ်ဒက်စ်အနေနဲ့ သုံးပွဲပယ် ပြစ်ဒဏ်ချမှတ်ခံရဖို့ရှိနေတယ်လို့လည်း သိရပါတယ်။ တကယ်လို့ ဒီပြစ်ဒဏ်သာ အမြန်ဆုံး အသက်ဝင်မယ်ဆိုရင် အဲဗာတန်၊ ခရစ္စတယ်ပဲလေ့စ်နဲ့ စတုတ်စီးတီးတို့နဲ့ ကစားမယ့်ပွဲစဉ်တွေကို လွဲချော်မှာဖြစ်ပါတယ်။

## ဂါဘရီယယ်ဂျီးဆပ်ဇ်ရဲ့ ကျောနံပါတ်(၃၃) ဝတ်ဆင်ရခြင်းအကြောင်း

မန်စီးတီးရဲ့ တိုက်စစ်မှူးသစ် ဂါဘရီယယ်ဂျီးဆပ်ဇ်က ဝါရင့်တိုက်စစ်မှူး အဂူရိုကို အရန်ခုံပေါ်ရောက်သွားစေတဲ့အထိခြေစွမ်းပြနိုင်သူပါ။ ဂျီးဆပ်ဇ်က အခုမှ အသက်(၂၀)သာရှိသေးပေမယ့် သူ့ရဲ့ တောက်ပလွန်းတဲ့ ခြေစွမ်းကြောင့် သုံးနှစ်အတွင်း ဘလွန်းဒီအောဆု ရရှိနိုင်မယ့်သူအဖြစ် ခန့်မှန်းချက်ပေးခံရသူဖြစ်ပါတယ်။ ဂျီးဆပ်ဇ်က ဝက်စ်ဟမ်းနဲ့ ပွဲမှာ သူ့ရဲ့ မန်စီးတီးပွဲဦးထွက် သွင်းဂိုးကို သွင်းယူနိုင်ခဲ့သလို ဆွမ်ဆီးနဲ့ ပွဲမှာလည်း မန်စီးတီးရဲ့ သွင်းဂိုးနှစ်ဂိုးစလုံးကို သူတစ်ဦးတည်း သွင်းယူပေးခဲ့တာပါ။

ဂျီးဆပ်ဇ်က ယခင်ကလပ်အသင်းဟောင်း ပါမီးရက်စ်မှာလည်း ကျောနံပါတ်(၃၃)ကိုသာ ဝတ်ဆင်ခဲ့သူဖြစ်သလို မန်စီးတီးမှာလည်းပဲ ကျောနံပါတ်(၃၃)ကိုသာ ဆက်လက်ရွေးချယ်ခဲ့တာဖြစ်ပါတယ်။သူက ကစားသမားအများစု မက်မောကြတဲ့ ကျောနံပါတ်(၁၀)၊ (၇)၊ (၉)တို့လို နာမည်ကျော် ကစားသမားများ ဝတ်ဆင်ခဲ့ကြတဲ့နံပါတ်ကို မဝတ်ဆင်ဘဲ ဘာလို့ မထင်မရှားဖြစ်တဲ့ ကျောနံပါတ်(၃၃)ကိုရွေးချယ်ခဲ့တာလည်း ဆိုတာကိုလည်း ပရိသတ်များနားလည်အောင် ရှင်းပြခဲ့ပါတယ်။ ခရစ်တော်က အသက်(၃၃)နှစ်အရွယ်အရောက်မှာ လက်ဝါးကတ်တိုင်မှာ စီရင်ခံခဲ့ရတာကြောင့် ဘာသာရေး ယုံကြည်မှု ပြင်းထန်တဲ့ ဂျီးဆပ်ဇ်က ကျောနံပါတ်(၃၃)ကိုပဲ မြတ်မြတ်နိုးနိုး ဝတ်ဆင်တာလို့ ဆိုပါတယ်။ သူကတော့ ဒီနံပါတ်ကို ဝတ်ဆင်တာက ခရစ်တော်ကို အရိုအသေပြုခြင်းဖြစ်ပြီး သူကို ခရစ်တော် အမြဲစောင့်ရှောက်နေတယ်လို့ ယုံကြည်တာကြောင့် ဘယ်အသင်းကိုပဲရောက်ရောက် ကျောနံပါတ်(၃၃)ကို ဝတ်ဆင်ဖို့ တောင်းဆိုတာဖြစ်ကြောင်း ပြောပါတယ်။

## ဟောလိဝုဒ်စတားများနဲ့ တူတဲ့ ဘောလုံးကြယ်ပွင့်များ

ယခုနောက်ပိုင်းနှစ်တွေမှာ ဘောလုံးလောကဟာ ကမ္ဘာ့ဈေးကွက်တစ်ခု ဖြစ်နေပြီး ဘောလုံးကစားသမားတွေက ဟောလိဝုဒ်ကြယ်ပွင့်တွေလို စတိုင်ကျကျနဲ့ နေထိုင်ပြုမူလာကြပါတယ်။ ဒါကြောင့် ပရိသတ်ကလည်း ဘယ်ကစားသမားကတော့ ဘယ်မင်းသားနဲ့တူတယ် စသဖြင့် နှိုင်းယှဉ်မှုတွေလည်း ပြုလာကြပါတယ်။ ဟောလိဝုဒ်ကြယ်ပွင့်တွေနဲ့ တူတယ်လို့ နှိုင်းယှဉ်ခဲ့ရတဲ့ ကစားသမားတွေကတော့ ၁၈ယောက်တောင်ရှိပါတယ်။ ဒီထဲမှာမှ ထင်ရှားတဲ့ နှိုင်းယှဉ်မှုအချို့ကို ဖော်ပြရရင် မိုက်ကယ်ဘောလက်က မက်ဒေမွန်၊ ဘလက်ဇီကောစကီးက စီယံဘင်န်၊ ဂါရတ်ဘယ်ရီနဲ့ ရစ်ချက်ဂီ၊ ဗာမေလန်နဲ့ ဂျူဒ်လော၊ ဟမ်းမဲလ်နဲ့ အော်လန်ဒိုဘလွန်း၊ ဖာဘရီဂတ်စ်နဲ့ ကွင်တို၊ နီကိုပေါ်လစ်ဒစ်နဲ့ ဂျော့ဂျ်ကလူနီးတို့ဖြစ်ကြပါတယ်။ ဒီလိုပါပဲ ဟောလိဝုဒ်ကြယ်ပွင့်များနဲ့ ရုပ်ချင်းဆင်တဲ့ ဘောလုံးအသင်းမန်နေဂျာများလည်းရှိကြရာ အထင်ရှားဆုံးကတော့ ဘရာဇီးအသင်းကို ကိုင်တွယ်ခဲ့ဖူးတဲ့ နည်းပြကြီး စကိုလာရီနဲ့ ဟက်ဒ်မန်းတို့ အတော်လေးတူကြတာဖြစ်ပါတယ်။ လောကမှာ နာမည်တူမရှား လူတူမရှားဆိုတာ ရှိတတ်ပေမယ့် ဟောလိဝုဒ်စတားများနဲ့ ရုပ်ချင်းဆင်ကြတဲ့ ကစားသမားတွေ၊ နည်းပြတွေအတွက်တော့ အခြားသူများထက် ဂုဏ်ယူစရာ ပိုဖြစ်နေမှာဖြစ်ပါတယ်။

## မန်ယူကို ဂရစ်ဇ်မန်း ဒါကြောင့် ပြောင်းချင်တယ်

မန်ယူအသင်းက အက်သလက်တီကို တိုက်စစ်မှူး ဂရစ်ဇ်မန်းကို ယူရိုသန်း ၁၃၀ အထိ အသုံးပြုခေါ်ယူတော့မယ်လို့ သတင်းတွေထွက်နေသလို ဂရစ်ဇ်မန်းကိုယ်တိုင်လည်း ဘာလို့ မန်ယူမှ မန်ယူဖြစ်နေသလဲ စဉ်းစားရ အောင်ပါ။ ဒီဖြစ်ရပ်က ပေါ့ဘာနဲ့ ဂရစ်ဇ်မန်းကြား ခိုင်မြဲတဲ့ရင်းနှီးမှု၊ လစာမြောက်မြားစွာရရှိမှုတို့ကြောင့်လို့ ယေဘုယျကျကျစဉ်စားနိုင်ပေမယ့် ဂရစ်ဇ်မန်းဟာ ဘက်ခမ်းကို အင်မတန်ကြိုက်နှစ်သက်တဲ့ ဘက်ခမ်းရဲ့ အမာခံ ပရိသတ်ဖြစ်တာကြောင့် သူ့ကို ကမ်းလှမ်းနေတဲ့အသင်းတွေ အများကြီးအနက် မန်ယူကိုသာ ပြောင်းရွှေ့လိုနေတာဖြစ်ပါတယ်။ ဒါကြောင့် ဂရစ်ဇ်မန်းက ပြင်သစ်အသင်းမှာသာမက အက်သလက်တီကို အသင်းမှာပါ မန်ယူအသင်းမှာ ဘက်ခမ်း ဝတ်ဆင်ခဲ့တဲ့ ကျောနံပါတ် (၇)ကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ ဂရစ်ဇ်မန်းရဲ့ ဘက်ခမ်းကို အရူးအမူးကြိုက်နှစ်သက်တဲ့ စိတ်ကြောင့်လည်း မန်ယူအသင်းကို ပြောင်းရွှေ့ချင်တယ်ဆိုတာ အင်မတန် လူသိနည်းတဲ့ အကြောင်းတရားဖြစ်ပါတယ်။ ဒါ့အပြင် ဂရစ်ဇ်မန်းက သူ့ရဲ့အေးဂျင့်ဖြစ်သူနဲ့ ၂၀၁၆ ခုနှစ်အတွင်း လမ်းခွဲခဲ့တာကြောင့် လတ်တလောမှာ အေးဂျင့်မရှိတဲ့ ကစားသမားဖြစ်နေပါတယ်။ ဒီလိုအခြေအနေတွေကြောင့်လည်း ဂရစ်ဇ်မန်း မန်ယူကို ပြောင်းရွှေ့၊ မရွှေ့ဆိုတာ သူနဲ့ အက်သလက်တီကိုအသင်းတို့ကြား သဘောတူညီချက်သာ အဓိကလိုတဲ့အနေအထားဖြစ်နေပါတယ်။

## စပါယ်ရှယ်ဝမ်းလို့ ကိုယ့်ကိုယ်ကိုယ် ယူဆပေမယ့်

ပေါ်တူဂီလူမျိုးနည်းပြမော်ရင်ဟိုက ကိုယ့်ကိုယ်ကိုယ် စပါယ်ရှယ်ဝမ်းလို့ သုံးနှုန်းတတ်သူဖြစ်ပြီးသူဟာ ကမ္ဘာ့အကောင်းဆုံးနည်းပြတစ်ဦးလို့ သူ့ကိုယ်သူ ယုံကြည်သူပါ။ မော်ရင်ဟိုက ပေါ်တို၊ ချယ်လ်ဆီး၊ အင်တာမီလန်အသင်းတွေမှာ အောင်မြင်မှု အကြီးအကျယ်ရခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့လာခဲ့ပါတယ်။ ရီးယဲလ်မှာတော့ ထင်သလောက် အောင်မြင်မှု မရခဲ့ပေမယ့် တပ်ပျက်နေတဲ့ ချယ်လ်ဆီးကို တစ်ကျော့ပြန် ကိုင်တွယ်ပြီး ပရီမီယာလိဂ်ဖလား ရစေခဲ့ပေမယ့် နောက်နှစ်ဘောလုံးရာသီမှာတော့ ရလဒ်ဆိုးတွေကြောင့် ထုတ်ပယ်ခံရပြန်ပါတယ်။ ဒီနှစ်တော့ မန်ယူအသင်းကို ကိုင်တွယ်နေပြီး ရလဒ်ပိုင်းလည်း အကောင်းကြီးမဟုတ်ပေမယ့် သူဟာ မန်ယူအသင်းမှာ ကာလကြာရှည်နေပြီး ဖာဂူဆန်ထက် အောင်မြင်တဲ့ ခေတ်တစ်ခေတ်ကို ထူထောင်မယ်လို့ ကြွေးကြော်လိုက်ပါတယ်။ မော်ရင်ဟိုရဲ့ အခုလို ပြောကြားနေမှုတွေဟာ မန်စီးတီးနည်းပြ ဂွါဒီယိုလာရဲ့ နားထဲကို ကန့်လန့်ဝင်နေတဲ့ ပုံပေါ်ပါတယ်။ ဂွါဒီယိုလာက "အပြောတွေသိပ်များနေပြီဆို မလိုအပ်တဲ့ ဖိအားတွေ ခင်ဗျားအပေါ် ပိုပြီးကျရောက်လာပါတယ်။ မန်ယူအသင်းကစားတဲ့ပုံဟာ စတုတ်စီးတီးနဲ့တောင် ဆင်တူနေသေးတယ်" လို့တုံ့ပြန်ခဲ့ပါတယ်။ ဆိုတာကတော့ မော်ရင် ဟိုဘယ်လိုပဲ အပြောကြီးနေပါစေ ဂွါဒီယိုလာရဲ့ မျက်စိထဲမှာတော့ သာမန်နည်းပြတစ်ဦးလို့သာ ထင်မြင်တယ်ဆိုတာ ဒီစကားတွေကို ကြည့်ပြီး အဖြေထုတ်ရင် သိနိုင်ပါတယ်။


## သွားဖို့ အချိန်တန်ပါပြီ


အာဆင်နယ်အသင်းက ဝက်ဖို့ဒ်အသင်းနဲ့ ချယ်လ်ဆီးအသင်းကိုနှစ်ပွဲဆက်တိုက်အရေးနိမ့်မှုနဲ့အတူ ဒီနှစ်ရာသီမှာလည်း ပရီမီယာလိဂ်ဖလား အိပ်မက်အဆုံးသတ်သွားပြန်ပါပြီ။ ဝက်ဖို့ဒ်ကို အရေးနိမ့်ပြီးနောက် ဝင်းဂါးက အာဆင်နယ်ဟာ ချယ်လ်ဆီးကို အနိုင်ကစားပြီး ပရီမီယာလိဂ်ချန်ပီယံအိပ်မက်ကို အသက်ဝင်စေမယ်လို့ ကတိပြုခဲ့ပေမယ့် တကယ်တမ်းကျတော့ သုံးဂိုး-တစ်ဂိုးဆိုတဲ့ ရလဒ်နဲ့အရေးနိမ့်သွားပြန်ပါတယ်။ လီဗာပူးအနေနဲ့ ဟားလ်စီးတီးကို အရေးနိမ့်ခဲ့တာတောင် ချယ်လ်ဆီး-အာဆင်နယ်ပွဲရလဒ်ကြောင့် လီဗာပူးနည်းပြ ဂျာဂန်ကလော့ကို အပြစ်တင်ဖို့ထက် ဝင်းဂါးကိုသာ ဝိုင်းပြီး လက်ညှိုးထိုးနေကြပါတယ်။ အလွန်ဆို အဖွင့်ဂိုးသွင်းယူခဲ့စဉ်မှာ အာဆင်နယ်နောက်ခံလူ ဘယ်လာရင်ရဲ့ မျက်နှာကို တံတောင်နဲ့ ထိမိခဲ့လို့ ပြစ်ဒဏ်ဘောဖြစ်လေမလားလို့ ပရိသတ်တွေ အထင်ရှိခဲ့ကြပေမယ့် ဟာဇက်သွင်းယူခဲ့တဲ့ ဒုတိယဂိုးဟာ အငြင်းပွားဖွယ်မရှိ ကောင်းမွန် ပြည့်စုံလွန်းခဲ့ပါတယ်။ တတိယဂိုးကတော့ အာဆင်နယ်ဂိုးသမား ပီတာဆက်ချ်ရဲ့ အမှားကြောင့် ပေးခဲ့ရတာဖြစ်ပြီး အာဆင်နယ်ချေပဂိုးတစ်ဂိုးပြန်သွင်းနိုင်တာဟာ ချယ်လ်ဆီး ကစားအား ချခဲ့ပြီးနောက်မှ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ရလဒ်ပိုင်းတင်မဟုတ်ဘဲ ကစားအားကို ကြည့်ရင်တောင် အာဆင်နယ်အနနဲ့ ပရီမီယာလိဂ် ချန်ပီယံပြန်ဖြစ်ဖို့ဆိုတာ တစ်နေ့တစ်ခြား ပိုဝေးကွာတဲ့ အခြေအနေမျိုးဖြစ်နေပါတယ်။


ဒီကြားထဲ ကွင်းလယ်လူ ချိန်ဘာလိန်က ဝင်းဂါးသွားဖို့ လိုအပ်နေပြီဆိုတဲ့ တွစ်တာစာမျက်နှာပေါ်က ရုပ်သံ အစီအစဉ်ကို Like ပေးခဲ့တာကြောင့် ဝင်းဂါးကို ထွက်ခွာစေချင်သူတွေထဲမှာ ကစားသမားတွေတောင် ပါနေပြီလားဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။ ဝင်းဂါးက အာဆင်နယ်ကို အနှစ် ၂၀ ကိုင်တွယ်ခဲ့ပေမယ့် သူ့ရဲ့ နည်းပြသက်တမ်း ပထမ ခုနစ်နှစ်ခွဲအတွင်းမှာပဲ ပရီမီယာလိဂ်ဖလား သုံးကြိမ်ဆွတ်ခူးနိုင်ခဲ့ပြီး ကျန်တဲ့ ၁၃နှစ်ကာလမှာ ပရီမီယာလိဂ်ဖလားတစ်ကြိမ် တစ်ခါတောင် ဆွတ်ခူးနိုင်မှု မရှိခဲ့တာပါ။ ဆန်းချက်ဇ်ဆိုရင် ဒီပွဲအပြီးမှာ ပရိသတ်တွေကို နှုတ်တောင်မဆက်ဘဲ ဥမင်ထဲ ဝင်သွားခဲ့တာကြောင့် အိုဇေးလ်ကတောင် လိုက်လံအော်ဟစ် သတိပေးခဲ့ရပါတယ်။ ဒါကြောင့် ဝင်းဂါးနဲ့ အာဆင်နယ်အနာဂတ် ဒီနှစ်မှာပဲ အဆုံးသတ်သွားမလားဆိုတာ စောင့်ကြည့်ရဖို့ ရှိနေပါတယ်။

**မေလဲ့သင်း စုစည်းသည်။**





## ဆုတောင်းပြည့်မဟာနီးဘုရားကြီး ဗုဒ္ဓဘိသေကမင်္ဂလာ ဘုရားအနေကဇာတင်ပူဇော်မည်



**မန္တလေး ဖေဖော်ဝါရီ ၇**
မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ် ရတနာပုံကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သော ကမ္ဘာ့ငြိမ်းချမ်းရေးဖူးပြီးပြည့်စုံ သန္တိသုခဆုတောင်းပြည့် မဟာနီးဘုရားကြီး၏ ဗုဒ္ဓဘိသေကမင်္ဂလာ ဘုရားအနေကဇာတင်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီတွင် အဆိုပါမြို့နယ် (ဂ) ရပ်ကွက်၊ (၇၁) လမ်းနှင့် ဇော်ဂျီလမ်းထောင့်ရှိ ရတနာပုံကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ပြီး ပင့်သံဃာတော်အပါး ၁၀၀ တို့အား သင်္ကန်းအစရှိသော လှူဖွယ်များဖြင့်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနီးဘုရားကြီးကို နီးပညာရှင်များဖြစ်သည့် ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိဦးဆောင်၍ သံဃာတော် ၈ ပါးတို့က ၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ရက်လုပ်ပူးဖော်နိုင်ရေး ပန္နက်တော်တင်မင်္ဂလာကျင်းပခဲ့ပြီး မတ် ၁၀ ရက်တွင် ပြီးစီးခဲ့သည်။ ပလ္လင်တော်မှ ရောင်ခြည်တော်အဝိုင်းအထိ ၂၁ ပေရှိပြီး ဓမ္မစကြာတရားဦးဟောနေဟန် စံပယ်တော်မူလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် နာဂစ်၊ ဂီရိ ရေဘေးအပါအဝင် သဘာဝဘေးအမျိုးမျိုးကြောင့် သေကြေပျက်စီးခဲ့သည့် ပြည်သူများအား ယခုနီးဘုရားကြီး ရက်လုပ်ပူဇော်အောင်မြင်ခြင်းအကျိုးကြောင့် ကောင်းရာသုဂတိသို့ ရောက်ရှိစေရန် ဆုတောင်းမေတ္တာထားကာ ရတနာပုံကျောင်းတိုက်ပဓာနနာယကဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ရည်ရွယ်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေ(ဆင်တဲ၀)**

## မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) အစည်းအဝေးနှင့် ဂုဏ်ပြုပွဲကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၇**
မြန်မာနိုင်ငံဆရာဝန်အသင်း မန္တလေး၏ (၂/၂၀၁၇) အစည်းအဝေးနှင့် ဂုဏ်ပြုပွဲကို မန္တလေးမြို့ လမ်း ၇၀ နှင့် ၃၁ လမ်းထောင့်ရှိ အဆိုပါ အသင်း ပိတောက်ခန်းမ၌ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အလုပ်အမှုဆောင်အစည်းအဝေးတွင်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်နှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်မြင့်တို့က (၆၃) ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုညီလာခံ(မကွေး)နှင့်ပတ်သက်၍ အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ပြီး မန္တလေးမြို့တွင် ကျင်းပခဲ့သော ညီလာခံနှင့်ပတ်သက်၍ ကျင်းပရေးကော်မတီအသီးသီး၏ အားနည်းချက်၊ အားသာချက်များကို အမှုဆောင်များက သုံးသပ်ဆွေးနွေးကြကာ နောင်နှစ်တွင်ကျင်းပမည့် (၁၇)ကြိမ်မြောက် ညီလာခံကို ကျင်းပ ပြုလုပ်နိုင်ရေးအတွက် အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဆပ်ကော်မတီအသီးသီးက မိမိတို့၏ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြရာ ပညာရေးကော်မတီက အထွေထွေရောဂါကုဆရာဝန်များအတွက် တစ်နှစ်ပတ်လုံးပို့ချမည့် CME သင်တန်းများ ကိုလည်းကောင်း၊ အထွေထွေရောဂါကုဆရာဝန်များ အဖွဲ့နာယက ဒေါက်တာ မောင်မောင်သန်းနှင့် ဥက္ကဋ္ဌ ဒေါက်တာနေဝင်းတို့က ရန်ကုန်မြို့တွင်တက်ရောက်ခဲ့သော NHP နှင့်ပတ်သက်၍လည်းကောင်း၊ အမျိုးသမီးအဖွဲ့၊ သဟာယအဖွဲ့၊ အားကစားအဖွဲ့တို့က ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဧည့်ရိပ်သာနှင့် ခန်းမဆောင်အဖွဲ့က ခန်းမဆောင်များ အသုံးပြုငှားရမ်းခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ အသီးသီးတင်ပြဆွေးနွေးကြကာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့သည်။

ယင်းနောက် ဂုဏ်ပြုပွဲကို ဆက်လက်ကျင်းပရာ နှစ်စဉ်ညီလာခံတိုင်းတွင် သုတေသနဆုရွေးချယ်ရေးတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သော ပြင်ဦးလွင် ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်လင်းနှင့် ညီလာခံများတွင် ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ခြင်းများကို မေတ္တာဖြင့် ကူညီပေးခဲ့သည့် အထွေထွေရောဂါကုဆရာဝန်အဖွဲ့ဝင် ဒေါက်တာစန်းနိုင်တို့ကို မန္တလေးဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်မြင့်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်းနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ၏ ခန်းမဆောင်ကြီးများဖြစ်သော ရတနာပုံ၊ မြနန္ဒာခန်းမ အသစ်များကို ဆွေးနွေးဟောပြောပွဲများ၊ အစည်းအဝေးပွဲများ၊ အလှူမင်္ဂလာပွဲများအတွက် အသုံးပြုနိုင်ရန် သတ်မှတ်ဈေးနှုန်းတို့ဖြင့် ငှားရမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## တိုင်းရင်းဆေးပညာဖြင့် ကျေးလက်နေပြည်သူ တစ်ရာကျော်အား အခမဲ့ဆေးကုသမှုဆောင်ရွက်

**ရွှေဘို ဖေဖော်ဝါရီ ၇**
ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တိုင်းရင်းဆေးကုသရေးဦးစီးဌာန တိုင်းရင်းဆေးဆရာအသင်းနှင့် ဝက်လက်မြို့နယ် တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ ရွှေဘိုခရိုင် ဝက်လက်မြို့နယ် တောကုန်းကျေးရွာတွင် ဖေဖော်ဝါရီ ၄ ရက်က တိုင်းရင်းဆေးပညာဖြင့် ကွင်းဆင်းကုသရာ ကျေးရွာသူ ကျေးရွာသား ၁၂၃ ဦးတို့အား ကုသပေးနိုင်ခဲ့သည်။

ယင်းသို့ ကွင်းဆင်းကုသမှုဆောင်ရွက်ရာတွင် ဒုတိယဆေးရုံအုပ် ဒေါ်မြမြခိုင်နှင့်ဝန်ထမ်းများ၊ ဝက်လက်မြို့နယ်မှ ဝန်ထမ်းများအပြင်စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းဆေးကုဆရာအသင်း ဥက္ကဋ္ဌ ဆရာဦးသန်းထွန်းနှင့်အဖွဲ့၊ ရုပ်ပျိုတိုင်းရင်းဆေးကုခန်းမှ ဒေါ်သူဇာမြင့် (B.M.,T.M) တို့က ကုသစောင့်ရှောက်မှုပေးခဲ့ကြပြီး တိုင်းရင်းဆေးဝါးများပေးခြင်း၊ ဆေးကြပ်ထုပ်ထိုးပေးခြင်း၊ ဆေးစည်းပေးခြင်းဖြင့် ကုသပေးခဲ့ကြရာ ဦးစီးဌာနဆေးဝါးများနှင့်အတူ ရုပ်ပျိုတိုင်းရင်းဆေးဝါးကုမ္ပဏီနှင့် ဦးသက်ပြင်းသားဆေးတိုက်တို့မှ ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ဘေးကင်းလုံခြုံသောသီးနှံအထွက်တိုးနည်း ပညာပေးဆွေးနွေး

**ပုသိမ် ဖေဖော်ဝါရီ ၇**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဘေးကင်းလုံခြုံသော သီးနှံအထွက်တိုးနည်းစနစ်များ ပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက ရေကြည်မြို့နယ် ကြို့ကုန်းကျေးရွာ ဘုရားဆင်းတန်ဆောင်းအတွင်း ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးစိန်မောင်မြင့်က သီးနှံများစိုက်ပျိုးခြင်းအတွက် ဘေးကင်းလုံခြုံသော အထွက်တိုးနည်းစနစ်များ၊ အရည်အသွေးပြည့်ဝဘေးကင်း၍ အာဟာရဓာတ်ကြွယ်ဝသောသီးနှံများ စိုက်ပျိုးထုတ်လုပ်စားသုံးနိုင်ရေးအတွက် ဒေသခံတောင်သူများသို့ ပညာပေးဆွေးနွေးခဲ့ရာ ဒေသခံတောင်သူ ဦးသန်းလွင်က သီးနှံအထွက်တိုးရေးအတွက် ဆောင်ရွက်သင့်သည့်နည်းစနစ်များအား မေးမြန်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ဒေသခံတောင်သူများက အပြန်အလှန်ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ရေကြည်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးသာအေးနှင့် မြေ၊ မျိုး၊ ပိုးကွင်းတာဝန်ခံဝန်ထမ်းများ၊ စပါး၊ ပဲနှင့် အခြားစားသုံးသီးနှံစိုက်ဒေသခံတောင်သူ ၁၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြပြီး ဆက်လက်၍ တောင်သူဦးသန်းဝင်း၏ ဆောင်းသီးနှံမတ်ပဲစိုက်ဧက သုံးဧက၊ မန်းဒ ၃၁ ဩော်ဂဲနစ်စိုက်ပျိုးရေးဆေးစမ်းသပ်စိုက်ကွက်အား ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်မြင့်မားရေး ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၇**
ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် မြို့နယ်ပညာရေးမှူးရုံးနှင့် အ. ထ. ကကျောင်းများပူးပေါင်းကာ မရမ်းကုန်းမြို့နယ်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ၊ ရဟန်းသံဃာနှင့် သီလရှင်များ လွယ်ကူအောင်မြင်စွာဖြေဆိုနိုင်ပြီး အောင်ချက်မြင့်မားရေးအတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်မြင့်မားရေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက အ. ထ. က (၁) မရမ်းကုန်း စန္ဒိမာခန်းမတွင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောတွင် ရန်ကုန်တက္ကသိုလ်မှ ဘာသာရပ်အလိုက် ပါမောက္ခဆရာမများက တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာရပ်များအလိုက် မေးခွန်းများကို ဖြေဆိုရမည့်ပုံစံနှင့် နည်းလမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ မှားယွင်းဖြေဆိုတတ်ကြသည့်ပုံစံများကို ရှင်းလင်းဟောပြောပြီး ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ၊ ရဟန်းသံဃာနှင့် သီလရှင် ၉၀၀ ကျော်တက်ရောက်နားထောင်ကြကြောင်း၊ ဟောပြောကို ဖေဖော်ဝါရီ ၆ ရက်မှ ၇ ရက်ထိ နှစ်ရက်ကြာဆောင်ရွက်သွားမည်ဖြစ်ကာ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒဘာသာရပ်များအား ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မုံရွာမြို့နယ်တွင် မြန်မာ့ရိုးရာနွားအလှုနှင့် လှည်းယဉ်ကြော့ပြိုင်ပွဲကျင်းပ

**မုံရွာ ဖေဖော်ဝါရီ ၇**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရွှေဇလုပ်ရပ်ကွက် မိုးကောင်းရှင်ပင်ဘုရားထီးတော်တင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာနွားအလှုနှင့် လှည်းယဉ်ကြော့ပြိုင်ပွဲကို အဆိုပါကျေးရွာတွင် ဖေဖော်ဝါရီ ၃ ရက်မှ ၇ ရက်ထိ နံနက် ၈ နာရီမှ ၁၂ နာရီထိနှင့် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ နွားအလှုနှင့် လှည်းယဉ်ကြော့ပြိုင်ပွဲတွင် အငယ်တန်း ကြိုးမောင်းအကြော့ပြိုင်ပွဲ၊ သွားမစိုက်မီနှင့် သွားနှစ်ချောင်းစိုက်အရွယ်နွားများ ပါဝင်ယှဉ်ပြိုင်နိုင်သည့် အငယ်တန်း လှည်းယဉ်ကြော့ပြိုင်ပွဲ၊ သွားလေးချောင်းစိုက်မှ ခြောက်ချောင်းစိုက်အရွယ်နွားများ ပါဝင်ယှဉ်ပြိုင်နိုင်သည့် အလတ်တန်း လှည်းယဉ်ကြော့မောင်းပြိုင်ပွဲနှင့် အကြီးအတန်းလှည်းယဉ်ကြော့မောင်းပြိုင်ပွဲများ ပါဝင်ခဲ့ကြောင်း သိရသည်။

“အဓိကကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်စေဖို့၊ နွားနဲ့ ပတ်သက်တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို နောင်လာနောက်သားတွေအတွက် လက်ဆင့်ကမ်းပြသချင်တာရယ်၊ တောင်သူလယ်သမားတွေ အချင်းချင်းတွေ့ဆုံ ရင်းနှီးမှုရရှိစေရန်၊ စိုက်ပျိုးရေးနည်းပညာတွေ ဖလှယ်ခွင့်ရအောင်၊ နွားမျိုးကောင်းမျိုးသန့်တွေ ပေါ်ထွက်လာအောင်၊ ကျွန်တော်တို့ရပ်ကွက်မှာ နွားပွဲဈေးတစ်ခုပေါ်ပေါက်စေချင်တဲ့အတွက် အခုလိုကျင်းပတာပါ။ ပြိုင်ပွဲအမျိုးအစားတစ်ခုချင်းစီမှာ ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုတစ်ခုစီ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်” ဟု ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဘိုအေးက ပြောသည်။

မြန်မာ့ရိုးရာနွားအလှုလှည်းယဉ်ကြော့ပြိုင်သို့ နွားအငယ်တန်း ကြိုးအကြော့မောင်းပြိုင်ပွဲသို့ နွား ၂၅ ကောင်ဖြင့်လည်းကောင်း၊ သွားမစိုက်မီမှ သွားနှစ်ချောင်းစိုက်အရွယ်အထိ နွားများ ပါဝင်ယှဉ်ပြိုင်နိုင်သည့် အငယ်တန်းလှည်းယဉ်ကြော့ပြိုင်သို့နွား ၂၀ ကောင်၊ သွားလေးချောင်းစိုက်မှ ခြောက်ချောင်းစိုက်အရွယ်နွားများ ပါဝင်ယှဉ်ပြိုင်နိုင်သည့် အလတ်တန်းနွားလှည်းယဉ်ကြော့မောင်းပြိုင်ပွဲသို့ နွား ၂၀ ကောင်၊ အကြီးတန်းလှည်းယဉ်ကြော့မောင်းပြိုင်ပွဲသို့နွား ၂၄ ကောင်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာ့ရိုးရာနွားအလှုနှင့် လှည်းယဉ်ကြော့ပြိုင်ပွဲသို့ မုံရွာ၊ ချောင်းဦး၊ ဘုတလင်၊ အရာတော်၊ မြင်းမူ၊ ဒီပဲယင်း၊ မြောင်မြို့နယ်နှင့် ငါန်းဇွန်အတွင်းမှ နွားဝါသနာရှင်တောင်သူများ လာရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

❐



# ဘားကမ့်များပြုလုပ်ပေးခြင်းဖြင့် လူငယ်များ အသိပညာနှင့် အခွင့်အလမ်းများပိုမိုရရှိလာနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၇**
တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘားကမ့်မပြုလုပ်ရသေးသည့် မြို့ကြီးများတွင် ဘားကမ့်ပွဲများကျင်းပခြင်းဖြင့် လူငယ်များ၏ အသိပညာဗဟုသုတများရရှိစေပြီး အနာဂတ်ကို ပိုမိုလင်းလက်လာစေမည်ဖြစ်သည်။

ဘားကမ့်ဆိုသည်မှာ ဘောင်အကန့်အသတ်အတားအဆီးမရှိ (Open Space Conference) ဖြစ်ပြီး နည်းပညာအကြောင်းများကိုသာမက လူငယ်များစိတ်ဝင်စားရာ ကဏ္ဍအစုံ ဆွေးနွေးလာကြလေ့ရှိသည့် နေရာတစ်ခုဖြစ်သည်။ နောက်ပိုင်းတွင် ခေတ်ရေစီးကြောင်းအလိုက် ICT နည်းပညာ Software: Java, C++, များ၊ Android၊ App မိုဘိုင်းဖုန်းအကြောင်းအရာများသာမက ပညာရေး၊ ဒေသအလိုက် စိတ်ဝင်စားသည့်အကြောင်းအရာများ၊ တရားဥပဒေစိုးမိုးရေး၊ animation၊ anime၊ ကင်မရာ၊ ပန်းချီ၊ ကာတွန်း၊ 3D၊ ဒီဇိုင်းဖက်ရှင်၊ စိုက်ပျိုးမွေးမြူရေး၊ Data များ ဝိတ်လျှော့နည်း၊ ခေတ်သမိုင်း စသည်ဖြင့် စိတ်ဝင်စားရာ တတ်ကျွမ်းရာများကို အခန်းတစ်ခန်းချင်းစီအလိုက် အချိန်တစ်ချိန်စီစဉ်သတ်မှတ်ပေးကာ ဆွေးနွေးကြခြင်းဖြစ်သည်။ တက်ရောက်သူပမာဏပေါ်မူတည်၍ တခြားဆွေးနွေးကြသည့် အခန်းပေါင်းများစွာကိုလည်း စီစဉ်ပေးထားသည်။ ဘားကမ့်ကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပလေ့ရှိပြီး ဘားကမ့်၏စည်းကမ်းချက်အရ Barcamp Leader တစ်ဦးကို လွှဲပြောင်းဦးဆောင်၍ volunteer များဖြင့် စုပေါင်းကျင်းပလေ့ရှိသည်။

ဘားကမ့်သို့တက်ရောက် နားထောင်ရသည်မှာလည်း ပျော်စရာကောင်းသည်။ ပထမဆုံး ဘားကမ့်ပွဲများတွင် စပွန်ဆာကုမ္ပဏီတချို့က အမှတ်တရတီရှပ်များ၊ အစားအသောက်နှင့် လက်ဆောင်များ အမှတ်တရပေးအပ်ကြသည်။

ဘားကမ့်များကျင်းပခြင်းဖြင့် လူငယ်များ မျက်စိပွင့် နားစွင့်လာနိုင်ကာ နိုင်ငံတော်၏ စီးပွားရေးမူဝါဒတွင် ပြည်နယ်များနှင့် တိုင်းဒေသကြီးများ တစ်ပြေးညီဖွံ့ဖြိုးစေရန် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီရာရောက်ပေသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ် (Blogger)က "ဒီလိုဘားကမ့်တွေ နိုင်ငံအနှံ့က မြို့ကြီးတွေမှာ ကျင်းပပေးခြင်းဖြင့် ဉာဏ်တွေပွင့်လင်းလာမယ်။ တတ်နိုင်ရင် လုပ်ပေးတာကောင်းပါတယ်။ လုပ်ပေးကြပါလို့ တိုက်တွန်းချင်ပါတယ်" ဟု ပြောသည်။ ထို့အပြင် ဘားကမ့်ဆိုသည်မှာ More Experiences ဘောင်နယ်ကန့်သတ် သတ်မှတ်ထားခြင်းမရှိ၊ Dialogue မဟုတ်ဘဲ Multilogue ဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်သဖြင့် စိတ်ဝင်စားစရာကောင်းမွန်ကြောင်း ဘားကမ့်ရန်ကုန် ၂၀၁၇ ဖွင့်ပွဲတွင် ၎င်းကပြောသည်။

ဘားကမ့်များကို စနေ၊ တနင်္ဂနွေရက်များတွင် ကျင်းပလေ့ရှိပြီး ဘားကမ့်များကို ကမ္ဘာအနှံ့ မြို့ကြီးတချို့တွင်လည်း ကျင်းပလေ့ရှိသည်။ မြန်မာနိုင်ငံတွင်ကျင်းပခဲ့သည့် ဘားကမ့်များမှာ ဘားကမ့်ရန်ကုန်၊ ဘားကမ့်မန္တလေး၊ ဘားကမ့်ပြည်၊ ဘားကမ့်မြင်းခြံ၊ ဘားကမ့်ကျောက်ဆည်တို့ကို ကျင်းပခဲ့ပြီးဖြစ်သော်လည်း ကျန်မြို့များတွင် ကျင်းပခြင်းမရှိသေးပေ။

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ ဘားကမ့်များကျင်းပနိုင်ရေး ကူညီဖိတ်ခေါ်လမ်းပြပေးလျက်ရှိသည်။ "၂၀၁၀ မှာ စတာကိုး၊ ဘားကမ့်ရန်ကုန် စတယ်။ ဘားကမ့်ရဲ့ပုံစံက တစ်ကမ္ဘာလုံးမှာ မြို့တွေအလိုက် မြို့နာမည်တွေအလိုက် သုံးပြီးလုပ်ကြတာလေ။ ရန်ကုန်မှာ ပထမဦးဆုံးလုပ်ပြီးတဲ့အခါ ကျန်တဲ့မြို့တွေမှာ စိတ်ဝင်စားရင်လုပ်လို့ရအောင် ဒီကိုဖိတ်ခေါ်တယ်။ ဒီပွဲ ဒီမှာဘယ်လိုလုပ်တယ်၊ ဘယ်လိုစီစဉ်တယ်ဆိုတာ ကျွန်တော့် organizer အဖွဲ့တွေနဲ့ လုပ်တာလေးတွေကို သူတို့ကို ခေါ်ပြတယ်။ နောက်ပွဲလုပ်ရင်လည်းပဲ လေ့လာခွင့်ရအောင် စီစဉ်ပေးတယ်။ တကယ်ပွဲလုပ်တဲ့နေရာကိုလည်းပဲ ဒီရန်ကုန်က ဘားကမ့်အော်ဂနိုင်ဇာအဖွဲ့တွေက သွားကူပေးတယ်။ အဲလိုနည်းနဲ့ ပြန့်ပွားအောင်လုပ်ပေးတယ်။ နောက် ဘားကမ့်ဖဲလိုးရှစ်ဆိုတဲ့ပရိုဂရမ် သီးသန့်လုပ်ပေးပါတယ်။ အဲ့ဒီ BarCamp Fellowship Program မှာ အဓိက အရင်က မကျင်းပဘူးတဲ့ မြို့တွေဖြစ်ရမယ်။ အဲဒီမှာ စိတ်ဝင်စားတယ်ဆိုရင် လျှောက်လွှာတင်၊ တင်ရင် သူတို့ကို ခေါ်ပေးတယ်။ ဒီပွဲမှာ Volunteer တွေနဲ့ ဘယ်လိုလုပ်နေလဲဆိုတာ သိအောင်ဝင်လုပ်ကြည့်၊ အစည်းအဝေးတွေ လည်းဝင်တက်၊ အဲဒီလို မျှဝေပေးတယ်။ သူတို့ပြန်ပြီး သူတို့ဒေသအလိုက် သူတို့ဘာသာ Organize လုပ်ရတဲ့အပိုင်းတွေလုပ်ရတယ်။ ကျန်တဲ့ တကယ့် Operation လုပ်တဲ့အချိန်တွေ Run တဲ့အချိန်တွေမှာတော့ ဒီက Organizer team က သွားပြီးကူညီတယ်ပေါ့။ သူ့ဒေသမှာရှိတဲ့ ကုမ္ပဏီတွေ စီးပွားရေးလုပ်ငန်းတွေနဲ့ပဲ သူတို့ဘာသာ စပွန်ဆာလိုက်ပေါ့။ တချို့ဘားကမ့်ပွဲတွေကိုတော့ သူတို့ကနဦးစနိုင်အောင် ရန်ပုံငွေလုပ်ပေးတာတော့ ရှိတယ်။ အကုန်လုံးကိုတော့ လုပ်ပေးတာမဟုတ်ဘူး။ တချို့ဒေသတွေက သူ့ဟာသူလုပ်ရင်းလုပ်ရင်းနဲ့ စပွန်ဆာပိုင်း အဆင်ပြေတယ်။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့က ကျန်တဲ့အပိုင်းပဲ ကူညီပေးတာပဲလုပ်တယ်။ ငွေရေးကြေးရေးကတော့ အခက်အခဲရှိရင် ကူညီပေးတာပဲလုပ်တယ်" ဟု ၂၀၁၇ ရန်ကုန် ဘားကမ့် Team Leader အဖြစ် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူး ဦးမင်းမင်းဦးက (၈)ကြိမ်မြောက် ဘားကမ့်ရန်ကုန်ဖွင့်ပွဲနေ့က ပြောကြားခဲ့သည်။




ကွန်ပျူတာပညာရှင်အသင်းများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုမှာသာရှိနေသေးပြီး ရခိုင်၊ ကယား၊ ကချင်၊ ချင်း စသည့်ပြည်နယ်များတွင် မရှိသေးကြောင်း၊ မဖွဲ့သေးရသည့် ဒေသများတွင် NGO အဖြစ် အသင်းဖွဲ့လို၍ ဆက်သွယ်လာပါက လိုအပ်သည့် အချက်အလက်များကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းတွင် ဆက်သွယ်မေးမြန်း အကူအညီတောင်းခံနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယင်းသို့ ဆွေးနွေးသူများကိုလည်း အသိအမှတ်ပြု ဂါရဝလက်ဆောင်ပေးအပ်ပြီး မေးမြန်းဆွေးနွေးသူများကိုလည်း ပါဝင်ဆွေးနွေးသူအဖြစ် အသိအမှတ်ပြုကာ အမှတ်တရလက်ဆောင်များပေးအပ်သည့် အလေ့အကျင့်များရှိသဖြင့် စင်ပေါ်တက်ရန် ကြောက်ရွံ့မှု၊ မှန်ရာကိုထုတ်ဖော်ပြောဆိုရန် ကြောက်ရွံ့လိုစိတ်ကင်းဝေးလာကာ ဒီမိုကရေစီ၏သဘောတရားကို သိရှိဖော်ဆောင်လာကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ICT လူငယ်များအကြား ၂၀၁၀ ပြည့်နှစ် ဘားကမ့်မှသည် ရေပန်းစားနေသည်မှာ ရှစ်နှစ်ကျော်လာပြီဖြစ်သည်။ အိမ်နီးချင်းထိုင်းနိုင်ငံလည်း ဘားကမ့်ပွဲများကို မြန်မာလူငယ်များတက်ရောက်နိုင်ရန် ဖိတ်ကြားတက်ရောက်စေခဲ့သည်။ facebook လူမှုကွန်ရက်များမှတစ်ဆင့် ဘားကမ့်ပွဲများ အစီအစဉ်များကို ကြေညာထားလေ့ရှိသည်။

ဘားကမ့်များကျင်းပပေးမှုကြောင့် လူငယ်များ စည်းလုံးညီညွတ်မှု၊ ယုံကြည်မှုမြင့်မားလာခြင်း၊ အသိပညာဗဟုသုတ တိုးပွားလာခြင်း၊ တက်လှမ်းလိုသည့်ပန်းတိုင်များသို့ လမ်းစများရရှိစေခြင်း၊ ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းများကိုလည်း တက်လှမ်းနိုင်ခြင်း၊ မိတ်ဆွေအပေါင်းအသင်းကောင်းများ ရရှိစေခြင်း၊ ပူးပေါင်းပါဝင်လိုစိတ်၊ အတွေးသစ်၊ အမြင်သစ်၊ စိတ်ကူးသစ်၊ အခွင့်အလမ်းသစ်များ တွေ့မြင်လာနိုင်ခြင်းနှင့်အတူ ခွန်အားသစ်များ၊ မိမိကိုယ်မိမိယုံကြည်မှုလည်း ပိုမိုရရှိလာနိုင်ပေမည်။ ငွေကြေးမကုန်ဘဲ သိလိုသည်များကို စူးစမ်းလေ့လာ ဆွေးနွေးခွင့်ရပြီး လူငယ်များ အသိဉာဏ်မြင့်မားလာစေပြီး အခွင့်အလမ်းများလည်း ပွင့်လင်းလာမည်ဖြစ်သည့်အပြင် လူငယ်မူဝါဒများလည်း ပိုမိုအားကောင်းလာရန်နှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကိုလည်း တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီရာရောက်စေသည်။

**သန့်ဇင်ဝင်း**



## လိုင်စင်မဲ့ဆိုင်ကယ်များအား တရားဝင်မှတ်ပုံတင် ဆောင်ရွက်ပေး

**ဗန်းမော် ဖေဖော်ဝါရီ ၇**
ကချင်ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဗန်းမော်ခရိုင်အတွင်း လိုင်စင်မဲ့ဆိုင်ကယ်များအား တရားဝင်မှတ်ပုံတင်ပေးခြင်းလုပ်ငန်းကို ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဗန်းမော်မြို့ မိုးလုံလေလုံအားကစားကွင်း အဝေရာအားကစားခန်းမ၌ ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆိုင်ကယ်မှတ်ပုံတင်ပြုလုပ်ဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က ကြည့်ရှုစစ်ဆေးပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်ဟန်၊ ခရိုင်မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးမင်းခိုင်တို့ကကြီးကြပ်၍ ဆိုင်ကယ်မှတ်ပုံတင်ပြုလုပ်ဆောင်ရွက်ရေးအဖွဲ့က ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါမှတ်ပုံတင်ဆောင်ရွက်ပေးမှုကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ပင်ရင်းတရုတ်နိုင်ငံမှထုတ်လုပ်သည့် ဘတ္တရီဆိုင်ကယ်များ နှစ်အလိုက်ဆိုင်ကယ်များကို အခွန်ကောက်ခံမည့် သတ်မှတ်နှုန်းထားများဖြင့် အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက်လျက်ရှိပြီး ကချင်ပြည်နယ်အတွင်းသာ စီးနင်းခွင့်ပြုကြောင်း လိုင်စင်မဲ့ဆိုင်ကယ်စီးနင်းသူပြည်သူများအား လာရောက်လုပ်ဆောင်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနစာပေစကားဝိုင်းပြုလုပ်

**ဇလွန် ဖေဖော်ဝါရီ ၇**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာပေစကားဝိုင်းကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဇလွန်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သိန်း၊ ဦးငွေသန်း (ဓာတ်ပုံ-၂)၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ထွန်း (အဖျောက်မြေ မောင်ဆွေမွန်)၊ အတွင်းရေးမှူး မောင်ပြေငြိမ်း (ဇလွန်)၊ အဖွဲ့ဝင် ကိုစိန်ရွှေဆင့်၊ မှူခင်းနှင့် သတင်းအဖွဲ့ရှုထောင့် သတင်းမီဒီယာနာယက ဦးစိုးမြင့်သိန်း၊ ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် စာပေဝါသနာရှင် ၃၀ ဦးခန့် တက်ရောက်ခဲ့သည်။

စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံတော်မှချမှတ်ထားသည့် ဥပဒေများကို လိုက်နာကျင့်သုံးနိုင်ရေးနှင့် လူမှုအခြေပြုဗဟိုဌာနစာကြည့်တိုက်များ ဖြစ်ပေါ်လာရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာငှား၊ စာဖတ်တိုးတက်ရေးတို့အတွက် စုပေါင်း၍ စာပေစကားဝိုင်းကျင်းပခဲ့ကြောင်း သိရသည်။

**ငွေသန်း(ပြန်/ဆက်)**

# ကျေးလက်ဒေသကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် Community ICT Center မုံရွာမြို့နယ်၌ဖွင့်လှစ်

**မုံရွာ ဖေဖော်ဝါရီ ၇**

ကျေးလက်နေပြည်သူများ လူနေမှုဘဝများ တိုးတက်မြင့်မားစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ပူးပေါင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကန်ပြားကျေးရွာ ရွှေဘုံသာကျောင်းတိုက်ဝင်း အတွင်းတွင် ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက ရွှေစံပြ Community ICT Center ကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

"ကျေးလက်နေပြည်သူလူထုတွေရဲ့ လူနေမှုဘဝမြင့်တက်ဖို့အတွက်ကို အဓိက ရည်ရွယ်ထားတာပါ။ သူတို့ဟာ ဘယ်လိုအသုံးချမလဲဆိုတော့ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးစတဲ့ ဘက်စုံကဏ္ဍစုံမှာ ဒီ ICT ဆိုတဲ့ နည်းပညာကို ပူးပေါင်းထည့်သွင်းပြီး အသုံးချမယ်ဆိုလို့ရှိရင် နောင်လာမယ့် ဆယ်စုနှစ်အတွင်းမှာ တော်တော်ကြီးကို တိုးတက်ပြောင်းလဲလာမယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းလာနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်မော်က ပြောသည်။

ရွှေစံပြ Community ICT Center ကိုစစ်ကိုင်းတိုင်းဒေသကြီးအစိုးရမှ ကေဘယ်လ်အင်တာနက်လိုင်းအားလည်းကောင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ မတည်ငွေဖြင့်လည်းကောင်း၊ မုံရွာမြို့ ကွန်ပျူတာပညာရှင် အသင်းနဲ့ မုံရွာကွန်ပျူတာတက္ကသိုလ်တို့မှ နည်းပညာအကူအညီများဖြင့် တည်ဆောက်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

"ရည်ရွယ်ချက်ကတော့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ICT သုံးကြပါစို့ဆိုတဲ့ဆောင်ပုဒ်နဲ့ ဒီစင်တာကိုဖွင့်လှစ်တာပါ။ ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့နယ် ဘုရားငုတ်တိုကျေးရွာမှာ တစ်ခု၊ မန္တလေးတိုင်းဒေသကြီးအတွင်း ပြင်ဦးလွင်မြို့နယ် အနီးစခန်းမှာတစ်ခု ဖွင့်လှစ်ခဲ့ပြီး မုံရွာမြို့နယ် ကံပြားကျေးရွာမှာ တတိယအကြိမ်ဖွင့်လှစ်တာပါ။ ကျေးရွာနေပြည်သူတွေအနေနဲ့ ဒီစင်တာကို အကျိုးရှိရှိ အသုံးချစေချင်ပါတယ်။ ပုံမှန်အားဖြင့် ဒီစင်တာက အများကြီးအသုံးဝင်ပါတယ်။ ဒီစင်တာကနေ ကျေးလက်နေပြည်သူတွေ အသိပညာတွေ၊ အတတ်ပညာတွေသိလာမယ်။ သတင်းတွေကို မြန်မြန်ဆန်ဆန်ရနိုင်တယ်။ ကျေးလက်ဒေသက ပြည်သူတွေသိလာရင် ဒီဒေသတိုးတက်လာပြီးဆိုရင် နိုင်ငံတော်လည်း တိုးတက်မယ်။ ဒေသခံတွေလည်း တိုးတက်လာမယ်။ ဒေသထွက်ကုန်တွေလည်း တိုးတက်လာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီစင်တာတွေကိုလိုက်ပြီး ဖွင့်လှစ်ပေးတာပါ။ ရပ်ရွာမှာရှိတဲ့ပြည်သူတွေ အားကိုးအားထားပြုလို့ရတဲ့နေရာလို့ သတ်မှတ်လို့ရအောင်အထိ အသုံးပြုလို့ရပါတယ်" ဟုမြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူး (၁) ဦးဇော်ဝင်းထွန်းက ပြောသည်။

အဆိုပါစင်တာမှ ပညာရေးကဏ္ဍတွင် ကလေး၊ လူကြီး၊ အသက်အရွယ်မရွေး ICT ကိုသုံးနိုင်ပြီး၊ ဒေသထွက်ကုန်များကို အများသိရှိစေရန်အတွက် အွန်လိုင်းမှတစ်ဆင့် ကြေညာနိုင်ခြင်း၊ ရပ်ရွာ၏ အချက်အလက် များကို ၎င်းစင်တာရှိ ဆာဗာတွင်ထည့်သွင်း သိမ်းဆည်းရနိုင်ခြင်း၊ အခြားကဏ္ဍအသီးသီးတွင်လည်း ICT နည်းပညာနှင့် ပူးပေါင်းလုပ်ကိုင်နိုင်ကြောင်း သိရသည်။

"ကျွန်မက ဒီရွာမှာနေတာပါ။ ဒီစင်တာဖွင့်လှစ်တဲ့အတွက် ရွာကကလေးတွေရဲ့ အနာဂတ်က ပိုပြီးကောင်းမွန်လာမယ်လို့ မျှော်လင့်ပါတယ်။ ဒီ ICT နည်းပညာကို အသုံးပြုရတဲ့အတွက် ပညာရေးကို အထောက်အကူပြုတဲ့ ဗဟုသုတတွေတိုးပွားလာမယ်။ ဒီရွာရဲ့ စီးပွားရေး၊ ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍတွေကို များစွာအထောက်အကူဖြစ်စေမှာပါ" ဟု ပထမနှစ်ကျောင်းသူ မပိုပိုချစ်က ပြောကြားခဲ့သည်။

ရွှေစံပြ Community ICT Center ဖွင့်လှစ်သော ကန်ပြားကျေးရွာသည် မုံရွာမြို့နှင့် ရှစ်မိုင်ခန့်ကွာဝေးပြီး မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ပြီး၊ သားရေခြေညှပ်ဖိနပ်နှင့် ရက်ကန်းလုပ်ငန်းများဖြင့် ထင်ရှားသည့် ကျေးရွာဖြစ်ပြီး လူဦးရေ ၁၆၅၀ ရှိပြီး အဆိုပါလူဦးရေ၏ ၆၀ ရာခိုင်နှုန်းသည့် လူငယ်များဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မူးခင်းကျူးဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေး ပညာပေးဟောပြော

**ကျောက်ဆည် ဖေဖော်ဝါရီ ၇**

ကျောက်ဆည်မြို့မရဲစခန်းမှူးစခန်းမှူး ဒုရဲမှူးသိန်းဝင်းနှင့် တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက ကျောက်ဆည်မြို့နယ် သက်ငယ်မုဒိမ်းမှုဖြစ်ပွားခဲ့သည့် ပုထိုးနီ ကျေးရွာအုပ်စု သပြေသာကျေးရွာ စေတနာရှင်ခမ္မာရုံ၌ မူးခင်းကျူးဆင်းရေးနှင့်သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများ စုစုပေါင်းအင်အား ၂၀၀ ကျော် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ကျောက်ဆည်မြို့မစခန်းမှူး ဒုရဲမှူးသိန်းဝင်းက မူခင်းနှင့် သက်ငယ်မုဒိမ်းမှုဖြစ်ရပ်ဖြစ်စဉ်များအကြောင်းနှင့် ထိုသို့မဖြစ်ပွားအောင် ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ ပြစ်မှုကျူးလွန်သူများအား ရာဇသတ်ကြီး ပုဒ်မများအရ အမှုဖွင့်အရေးယူဆောင်ရွက်ပုံ အဆင့်ဆင့်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းအကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေးဝါးအန္တရာယ်ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ရဲတင့် (ပြန်/ဆက်)**

**သတင်းဆောင်းပါး**

# ရခိုင်ရိုးရာ ရထားဆွဲပွဲ ပျော်ပျော်ရွှင်ရွှင်တူဆင်နွှဲ



2016 ckESS&xm;qyuif;yaeyk;mwyfkdwifxef(jyefquf)

**ခ ကံထွန်း**

**ထန်တလန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုအခြေအနေကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ပြား ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ထုတ်ယူနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မတ် ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် တောင်းထားကြသော ကျောင်းသား ကျောင်းသူများအနက် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (Identity Card) များကို ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ ထုတ်ယူနိုင်ပြီဖြစ်သည်။

အခြေခံပညာအထက်တန်းကျောင်း (ကျောင်းခွဲ)နှင့် (တွဲဖက်) အခြေခံပညာအထက်တန်းကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို မိမိတို့ကျောင်းအုပ်ကြီးများထံမှလည်းကောင်း၊ ပြင်ပမှဖြေဆိုသူများသည် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီးထုတ်ယူနိုင်သည်။

### တိုက်ရိုက်မေးမြန်းနိုင်

ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ကြောင်းသိရသည်။

**(သတင်းစဉ်)**



**၂၀၁၆ အာရှ ယူ-၂၃ ခြေစစ်ပွဲမတိုင်မီက မြန်မာအသင်း ခြေစမ်းကစားစဉ်။** (ဓာတ်ပုံ-စိုးညွန့်)

## အာရှ ယူ-၂၃ ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲ မတ်လတတိယပတ်တွင် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မြန်မာ ယူ-၂၂ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၈ အာရှ ယူ-၂၃ ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို မတ်လ တတိယပတ်တွင် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ၁၆ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အိမ်ရှင် တရုတ်၊ ခြေစစ်ပွဲအောင် ၁၅ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါခြေစစ်ပွဲကို ဇူလိုင် ၁၅ ရက်မှ ၂၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အရှေ့အာရှနှင့် အနောက်အာရှဇုန်ဟူ၍ ဇုန်နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အရှေ့အာရှဇုန်တွင်ပါဝင်နေပြီး ယင်းခြေစစ်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် အနောက်အာရှဇုန်အုပ်စုငါးစုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ၂၄ သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ မြန်မာအသင်းပါဝင်သည့် အရှေ့အာရှဇုန်တွင် အုပ်စုငါးစုပါဝင်မည်ဖြစ်ပြီး ၂၂ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှ ယူ-၂၃ ခြေစစ်ပွဲအတွက် အုပ်စုမဲခွဲပွဲကို မတ် ၁၇ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံများကိုပါ ရွေးချယ်မည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှယူ-၂၃ ပြိုင်ပွဲကို ၂၀၁၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး မြန်မာအသင်းအနေဖြင့် နှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ၂၀၁၄ ပြိုင်ပွဲတွင် နောက်ဆုံးအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း ၂၀၁၆ ပြိုင်ပွဲတွင် ခြေစစ်ပွဲမအောင်ခဲ့ပေ။ ၂၀၁၄ ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်ခဲ့သည့် မြန်မာအသင်းကို ပတ်ဆောင်ဟွာက ကိုင်တွယ်ခဲ့ပြီး ကျော်ကိုကို၊ ကြည်လင်း၊ ကျော်ဇေယျာဝင်း၊ ဇော်မင်းထွန်းတို့အုပ်စုဖြင့် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ပြိုင်ပွဲခြေစစ်ပွဲဝင်အသင်းကို ဦးကြည်လွင်က ကိုင်တွယ်ခဲ့ပြီး စင်ကာပူဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကာ တရုတ်(တိုင်ပေ)ကို သုံးဂိုး-ဂိုးမရှိ၊ ဟောင်ကောင်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသော်လည်း ဩစတြေးလျကို ငါးဂိုး-တစ်ဂိုးဖြင့် ရှုံးသောကြောင့် ခြေစစ်ပွဲမအောင်ခဲ့ခြင်းဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စု ၁၀ စုမှ ထိပ်ဆုံး ၁၀ သင်းမှာ တိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်ပြီး ဒုတိယနေရာရ ၁၀ သင်းအနက် အကောင်းဆုံးငါးသင်းမှာ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



# ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာအေးဖေ၊ ပါမောက္ခ၊ ဌာနမှူး၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဇီဝဗေဒဘာသာရပ် ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများ စာမေးပွဲ လွယ်ကူစွာဖြေဆိုနိုင်စေဖို့ ရည်ရွယ်ပြီး ပို့ချမှာဖြစ်တယ်။ ဒီပို့ချချက်မှာ ပြဋ္ဌာန်းထားတဲ့ သင်ခန်းစာကို လေ့လာသင့်တဲ့ပုံစံနဲ့ စာမေးပွဲအထောက်အကူပြု သိကောင်းစရာများကို ဖော်ပြပါမယ်။

ဇီဝဗေဒသင်ရိုးမှာပါတဲ့ သင်ခန်းစာကို လေ့လာကြည့်ရင် ပွင့်ဆောင်ပင် (Flowering Plants) တွေကို အခြေခံအားဖြင့် မြေအောက်ပိုင်း အမြစ်အဖွဲ့အစည်း (Underground Root System) နဲ့ မြေပေါ်ပိုင်း ပင်စည်အဖွဲ့အစည်း (Aerial Shoot System) ဆိုပြီး ခွဲခြားလို့ရတယ်။

Underground Root System မှာ Tap root ရေသောက်မြစ်နဲ့ Lateral roots ဘေးမြစ်တွေပါဝင်သလို Aerial shoot system မှာ Stem ပင်စည် Branch အကိုင်း Leaf အရွက် Flower ပန်းပွင့်နဲ့ Fruit အသီးတွေ ပါဝင်ပြီး အပင်ရဲ့ ဘယ်နေရာမှာရှိတယ်၊ ဘယ်လိုတည်ဆောက်ထားတယ်ဆိုတာ သိရပါမယ်။

အပင်အမျိုးအစားခွဲခြားခြင်းနှင့် ပတ်သက်လို့ လေ့လာရင် ပင်စည်ရဲ့သဘာဝ (Nature of stem) နှင့် ကြီးထွားမှု (Growth habit) ပေါ်မူတည်ပြီးတော့ Tree သစ်ပင် Shrub ချုံပင် Herb သစ်ပျော့ပင် Climber နွယ်ပင်နဲ့ Creeper တွားသွားပင်လို့ ခွဲခြားနိုင်တယ်။

PLANT TYPES BASED ON NATURE OF STEMS AND GROWTH HABIT

| No. | Types | Prominent features | Examples |
|---|---|---|---|
| 1 | **Trees** | woody plant with one main trunk | mango, kokko, kyun |
| 2 | **Shrubs** | medium-sized, many branches from the ground level | *Hibiscus*, croton, rose |
| 3 | **Herbs** | soft stems | tomato, most grasses |
| 4 | **Climbers** | weak stems which need support to grow upright | rattan |
| 5 | **Creepers** | weak stems which creep about without growing upright | grasses, strawberries |

သက်တမ်း (Length of life) ပေါ်မူတည်ပြီးလည်း Annual တစ်ရာသီခံပင် Biennial နှစ်ရာသီခံပင်နဲ့ Perennial နှစ်ရှည်ခံပင်ဆိုပြီး ခွဲခြားနိုင်တယ်။

PLANTS DISTINGUISHED ACCORDING TO THE LENGTH OF LIFE

| No. | Types | Prominent features | Examples |
|---|---|---|---|
| 1 | **Annuals** | one growing season | peas and beans |
| 2 | **Biennials** | two growing seasons | carrot, cabbage |
| 3 | **Perennials** | many years | mango, gladiolus |

အပင်များကို ပေါက်ရောက်ရာဒေသ (Habitat) ရဲ့ ရေရရှိမှုပေါ်မူတည်ပြီးတော့လည်း Hydrophyte ရေကြိုက်ပင် Xerophyte ရေနည်းခံပင်နဲ့ Mesophyte ရေအသင့်အတင့်ကြိုက်ပင်ဆိုပြီး ခွဲခြားနိုင်တဲ့အတွက်ကြောင့် သက်ဆိုင်ရာ နေရာ၊ အခြေအနေနှင့် ဥပမာပြုအပင်တွေကို မှတ်သားစေချင်တယ်။

PLANTS DISTINGUISHED ACCORDING TO HABITATS

| No. | Types | Prominent features | Examples |
|---|---|---|---|
| 1 | **Hydrophytes** | live in water or in very wet soil | waterlilies |
| 2 | **Xerophytes** | live in dry places | cacti, *Acacia* species |
| 3 | **Mesophytes** | intermediate between the two extremes of very dry and very wet situations | peas and beans |

အပင်တွေကို အစာအာဟာရရယူပုံနည်းလမ်း (Mode of nutrition) ပေါ်မူတည်၍လည်း Autophyte ကိုယ်တိုင်အာဟာရပြုပင် Parasite ကပ်ပါးအာဟာရပြုပင် Saprophyte အဆွေးစားပင် Epiphyte သစ်ကပ်ပင်နဲ့ Insectivorous or Carnivorous plant အင်းဆက်ပိုးစားပင်ဆိုပြီး ခွဲခြားထားတာတွေကို ဥပမာများနှင့်တကွ လေ့လာမှတ်သားဖို့လိုတယ်။

PLANTS DISTINGUISHED ACCORDING TO MODE OF NUTRITION

| No. | Types | Prominent features | Examples |
|---|---|---|---|
| 1 | **Autophytes** | can manufacture their own food | all green plants |
| 2 | **Parasites** | cannot manufacture their own food, depend on other organisms for their nutrition | dodder |
| 3 | **Saprophytes** | live upon dead organic matter | fungi |
| 4 | **Epiphytes** | grow attached to other plants but do not obtain any food from them | orchids |
| 5 | **Insectivorous** | obtain their nourishment by feeding insects | pitcher, sundew |

Root, stem, leaf ရဲ့ အခြေခံတည်ဆောက်ပုံနဲ့ အာဟာရပြုပုံတွေကို သိပြီးပြီဆိုရင် သူတို့ရဲ့ထူးကဲမှု modification ကိုထပ်ပြီး နားလည်သဘောပေါက်ဖို့လိုတယ်။

Modification ဆိုတာ အပင်ရဲ့ အစိတ်အပိုင်းတစ်ခုဟာ သူ့ရဲ့မူလတာဝန်အပြင် အခြားတာဝန်တွေကိုပါ ပူးတွဲလုပ်ဆောင်တာကို ခေါ်တယ်။

ဥပမာ အမြစ်ရဲ့တာဝန်က Anchorage ကုပ်တွယ်ခြင်းနဲ့ Absorption စုပ်ယူခြင်းကိုလုပ်ရမှာဖြစ်ပေမယ့် အချို့အမြစ်တွေဟာ ပင်စည်ရဲ့ တာဝန်ဖြစ်တဲ့ Support အထောက်အကန်ပေးခြင်းကို လုပ်ကြတယ်။ ဒီလိုပဲ ပင်စည်တချို့ကလည်း အရွက်တွေလိုပြားပြီး စိမ်းရောင်ခြယ် Chlorophyll ရှိလို့ အရွက်ရဲ့တာဝန်ဖြစ်တဲ့ Photosynthesis အလင်းမှီစုအစာဖွဲ့စည်းခြင်းလုပ်ငန်းကို လုပ်ကြတယ်။ အရွက်အချို့ကလည်း ပင်စည်ရဲ့ လုပ်ငန်းဖြစ်တဲ့ Support အထောက်အကန်ပေးခြင်းကို လုပ်ဆောင်ကြတာဟာ ထူးကဲခြင်းတွေပဲဖြစ်တယ်။ Root, Stem နဲ့ Leaf တို့ရဲ့ Modification တွေအကြောင်းကို မှတ်မိဖို့က သူတို့ရဲ့တာဝန်တွေကို နားလည်ထားရင် လွယ်လွယ်ကူကူ မှတ်မိမှာပါ။ အထောက်အကန်ပေးတဲ့ Modification မျိုးကို Adventitious roots မူခြားမြစ် Stems ပင်စည်နဲ့ Leaves အရွက်တွေမှာ တွေ့ရတယ်။ Reproduction မျိုးပွားခြင်းနဲ့ Food and water storage အစာရေစာ သိုလှောင်ခြင်းစတဲ့တာဝန်တွေကို ပင်စည်နဲ့ အရွက်တို့က ထူးထူးခြားခြား Modification အနေနဲ့ လုပ်ဆောင်နေကြတာကို တွေ့ရလိမ့်မယ်။

MODIFIED PLANTS

| Modified Function | Modified Roots | Modified Stems | Modified Leaves |
|---|---|---|---|
| Storage | **Modified Tap Roots** e.g. carrot, radish and sugar beet | **Underground Stems** **Rhizome** e.g. ginger **Tuber** e.g. potato | **Food storage leaves** e.g. onion bulb **Water storage leaves** e.g. *Sansevieria* |
| Support | **Prop roots** e.g. banyan **Climbing roots** e.g. betel | **Twiner** e.g. *Ipomoea* **Tendril climber** e.g. cucurbit | **False trunk or supporting leaf sheath** e.g. banana **Buoyancy by leaf float** e.g. water hyacinth (beda) |
| Respiration | **Respiratory roots or Pneumatophore** e.g. *Avicennia* | | |
| Absorption | **Sucking roots or Haustoria** e.g. dodder & *Loranthus* | | **Insectivorous plants** e.g. pitcher plant (*Nepenthes*), sundew (*Drosera*) venus fly-trap (*Dionaea*) and bladder-wort (*Utricularia*) |
| Food Manufacture (Photosynthesis) | | **Phylloclade** e.g. cactus | |
| Propagation (Reproduction) | | **Runner** e.g. strawberry | *Bryophyllum* |

အဲဒီ Modify ဖြစ်နေတဲ့ အမြစ်၊ ပင်စည်နဲ့ အရွက်တော်တော်များများကိုလည်း မိမိရဲ့ပတ်ဝန်းကျင်မှာ အလွယ်တကူ မြင်တွေ့နိုင်တာကြောင့် ပိုမိုသဘောပေါက်အောင် လေ့လာနိုင်တယ်။ Modification အပင်အမျိုးအစားတွေကို ပုံတွေနဲ့ ဖော်ပြထားတာကြောင့် ပုံရဲ့အညွှန်း (Label) ပုံခေါင်းစဉ် (Caption) တို့ကို မှတ်သားထားပြီး ပုံဆွဲတတ်အောင်လည်း လေ့ကျင့်ထားဖို့လိုတယ်။

အခုဆက်လက်ပြီး ပန်းပွင့်နှင့် ပန်းခိုင်များအကြောင်းကို ရှင်းပြမှာ ဖြစ်တယ်။ ပန်းပွင့်ဆိုတာ အပင်တစ်ပင်ရဲ့ မျိုးပွားတဲ့အင်္ဂါ (Reproductive structure) ဖြစ်တယ်။

ပန်းတစ်ပွင့်ရဲ့အစိတ်အပိုင်းများ (Parts of a flower) ကို ကြည့်မယ်ဆိုရင် ပန်းတစ်ပွင့်ဟာ Pedicel ပွင့်ညှာနဲ့ Receptacle ပွင့်ရင်းခံတို့ပေါင်းစပ်ဖြစ်ပေါ်လာတဲ့ Axis ရိုးတံပေါ်မှာတည်ရှိနေပြီး ပွင့်ရင်းခံရဲ့အပေါ်မှာ Floral leaves ပွင့်ရွက်များဖြစ်တဲ့ Calyx ပွင့်ဖတ်အုံ Corolla ပွင့်ချပ်အုံ Androecium ဖိုအင်္ဂါအုံနဲ့ Gynoecium မအင်္ဂါအုံတွေဟာ Whorls or circle ပုံစံနဲ့ တည်ရှိကြတယ်။

အဲဒီပွင့်ရွက်တွေတစ်ခုခြင်းရဲ့ Structure နဲ့ Functions ကိုလည်း လေ့လာမှတ်သားကြရမယ်။

PARTS OF A FLOWER

| Floral parts | Position | Consisting parts | Functions |
|---|---|---|---|
| Calyx | outermost whorl | sepals | - protection<br>- assimilation<br>- attraction<br>- special function |
| Corolla | second whorl | petals | - protection<br>- attraction |
| Androecium | third whorl | stamens | - reproduction |
| Gynoecium | fourth whorl | carpels | - reproduction |

ပွင့်ရင်းခံရဲ့ပေါ်မှာ ပွင့်ရွက်များရဲ့ တည်နေပုံ သုံးမျိုးဖြစ်တဲ့ Hypogyny အထက်တည်မ Perigyny အလယ်တည်မနဲ့ Epigyny အောက်တည်မတို့ကို လေ့လာမယ်ဆိုရင် ဥပမာပေးထားတဲ့ ပန်းပွင့်တွေကို လက်တွေ့ကြည့်ရှုပြီး လေ့လာရင် ပိုမိုနားလည်ပြီး မှတ်သားမိမှာပါ။

POSITION OF FLORAL LEAVES ON THE RECEPTACLE

| Elements | Hypogyny | Perigyny | Epigyny |
|---|---|---|---|
| Nature of receptacle | - The receptacle is more or less convex. | - The receptacle forms a shallow or deep cup-like structure.<br>- The receptacle wall remains distinct from the ovary. | - The receptacle grows further upward, completely enclosing the ovary and fusing with it. |
| Position of stamens,petals and sepals | - The stamens, petals and sepals are inserted on the side of the receptacle below the gynoecium.<br>- inferior in relation to ovary. | - The stamens, petals and sepals on the rim or margin of the receptacle.<br>- half-inferior in relation to ovary. | - The stamens, petals and sepals are inserted on top of the ovary.<br>- superior in relation to ovary. |
| Position of ovary | - The ovary is at the apex of the convex receptacle.<br>- ovary superior. | - The ovary is in the centre of the cup.<br>- ovary half-inferior. | - The ovary is below the stamens, petals and sepals.<br>- ovary inferior. |
| Examples | - mustard, eggplant | - rose, peach | - sunflower, guava, cucumber |

ပန်းခိုင် (Inflorescence) လို့ ဆိုတာနဲ့ ပန်းပွင့်များဟာ တစ်ခုတည်းသော ပွင့်ကိုင်း (Peduncle) ပေါ်မှာ တည်ရှိနေကြတယ်ဆိုတာ သိရမယ်။ အဲ့ဒီပန်းခိုင်တွေရဲ့ ထိပ်မှာအဖူးနဲ့ဆုံးတဲ့ ပန်းခိုင်ဟာဆက်ပြီး တိုးရှည်နိုင်တဲ့အတွက် အဆုံးမရှိပန်းခိုင် (Indefinite or Racemose) လို့ခေါ်တယ်။ ပန်းခိုင်ရဲ့ထိပ်မှာ ပန်းပွင့်နဲ့ အဆုံးသတ်နေရင် အဆုံးရှိပန်းခိုင် (Definite or Cymose) လို့ခေါ်တယ်။ Racemose အမျိုးအစားတစ်ခုဖြစ်တဲ့ Head or Capitulum ဦးခေါင်းငယ်ပန်းခိုင်ကို နေကြာပန်းနဲ့ ဥပမာထားပြီး လေ့လာနိုင်တယ်။

ဝတ်မှုန်ကူးခြင်း (Pollination) ကဏ္ဍမှာ ပွင့်တည်းဝတ်မှုန်ကူးခြင်း (Self-pollination) ရဲ့ adaptation နှစ်ခုဖြစ်တဲ့ Homogamy ပြိုင်တူရင့်ခြင်းနဲ့ Cleistogamy ငုံခြင်းတွေဟာ ပန်းပွင့်များကိုယ်တိုင်က ထူးကဲစွာပြောင်းလဲ နေတာဖြစ်တယ်။ ပွင့်ခြားဝတ်မှုန်ကူးခြင်း (Cross-pollination) ဖြစ်တဲ့ ပန်းပွင့်တွေမှာ ဝတ်မှုန်ကူးဖို့ ပြင်ပအကူ (External agents) တွေလိုတယ်။

စာမျက်နှာ ၂ သို့ »»

»» စာမျက်နှာ ၁ မှ

အဲဒီ Agent တွေအရ Insect အားဖြင့် ဝတ်မှုန်ကူးရင် Entomophily, လေအကူအညီကြောင့် ဝတ်မှုန်ကူးရင် Anemophily, ရေအကူညီကြောင့်ဖြစ်ရင် Hydrophily နဲ့ သတ္တဝါကြောင့် ဝတ်မှုန်ကူးရင် Zoophily ဆိုပြီး မှတ်သားရမယ်။

**POLLINATION**
transference of pollen grains from anther to stigma

**Self-pollination** → (same flower)
*occur in* {bisexual flowers}
1. **Homogamy**
   e.g., paddy, tobacco, wheat, and some legumes
2. **Cleistogamy**
   e.g., *Commelina* and *Impatiens*

**Cross-pollination** → (another flower)
{unisexual and self-sterile bisexual flowers}
1. **Entomophily → by insect**
   e.g., sunflower
2. **Anemophily → by wind**
   e.g., maize
3. **Hydrophily → by water**
   e.g., *Vallisneria*
4. **Zoophily → by animals**
   e.g., *Bombax,Colocasia*

သန္ဓေအောင်ခြင်း Fertilization ဖြစ်စဉ်ဟာ အလွန်သေးငယ်ပြီး Microscope အကူအညီနဲ့ကြည့်မှ မြင်ရလေ့လာလို့ရတဲ့ ဖြစ်စဉ်ဖြစ်တယ်။ သန္ဓေအောင်ခြင်းကို လေ့လာဖို့အတွက် အခြေခံအကျဆုံး သိထားရမှာကတော့ Ovary အစေ့အိမ်နဲ့ Ovule အစေ့လောင်းကို သိထားရမှာဖြစ်သလို Anther ဝတ်မှုန်အိတ်နဲ့ Pollen ဝတ်မှုန်တို့ကိုလည်း သိထားရမှာ ဖြစ်တယ်။

ပန်းပွင့်ရဲ့ Ovaries များကနေ Fruits အသီးများ ဖွံ့ဖြိုးလာတယ်။ အစေ့အိမ်နံရံ Fruit wall အပေါ်မူတည်ပြီး အသားထူခြင်းနှင့် အရည်ရွှမ်းခြင်း Fleshy fruits သို့မဟုတ် ခြောက်သွေ့ခြင်းနှင့် အသီးခွံမာခြင်း Dry fruits ရယ်လို့ နှစ်မျိုးခွဲနိုင်တယ်။

အသီးစို Fleshy fruits နှစ်မျိုးရှိတယ်။ အသီးစိုရဲ့ Mesocarp အပိုင်းကို စားသုံးပြီးနောက် အစေ့တွေကို လွှင့်ပစ်ခြင်းအားဖြင့် Dispersal ပြန့်လွင့်ခြင်းကို ဖြစ်စေတယ်။

အသီးခြောက် Dry fruits ကိုတော့ Dehiscent fruits အက်ကွဲသီးနဲ့ Indehiscent fruits မအက်ကွဲသီးအဖြစ် ခွဲခြားနိုင်တယ်။ အက်ကွဲသီးများက အက်ကွဲခြင်းအားဖြင့် ပျံ့နှံ့သလို မအက်ကွဲသီးများကတော့ လေအားဖြင့် ရေအားဖြင့် စသည်ဖြင့် ပျံ့နှံ့ကြတယ်။

Ovules တွေရင့်မှည့်လာခြင်းကနေ Seed အစေ့ကို ဖြစ်စေတယ်။ အစေ့တစ်စေ့မှာ Embryo ပင်လောင်းတစ်ခု၊ Cotyledons အစေ့ရွက် တစ်ခု သို့မဟုတ် နှစ်ခုနဲ့ Seed coat အစေ့ခွံတို့ ပါဝင်တယ်။ အစေ့အများစုမှာ စေ့တွင်းစာ Endosperm လည်းရှိကြတယ်။ စေ့ရွက်ပါဝင်မှုပေါ်မူတည်ပြီး Monocotyledons စေ့ရွက်ထီးနှင့် Dicotyledons စေ့ရွက်စုံဆိုပြီး ခွဲခြားနိုင်တယ်။

အစေ့အညှောက်ပေါက်ခြင်း Germination နှစ်မျိုးမှာ Epigeal Germination စေ့ရွက်မြေပေါ် ပေါက်ခြင်းနှင့် Hypogeal Germination စေ့ရွက်မြေအောက် ပေါက်ခြင်းတို့ဖြစ်တယ်။ အသီး၊ အစေ့နှင့် အပင်ပေါက်ခြင်းအကြောင်းအရာများကို သက်ဆိုင်ရာ ဥပမာများနဲ့လေ့လာရင် ပိုပြီးနားလည်သဘောပေါက်မှာ ဖြစ်တယ်။

နို့တိုက်သတ္တဝါအကြောင်းကို လေ့လာရာမှာလည်း သက်ဆိုင်ရာပုံများနှင့် တွဲဖက်လေ့လာမယ်ဆိုရင် နားလည်မှုစွမ်းရည်မြင့်တက်မှာ ဖြစ်တယ်။

Nutrition အပိုင်းရဲ့ အဓိကဖြစ်စဉ်ကတော့ Photosynthesis (အလင်းမှီစု အစာဖွဲ့စည်းခြင်း) ဖြစ်တယ်။ Chloroplast ဟာ အပင်ဆဲလ် အတွင်းရှိတဲ့ Organelle ဖြစ်ပြီး Chlorophyll များကို သယ်ဆောင်ထားတယ်။

အလင်းမှီစုအစာဖွဲ့စည်းရန်အတွက် Chlorophyll ရှိရန် လိုအပ်သလို ကာဗွန်ဒိုင်အောက်ဆိုက် (Carbon dioxide) နှင့် ရေတို့ ရရှိရန်လည်း လိုအပ်တယ်။ အပင်များဟာ အလင်းရောင်ရရှိချိန်မှာ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ရေကို ပူးပေါင်းစေပြီး အခြေခံသကြား Glucose အဖြစ်ဖွဲ့စည်းကာ Starch ကစီဓာတ်အသွင်ဖြင့် သိုလှောင်ထားလေ့ရှိတယ်။

ဒီလိုအစာဖွဲ့စည်းခြင်းဖြစ်စဉ်ဟာ အများအားဖြင့် အရွက်များမှာသာ ဖွဲ့စည်းတတ်လို့ Leaf Structure ရဲ့ Table မှာ ဖော်ပြထားတဲ့ Cell အလွှာတစ်ခုချင်းရဲ့ ဖွဲ့စည်းတည်ဆောက်ပုံနဲ့ လုပ်ငန်းတာဝန်တွေကိုပါ အသေးစိတ်သိရှိနားလည်ဖို့လိုအပ်တယ်။ အလင်းရောင်၊ ရေနဲ့ကာဗွန်ဒိုင်အောက်ဆိုက်တို့ကို ရယူနိုင်ဖို့အတွက် အရွက်ရဲ့ လိုက်လျောညီထွေစွာ ဖွဲ့စည်းထားရှိမှုကို ကောင်းစွာ သိရှိနားလည်သင့်တယ်။

Summarized plant nutrition ရဲ့ Word diagram မှာ ဖော်ပြထားတဲ့ Box များနှင့် Arrow များကိုအရေအတွက်မှန်ကန်စွာနဲ့ နေရာတိကျစွာ ညွှန်းပြရန် လိုအပ်တယ်။ အကယ်၍ Box အတွင်းမှ စာလုံးပေါင်းသတ်ပုံနဲ့ စာလွဲမှားခဲ့ရင် ဒါမှမဟုတ် မြားခေါင်းညွှန်ပြမှုနေရာများ လွဲမှားခဲ့ရင် အမှတ်လျော့နိုင်လို့ အထူးဂရုစိုက်ဖို့လိုတယ်။

သက်ရှိဆဲလ်ထဲမှာ Glucose ပြိုကွဲမှုကြောင့် Chemical energy ဓာတုစွမ်းအင်ထွက်ရှိခြင်းကို Respiration စွမ်းအင်ထုတ်ခြင်းလို့ခေါ်တယ်။

စွမ်းအင်ထုတ်ခြင်းမှာ Aerobic respiration လေရှိစွမ်းအင်ထုတ်ခြင်းနှင့် Anaerobic respiration လေမဲ့စွမ်းအင်ထုတ်ခြင်းဆိုပြီး နှစ်မျိုးရှိတယ်။ Aerobic respiration မှာ အောက်ဆီဂျင် ($O_2$) ကို အသုံးပြုပြီး အစာ Glucose ကို ဖြိုခွဲတဲ့အခါ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$), ရေ ($H_2O$) နှင့် စွမ်းအင် (Energy) တို့ထွက်လာတယ်။ Anaerobic respiration မှာတော့ အောက်ဆီဂျင် ($O_2$) မသုံးဘဲ Glucose ကို ဖြိုခွဲတဲ့အခါ Ethanol, ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) နှင့် စွမ်းအင် (Energy) တို့ထွက်လာတယ်။

ထွက်ပေါ်လာတဲ့စွမ်းအင်ကို ATP (Adenosine Triphosphate) အဖြစ် ဆဲလ်ရဲ့ Mitochondria ထဲမှာ သိုလှောင်ထားတယ်။ ATP က ထွက်လာတဲ့ စွမ်းအင်ကို သက်ရှိတို့ရဲ့ လှုပ်ရှားဆောင်ရွက်မှုများအတွက် နည်းလမ်းအမျိုးမျိုးနဲ့ အသုံးပြုကြတယ်။

လူအပါအဝင် သတ္တဝါတွေဟာ လေရှိစွမ်းအင်ထုတ်ပေမယ့် ပြင်းပြင်းထန်ထန် လေ့ကျင့်ခန်းလုပ်နေရင် ကြွက်သားဆီကို အောက်ဆီဂျင် ($O_2$) မြန်မြန်နဲ့ လုံလောက်အောင် မရောက်နိုင်လို့ လေမဲ့စွမ်းအင် ထုတ်ကြရတယ်။

Water Relation ရေနှင့်သက်ရှိများရဲ့ နှီးနွှယ်ဆက်စပ်မှုသင်ခန်းစာမှာ ရေရဲ့အသုံးဝင် အရေးပါမှုအကြောင်းရင်း (၅) ခုဖြစ်တဲ့ (၁) Solvent, (၂) Reactant, (၃) Coolant, (၄) Support နှင့် (၅) Lubricant စတဲ့ အကြောင်းအရာများကိုလည်း သိထားရမယ်။

အဲဒီနောက် Diffusion (ပျံ့ရောခြင်း) နှင့် Osmosis (တစ်ဖက်စိမ့်ခြင်း) အကြောင်းအရာများရဲ့ အဓိပ္ပာယ်များကိုလည်း သိထားဖို့လိုတယ်။ ဥပမာအနေနဲ့ အပင်များမှာ ရေကိုအမြစ်များမှတစ်ဆင့် ပင်စည်သို့ ပို့ဆောင်ပေးခြင်းဟာ Osmosis နည်းနဲ့ သယ်ပို့ခြင်းဖြစ်တာကို နားလည်သဘောပေါက်ရမယ်။ အဲဒီလို စုပ်ယူလိုက်တဲ့ ရေထဲမှ ရေပမာဏများစွာဟာ အပင်များမှ ရေငွေ့ပျံခြင်းဖြစ်စဉ် (Transpiration) နည်းနဲ့ ရေဆုံးရှုံးမှုကို ဖြစ်စေတယ်။

ရေငွေ့ပျံခြင်းကြောင့်ရရှိတဲ့ အကျိုးကျေးဇူးတွေကတော့ (a) Transpiration pull (ရေဆွဲတင်အား)၊ (b) Transport of salt (ဓာတ်ဆားများကိုသယ်ပို့ပေးခြင်း) နှင့် (c) Cooling (အေးစေခြင်း) တို့ဖြစ်တယ်။ ဆက်လက်ပြီး အပင်များအတွင်း ရေနှင့်ပျော်ဝင်ပစ္စည်းများဟာ အပင်တစ်လျှောက် Translocation (ရွှေ့ပြောင်းခြင်း) နည်းနဲ့ ရွှေ့လျားနိုင်ခြင်းရှိတာကိုပါ သိရှိရမှာဖြစ်တယ်။

အခုပြောပြခဲ့တဲ့ပုံစံနဲ့ Co-ordination, Reproduction, Inheritance နဲ့ Environmental Biology အကြောင်းအရာတွေကိုလည်း ကျောင်းသား ကျောင်းသူများအနေနဲ့ အလွတ်ကျက်ခြင်းထက် အခြေခံအကြောင်းအရာဖြစ်စဉ်များကို သေချာစွာ နားလည်သဘောပေါက်အောင် ဖတ်ရှုပြီးမှ မေးခွန်းဟောင်းများကို လေ့ကျင့်ဖြေဆိုမယ်ဆိုရင် ပိုမိုထိရောက်မှုရှိမှာ ဖြစ်တယ်။

ဇီဝဗေဒဘာသာရပ်ရဲ့ မေးခွန်းပုံစံကို လေ့လာကြည့်မယ်ဆိုရင်

1. TRUE or FALSE
2. Completion
3. Short Questions (2 marks)
4. Short Questions (4 marks)
5. Long Questions (8 marks)

အခန်းလိုက် မေးခွန်းပျံ့နှံ့ပုံ

| Chapter | Question Number | 1 Mark (True/False) | 1 Mark (Completions) | Question Number | 2 Marks | Question Number | 4 Marks | Question Number | 8 Marks | Total Marks |
|---|---|---|---|---|---|---|---|---|---|---|
| I | 1 (i, ii), 2 (i, ii) | 2 | 2 | 3 (a) | 1 | 4 (a) | 1 | 5 (a) | 1 | 28 |
| II | 1 (iii, iv), 2 (iii, iv) | 2 | 2 | | | | | | | |
| III | 1 (v), 2 (v) | 1 | 1 | | | | | | | |
| IV | 1 (vi, vii), 2 (vi, vii) | 2 | 2 | | | | | | | |
| V | 1 (viii, ix), 2 (viii, ix) | 2 | 2 | 3 (b) | 1 | 4 (b) | 1 | 5 (b) | 1 | 18 |
| VI | 1 (x, xi), 2 (x, xi) | 2 | 2 | 3 (c) | 1 | 4 (c) | 1 | 5 (c) | 1 | 18 |
| VII | 1 (xii), 2 (xii) | 1 | 1 | 3 (d) | 1 | | 1 | 5 (d) | 1 | 16 |
| VIII | 1 (xiii, xiv), 2 (xiii, xiv) | 2 | 2 | | 1 | 4 (d) | 1 | | 1 | 18 |
| IX | 1 (xv, xvi) 2 (xv, xvi) | 2 | 2 | 3 (e) | 1 | | 1 | 5 (e) | 1 | 18 |
| X | 1 (xvii), 2 (xvii) | 1 | 1 | | 1 | 4 (e) | 1 | | 1 | 16 |
| XI | 1 (xviii, xix), 2 (xviii, xix) | 2 | 2 | 3 (f) | 1 | | 1 | 5 (f) | 1 | 18 |
| XII | 1 (xx), 2 (xx) | 1 | 1 | | 1 | | 1 | | 1 | 16 |

မေးခွန်း No. 1 နှင့် 2 ဟာ Objective types ခမ္ဘဝိဌာန်အမျိုးအစား ဖြစ်တယ်။ အတိအကျပြောမယ်ဆိုရင် မေးခွန်း No. 1 ဟာ TRUE or FALSE ဖြစ်ပြီး မေးခွန်း No. 2 ဟာ Completion အမျိုးအစားဖြစ်တယ်။ မေးခွန်း No. 1 နှင့် 2 အတွက် (၁) ပုဒ်လျှင် (၁) မှတ်နှုန်းနဲ့ အပုဒ် (၂၀) မေးပြီး စုစုပေါင်း အမှတ် (၄၀) ဖိုးဖြစ်တယ်။ ဒီအမှတ် (၄၀) ဖိုး အတွက် အခန်းလိုက် မေးခွန်းပျံ့နှံ့ပုံဇယားကို ကြည့်ရင် အခန်း (၁၂) ခန်းလုံးဖြန့်ပြီး မေးထားတာကို တွေ့ရမယ်။

TRUE or FALSE နဲ့ Completion မေးခွန်းဟာ နားလည်သဘောပေါက်မှုနဲ့ Conceptual ကို အခြေခံတဲ့အတွက် Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်ရာ ဝေါဟာရ (Terminology) များကို စာလုံးပေါင်းနဲ့တကွ သေချာစွာ လေ့လာမှတ်သားဖို့လိုတယ်။ အဓိကပါဝင်တတ်တဲ့ မေးခွန်းတွေက ပြဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက် (Definition) များနှင့် Statements များ ဖြစ်တယ်။ ရွေးချယ်ဖြေဆိုစရာမရှိတဲ့အတွက် အမှတ်ပြည့်ရလိုသူများအနေနဲ့ ပြဌာန်းစာအုပ် တစ်အုပ်လုံးကို ခြုံငုံလေ့လာဖတ်ရှုထားဖို့လိုမယ်။

မေးခွန်း No. 3 ကတော့ (၂) မှတ်တန်မေးခွန်းတို ဖြစ်တယ်။ 3 (a) မှ (f) ထိ (၆) ပုဒ်ပါရှိပြီး (၁၂) မှတ်ဖိုးဖြစ်တယ်။ (၂) မှတ်တန် မေးခွန်းတို ဖြေဆိုဖို့အတွက် အခန်း (၁) မှ (၆) ထိကို မဖြစ်မနေ လေ့လာပြင်ဆင်ထားရမှာဖြစ်ပြီး (or) ခံမေးတဲ့ အခန်းတွေအတွက်တော့ နှစ်သက်ရာ (၁) ခန်းစီမှ ရွေးချယ်ဖြေဆိုနိုင်တယ်။

မေးခွန်း No. 4 ကတော့ (၄) မှတ်တန် မေးခွန်းတို ဖြစ်ပြီး 4 (a) မှ (e) ထိ (၅) ပုဒ်မေးပြီး နှစ်သက်ရာ (၄) ပုဒ် (၁၆) မှတ်ဖိုး ရွေးချယ်ဖြေဆိုရမှာ ဖြစ်တယ်။ မေးခွန်း No. 5 ကတော့ (၈) မှတ်တန် မေးခွန်းရှည်ဖြစ်ပြီး 5 (a) မှ (f) ထိ (၆) ပုဒ်မေးပြီး နှစ်သက်ရာ (၄) ပုဒ် (၃၂) မှတ်ဖိုးကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်တယ်။

မေးခွန်းတိုမှာ တိုတိုနဲ့လိုရင်းကိုသာ ဖြေဆိုရမှာဖြစ်ပြီးတော့ မေးခွန်းရှည်မှာ ဘာသာရပ်ဆိုင်ရာ နားလည်တတ်ကျွမ်းမှုကို ဖြေဆိုရမှာဖြစ်တယ်။ မေးခွန်းရှည်မှာ ပုံဆွဲ၊ အညွှန်းတပ်တဲ့မေးခွန်း၊ အညွှန်းပဲတပ်ခိုင်းတဲ့ မေးခွန်းများအပြင် စာချည်းသက်သက်သာဖြေရတဲ့ မေးခွန်းတွေကိုလည်း မေးလေ့ရှိတယ်။

ဒါကြောင့် သင်ခန်းစာများကို လေ့လာတဲ့အခါ သရုပ်ဖော်ပုံနဲ့တွဲပြီး လေ့လာဖို့လိုသလို Word diagram နဲ့ Table များကိုပါ လေ့လာထားဖို့လိုတယ်။

ဇီဝဗေဒဘာသာရပ် ဖြေဆိုတဲ့အခါ သတိပြုရမည့်အချက်တွေကတော့

(၁) မေးခွန်းကိုသေချာစွာဖတ်ပါ၊ နားလည်သဘောပေါက်အောင် ဖတ်ပြီးမှ
ဖြေဆိုပါ။ မေးခွန်းမှာ

- Mention / Name / List နဲ့စထားရင် အမည်များဖော်ပြဖြေဆိုရန်။
- Enumerate နဲ့စရင် အမှတ်စဉ်ထိုး၍ဖြေဆိုရန်။
- Define နဲ့စရင် အဓိပ္ပာယ်သတ်မှတ်ရန်။
- What / How / Cite / Give / State / Describe / Discuss / Explain/ Clarify / Write နဲ့စထားရင် ရေးပါ၊ ရှင်းပြပါ၊ ဖြေရှင်းပါ၊ ဆွေးနွေးပါ၊ ဖော်ပြပါ၊ ဘယ်လိုနားလည်သလဲ အစရှိတဲ့ မေးခွန်းတွေကို စာသားအားဖြင့် အဖြေထုတ်ရန်။
- Distinguish / Classify / Differentiate နဲ့စရင် အုပ်စုနှင့် အမျိုးအစားတို့ကို ခွဲခြားပြရန်။
- Comparative / Compare and contrast / versus နဲ့စထားရင် နှိုင်းယှဉ် ဖြေဆိုရန်။
- Give a table / Tabulate နဲ့စရင် ဇယားဆွဲ၍ ဖြေဆိုရန်။
- Give a word diagram နဲ့စရင် စကားလုံးများကို ညွှန်ချက်မြားတန်းများဖြင့် ချိတ်ဆက်ဖော်ပြရန်။
- Draw / Illustrate / illustration / drawing / diagram နဲ့စထားရင် သရုပ်ဖော်ပုံ ဆွဲပေးရန်။
- Provide labels and caption နဲ့စရင် ပုံကိုပြန်ကူးဆွဲရန် မလိုဘဲ အညွှန်းမြားတို့က ညွှန်ပြသောနေရာကို အမည်ဖော်ပေးရန်နှင့် ပုံခေါင်းစဉ်တတ်ပေးရန်ဖြစ်ပြီး နောက်ဆက်တွဲ မေးသည့် မေးခွန်းရှိခဲ့လျှင် ဖြေဆိုရန် သတိပြုပါ။

(၂) အဖြေလွှာရဲ့ သတ်မှတ်ထားတဲ့နေရာမှာ ခုံနံပါတ်ကို မှန်အောင်တပ်ပါ။
(၃) အဖြေလွှာပေါ်က ညွှန်ကြားချက်များကို သေချာစွာလိုက်နာပါ။
(၄) ဘေးမျဉ်းကို ခဲတံသုံးပြီး မျဉ်းသားပါ။
(၅) ဖြေဆိုမည့်နံပါတ်ကို ဘေးမျဉ်းအတွင်း မှန်အောင်တပ်ပါ။
(၆) မေးခွန်းနံပါတ် (၁) နှင့် (၂) Objectives များကို ဖြေဆိုရာမှာ i မှ x ကို အဖြေလွှာရဲ့ တစ်ခြမ်းမှာရေးပြီး xi မှ xx ကို နောက်တစ်ခြမ်းမှာ ရေးခြင်းဖြင့် ဖြေဆိုပါ။
(၇) ပုံဆွဲခိုင်းခဲ့လျှင် အချိုးကျသပ်ရပ်သောပုံကို ခဲတံဖြင့်ဆွဲပြီး အညွှန်းပြည့်စုံအောင်တပ်ပါ။
(၈) သိပ္ပံအမည်များကို ရေးသားဖော်ပြရာမှာတော့ မျိုးစု (Genus) ဖြစ်ခဲ့လျှင် အစစာလုံးကို Capital နဲ့စရေးပြီး မျဉ်းသားပေးပါ။
(၉) ဖြေဆိုပြီး အဖြေများ မှန်ကန်မှုရှိ၊ မရှိ ပြန်လည်စစ်ဆေးပါ။

ယခုတင်ပြခဲ့တဲ့ အကြံပြုချက်များကို လိုက်နာပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ ဂုဏ်ထူးမှတ်များနဲ့ ထူးထူးချွန်ချွန်အောင်မြင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

# မော်ကွန်းရတနာထိန်းသိမ်းပါ

jrcGdk;armfuGvdkf



မော်ကွန်းဟူသည့်အသုံးအနှုန်းကို ပုဂံခေတ်၊ ကောဇာသက္ကရာဇ် ၅၆၀၊ ခရစ်သက္ကရာဇ် ၁၁၉၉ ခု ကျောက်စာတွင် မော်ကွန်းတင်ဟူသော အရေးအသားကိုတွေ့ရှိရသဖြင့် မော်ကွန်းတင်ပုံ၊ မော်ကွန်းမှတ်တမ်းများထားသိုပုံကိုသိရှိရသည်။ ထို့ကြောင့် မြန်မာတို့သည် ပုဂံခေတ်ကတည်းက မော်ကွန်းလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်ဟုခန့်မှန်းနိုင်သည်။ မော်ကွန်းထိန်းသိမ်းခြင်းလုပ်ငန်းသည် ရှေးမြန်မာမင်းများ လက်ထက်ကပင်မြန်မာ့ဓလေ့ထုံးထမ်းနှင့်အညီရှိခဲ့ကြောင်း တွေ့ရှိရပေသည်။

ကုန်းဘောင်ခေတ်နှောင်း အစိုးရအုပ်ချုပ်ရေးယန္တရား၌ နေပြည်တော်အုပ်ချုပ်ရေးအဆင့်နှင့် ဒေသန္တရအုပ်ချုပ်ရေးအဆင့်ဟု တိကျစွာသတ်မှတ်ထားရှိသည်။ နေပြည်တော် အုပ်ချုပ်ရေးအဆင့်တွင် လွှတ်ရုံးငါးရပ်ဟုခေါ်သော လွှတ်တော်၊ ဗြဲတိုက်၊ ရှေ့ရုံး၊ နောက်ရုံး၊ တရားရုံးတို့ကို ဖွဲ့စည်းထားရှိသည် ။ လွှတ်တော်သည် ဥပဒေပြုအုပ်ချုပ်ရေးနှင့်တရားစီရင်ရေးတို့ကို တာဝန်ယူဆောင်ရွက်ရသော ဌာနဖြစ်သည်။ ဗြဲတိုက်သည် မင်းဧကရာဇ်၏ အမိန့်တော်ထုတ်ပြန်ရေးတွင် လွှတ်တော်မှ တင်သွင်းသော စာမှာတမ်းကို စီမံဆောင်ရွက်ရသည်။ ရှေ့ရုံးတော်မှာ ရာဇဝတ်ရုံးဖြစ်သည်။နောက်ရုံးတော်မှာ နန်းတွင်းသူများနှင့်ပတ်သက်သော အမှုအခင်းများကို ကြီးကြပ်ရသည်။ တရားရုံးမှာ တရားမမှုများ၊ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ညှိနှိုင်းစီရင်ဆုံးဖြတ်ရသောရုံးဖြစ်သည်။ လွှတ်တော်တွင် 'ဆယ်ဌာန' ခေါ်တွင်သော လုပ်ငန်းများကို တိုက်ရိုက်ကြီးကြပ်သူများမှာ စာရေးတော်ကြီးများဖြစ်သည်။ စာရေးတော်ကြီးများတွင် ဝိုင်းထိုင်စာရေးတော်များလည်းရှိသည်။ ဗြဲတိုက်သည် နန်းတွင်းအုပ်ချုပ်ရေး၊ လွှတ်တော်နှင့် ဘုရင်အကြားဆက်သွယ်ပေးရာ ဌာနဖြစ်သည်။ ဗြဲတိုက်တွင်လည်းဆောင်ရွက်ရသော လုပ်ငန်းအလိုက် လုပ်ငန်းစုများ ဖွဲ့စည်းထားပါသည်။ ရွှေတိုက်၊ ပုံပြင်ဌာန (ဗြဲတိုက်မှ လွှတ်တော်သို့ ပို့သမျှအမိန့်တော်များကို မှတ်တမ်းအဖြစ်ထိန်းသိမ်းရသောဌာန ) စသည့်ဖြင့် ဖွဲ့စည်းထားရှိသည်ကို တွေ့ရသဖြင့် မြန်မာဘုရင်များလက်ထက်တွင် မှတ်တမ်းထိန်းသိမ်းခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ခဲ့ကြောင်းတွေ့ရပေသည်။

ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ချိန်မှစ၍ ဒေသန္တရအုပ်ချုပ်ရေးအဆင့်တွင် ခရိုင် ၁၀ ခုဖြင့် ဖွဲ့စည်းထားရှိသည်။ ခရိုင်ဝန်၊ မြို့ဝန်၊ မြို့အုပ်၊ သူကြီးအစရှိသူတို့ကို အကြီးအကဲအဖြစ်ခန့်အပ်သည်။ ခရိုင်ဝန်ရုံး၊ အရေးပိုင်ရုံးများတွင် မှတ်တမ်းခန်းများထားရှိ၍ မှတ်တမ်းထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ ဗြိတိသျှအုပ်ချုပ်ရေးခေတ်၌ မှတ်တမ်းများကို ခရိုင်အဆင့် မှတ်တမ်းခန်းများတွင်ထားရှိ၍ သိမ်းဆည်းခဲ့သော်လည်း နိုင်ငံတော်အဆင့်နှင့် လျော်ညီသောမှတ်တမ်းခန်းမရှိခဲ့ပေ။ ဗြိတိသျှတို့ဆုတ်ခွာစဉ်ကာလများတွင်လည်း စစ်ဘေး၊ စစ်ဒဏ်ကြောင့် မြန်မာနိုင်ငံ၏မှတ်တမ်းထိန်းသိမ်းမှုစနစ်သည် အတိုင်းအတာတစ်ခုအထိ မျက်ခြေပြတ်ခဲ့ပါသည်။

လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာနိုင်ငံတွင် အမျိုးသားအဆင့်နှင့်လျော်ညီသော မော်ကွန်းတိုက် တည်ထောင်ရန် ရည်ရွယ်ခဲ့ကြပါသည်။ ၎င်းရည်ရွယ်ချက်ဖြင့် ၁၉၇၀ ခုနှစ်တွင် စီမံကိန်းများချမှတ်၍ ပြင်ဆင်ခဲ့ပြီး ၁၉၇၂ ခုနှစ် စနစ်သစ်အုပ်ချုပ်ရေးဖော်ထုတ်မှု အစီအစဉ်အရ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်၌ ၁၉၇၂ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် အတွင်းဝန်များရုံး စာကြည့်တိုက်ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ၁၉၇၃ ခုနှစ် ဇူလိုင်လတွင် အမှတ် (၁၁၄) ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ကို စတင်တည်ထောင်စဉ်ကပင် အမျိုးသားရေးကိုရှေးရှု၍ မှတ်တမ်းများရယူစုဆောင်းခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ တော်လှန်ရေးကောင်စီခေတ် (၁၉၆၂-၁၉၇၄) မှတ်တမ်းများအား စတင်လွှဲပြောင်းလက်ခံရရှိခဲ့ပါသည်။ ဆက်လက်၍ဝန်ထမ်းများအား လုပ်ငန်းအဖွဲ့များခွဲ၍ တိုင်းနှင့်ပြည်နယ်များရှိ ယခင်တိုင်းမင်းကြီးရုံး၊ အရေးပိုင်ရုံးများရှိ မှတ်တမ်းခန်းများမှ ထိန်းသိမ်းသင့်သည့် မှတ်တမ်းများကို သွားရောက်လွှဲပြောင်းရယူခဲ့ပါသည်။ လက်ခံရရှိသော မှတ်တမ်းများကို ခေတ်ကာလအလိုက် ခွဲခြား၍ မော်ကွန်းအုပ်စုများခွဲခြားကာ စနစ်တကျထိန်းသိမ်းထားရှိပါသည်။

ထိန်းသိမ်းထားရှိသောမှတ်တမ်းများမှာ နိုင်ငံတော်၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ သမိုင်း၊ ယဉ်ကျေးမှုဆိုင်ရာ အထောက်အထား မှတ်တမ်းစာတွဲများအပြင် နိုင်ငံတော်၏ သမိုင်းမျက်နှာစာတွင် အထင်ကရမှတ်တမ်းတစ်ခုအဖြစ်တည်ရှိသော စာချုပ်၊ စာချွန်လွှာများကို မော်ကွန်းအုပ်စုတစ်ခုဖြင့် ထိန်းသိမ်းထားရှိပါသည်။ မြန်မာနိုင်ငံ ပြန်တမ်းများ၊ ခေတ်အဆက်ဆက်ထုတ်ဝေခဲ့သောသတင်းစာများ၊ သမိုင်းဝင်ရှားပါးစာအုပ်များအား စုစည်း၍ ပုံနှိပ်မော်ကွန်း (Printed Archives ) အဖြစ်ထိန်းသိမ်းထားရှိပါသည်။ မော်ကွန်းများအား မှတ်တမ်းတင်ရိုက်ကူးထားသည့် မိုက်ခရိုဖလင်၊ မိုက်ခရိုဖစ်ချ်များ၊ နှုတ်ပြောသမိုင်း (Oral History) အသံဖိုင်မှတ်တမ်းများ၊ သတင်းမှတ်တမ်းဓာတ်ပုံများအား စက္ကူမဟုတ်မော်ကွန်း (Non-paper Archives) အဖြစ် ထိန်းသိမ်းထားရှိပါသည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သည် စတင်တည်ထောင်စဉ်ကပင် မော်ကွန်းမှတ်တမ်းစီမံခန့်ခွဲခြင်း၊ မှတ်တမ်းများအား ပြုပြင်ထိန်းသိမ်းခြင်းနည်းပညာများနှင့် စက်ကိရိယာပစ္စည်းများကို ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် လေ့ကျင့်ရယူခဲ့ပါသည်။ ၁၉၈၂ ခုနှစ်တွင် အမျိုးသားမော်ကွန်းတိုက်အင်းအား ဖြည့်တင်းရေးစီမံချက် (Strengthing of National Archives Project) ဖြင့် (UNESCO) မှ အကြံပေးပညာရှင်များ မြန်မာနိုင်ငံသို့လာရောက်၍ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း၊ ပြည်ပနိုင်ငံများရှိ မော်ကွန်းတိုက်များသို့ လေ့လာရေးခရီးနှင့်သင်တန်းများ စေလွှတ်ခြင်းတို့ ပြုလုပ်ပေးခဲ့ပါသည်။

ယခုအခါ မော်ကွန်းမှတ်တမ်းများအား တိုးတက်ဖြစ်ပေါ်လာသော နည်းပညာများကို အသုံးပြု၍ ပြည်တွင်း၊ ပြည်ပ သုတေသီများ ရည်ညွှန်းကိုးကားအသုံးပြုရာတွင် လွယ်ကူလျင်မြန်စေရန် (NAIS) (National Archives Information System) ဖြင့် ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ဆက်သွယ်၍ အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ (International Council on Archives) နှင့် ယင်းကောင်စီ၏ အရှေ့တောင်အာရှဒေသဆိုင်ရာအဖွဲ့အစည်း (South East Asia Regional Branch of the International Council on Archives) (SARBICA) တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့ပါသည်။ (၁၁)ကြိမ်မြောက် အရှေ့တောင်အာရှဒေသဆိုင်ရာ မော်ကွန်းတိုက်ကောင်စီညီလာခံကို ၁၉၉၇ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ ကျင်းပနိုင်ခဲ့ပါသည်။

နိုင်ငံတော်အတွက်အရေးကြီးသော သမိုင်းမှတ်တမ်းမော်ကွန်းများကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနတွင် စုဆောင်းထိန်းသိမ်းနိုင်ရေးအတွက် ၁၉၉၀ ပြည့်နှစ်တွင် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကို အတည်ပြု ပြဋ္ဌာန်းခဲ့ပါသည်။ အမျိုးသား မှတ်တမ်းနှင့်မော်ကွန်းဥပဒေ အခန်း(၄)၊ ပုဒ်မ(၆)၊ ပုဒ်မခွဲ (က) နှင့် (ခ)တွင် 'အစိုးရဌာနများသည် မိမိတို့လက်ဝယ်ရှိ မှတ်တမ်းများကို (၁၂) နှစ်ပြည့်မြောက်ပြီး ဆက်လက်သုံးစွဲခြင်းမပြုပါက ဤဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။ (၁၂) နှစ်မပြည့်မြောက်စေကာမူ လွှဲပြောင်းပေးလိုက လွှဲပြောင်းပေးနိုင်သည်ဟု ပြဋ္ဌာန်းပါရှိပါသည်။ အထက်ဖော်ပြပါ မှတ်တမ်းဟူသော စကားရပ်တွင် စာရွက်စာတမ်း၊ စာအုပ်၊ ဓာတ်ပုံ၊ ကမ္ပည်းစာ၊ ပေစာ၊ လက်ရေးစာ၊ ပုံနှိပ်စာ၊ စက်ကိရိယာ၊ လျှပ်စစ်အခြားနည်းဖြင့် မှတ်တမ်းတင်ထားသော အက္ခရာ၊ အသံရုပ်သံမှတ်တမ်းတင်ချက်များ ပါဝင်ပါသည်။

'နှုတ်တစ်ရာစာတစ်လုံး' ဆိုသကဲ့သို့ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးစုတစ်စု၊ အဖွဲ့အစည်းတစ်ခုနှင့်ပတ်သက်၍ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများသည် အတိတ်ကာလနှင့်ပစ္စုပန်ကာလများတွင် ဆောင်ရွက်ခဲ့သည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကိုဖော်ပြနိုင်သည်။ ထိုမှတ်တမ်းများကိုအခြေခံ၍ နောင်အနာဂတ်ကာလတွင်ဆောင်ရွက်ရမည့်လုပ်ငန်းများတွင်ရည်ညွှန်းကိုးကားနိုင်ပါသည်။ ထို့ကြောင့် မော်ကွန်းမှတ်တမ်းများသည် တန်ဖိုးမဖြတ်နိုင်သော ရတနာများပင်ဖြစ်ပါသည်။

ဤကဲ့သို ရတနာများဖြစ်သည့် သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုအမွေအနှစ်၊ နိုင်ငံအုပ်ချုပ်ရေး စသည့်တို့နှင့်စပ်လျဉ်းသည့် အထောက်အထားအချက်အလက်များပါရှိသည့် မှတ်တမ်းများကိုတစ်စုတစ်စည်း တည်းလုံခြုံစွာ ထိန်းသိမ်းထားသောနေရာမှာ မော်ကွန်းတိုက်ပင်ဖြစ်ပါသည်။ မော်ကွန်းတိုက်ဆိုသည်မှာ နိုင်ငံတော်၏ အရေးအရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် သမိုင်းမှတ်တမ်းဆိုင်ရာ ဘဏ်တိုက်ကြီးသကဲ့သို့ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ လူပုဂ္ဂိုလ်များအနေဖြင့် မိမိတို့ လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်ပတ်သက်၍ သမိုင်းတွင်ကျန်ရစ်မည့် မှတ်တမ်းမော်ကွန်းရတနာများကို မော်ကွန်းတိုက်သို့ပေးပို့ခြင်းဖြင့် နိုင်ငံတော်၏ မော်ကွန်းရတနာများကို ထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

"သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုအမွေအနှစ်၊ နိုင်ငံအုပ်ချုပ်ရေး စသည့်တို့နှင့်စပ်လျဉ်းသည့် အထောက်အထားအချက်အလက်များပါရှိသည့် မှတ်တမ်းများကို တစ်စုတစ်စည်းတည်းလုံ ခြုံစွာ ထိန်းသိမ်းထားသော နေရာမှာ မော်ကွန်းတိုက်ပင် . . ."

# ပင်လုံတွင်သန္ဓေတည်ခဲ့သောစည်းလုံးညီညွတ်မှုမှသည်

armifoxifpdif;(wref[mif)

လွန်ခဲ့သော အနှစ် ၇၀ ယခုလိုအချိန်မျိုးတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားညီအစ်ကိုများသည် များစွာပင်ပန်းခဲ့ကြသည်။ လွတ်လပ်ရေးအတွက်အသက်တမျှ အရေးပါသော ပြည်မနှင့် တောင်တန်းသွေးစည်းညီညွတ်မှုရရှိရန် ကြိုးပမ်းခဲ့ကြရသည်။ နယ်ချဲ့တို့သည် တိုင်းရင်းသားညီအစ်ကိုများအကြား ပြည်မနှင့်တောင်တန်းပူးပေါင်းပါမည်ဆိုသော သဘောတူညီချက်ရရှိမှသာ တစ်နိုင်ငံလုံး လွှမ်းခြုံသည့်လွတ်လပ်ရေးပေးမည်ဟုဆိုခဲ့ကြသည်။ မြန်မာနိုင်ငံအား ကာလရှည်ကြာ ထိန်းချုပ်ထားနိုင်ရန်အတွက် ကြံစည်ခဲ့ကြခြင်းဖြစ်သည်။

**အခိုင်အမာယုံကြည်**

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားအားလုံးညီညွတ်မှုမရှိဘဲ လွတ်လပ်ရေးမရနိုင်သည်ကို အခိုင်အမာယုံကြည်ထားသည်။ ပြည်မတစ်ခုတည်းကိုခွဲ၍ လွတ်လပ်ရေးပေးလျှင် ပြည်ထောင်စုကြီး အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားမည်ကို အသေအချာသိရှိခဲ့သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးအတွက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗြိတိသျှနန်းရင်းဝန်ကြီး အက်တလီနှင့် အောင်ဆန်း-အက်တလီစာချုပ်ကိုချုပ်ဆိုခဲ့သည်။ ထိုစာချုပ်တွင် တောင်တန်းဒေသများ သည် ပြည်မကြီးနှင့်ပူးပေါင်းရန် သဘောတူပါက ပြည်ပရောတောင်တန်းဒေသများပါ လွတ်လပ်ရေးပေးရန်ပါရှိသည်။ ပရိယာယ်များလှသော နယ်ချဲ့တို့သည် လွတ်လပ်ရေးပေးခါနီးတွင် တောင်တန်းဒေသများကို ချန်လှပ်ထားရန်ကြံ ရွယ်ခဲ့ကြသည်။

**ပြည်ထောင်စုနေ့သတ်မှတ်**

ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းနှင့်ပြည်မအကြား ရေကိုသားလျှင် အကြားမထင်သကဲ့သို့ တစ်ဆက်တစ်စပ်တည်း စည်းလုံးပေးခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှစတင်၍ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့တွင် ပင်လုံညီလာခံကြီးကျင်းပခဲ့ရာ တိုင်းရင်းသားခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်နှင့်အတူ ကချင်၊ ချင်း၊ ရှမ်းအမျိုးသားကိုယ်စားလှယ်ကြီး ၂၃ ဦးသည် သာတူညီမျှ တစ်စည်းတစ်လုံးတည်း နေထိုင်ကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုသို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည့် ပင်လုံစာချုပ်ချုပ်ဆိုခဲ့သော ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို "ပြည်ထောင်စုနေ့" အဖြစ် သတ်မှတ်ခဲ့သည်။ နှစ်စဉ်ထိုနေ့ထိုရက်ရောက်ရှိလျှင် နိုင်ငံတစ်ဝန်း၌ ပြည်ထောင်စုနေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။

**သူ့ကျွန်ဘဝကျရောက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ရှေးမြန်မာ့မင်းများလက်ထက် ခေတ်အဆက်ဆက်တွင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်၌ ဝင့်ထည်စွာရပ်တည်နိုင်ခဲ့သည်။ သို့ရာတွင် အင်္ဂလိပ်နယ်ချဲ့တို့က ဘကြီးတော်ဘုရားလက်ထက် ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ခေတ်မီစစ်လက်နက်များဖြင့် ကျူးကျော်စစ် သုံးကြိမ်တိုင်တိုင်တိုက်ခိုက်ခဲ့ကြသည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ထီးကျိုးစည်ပေါက် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝရောက်ခဲ့ရသည်။ သူ့ကျွန်ဘဝတွင် နှစ်ပေါင်း ၁၂၀ ကျော်နေခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ပွဲကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့လွတ်လပ်ရေး တပ်မတော်သည် "အင်္ဂလိပ်အခက် ဗမာအချက်" ဟုဆိုကာ အခြေအနေနှင့် အချိန်အခါအရ ဂျပန်များနှင့် ပူးပေါင်း၍ အင်္ဂလိပ်ကို မောင်းထုတ်နိုင်ခဲ့သည်။ သို့ရာတွင် "ကျားကိုကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီးကျားထက်ဆိုး" ဆိုသကဲ့သို ဂျပန်တို့သည် အင်္ဂလိပ်တို့ထက်ဆိုးလာကြသည်။ ပြည်သူများကိုညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက် နေ့တွင် ဖက်ဆစ်ဂျပန်တို့ကို တိုက်ထုတ်ခဲ့ရပြန်သည်။







**လွတ်လပ်ရေးပေးရန်အချိန်ဆွဲ**

ဖက်ဆစ်ဂျပန်တို့ကိုမောင်းထုတ်နိုင်ခဲ့သော်လည်း လွတ်လပ်ရေးချက်ချင်းမရခဲ့ပေ။ ဂျပန်ပြေးသည့်အချိန်တွင် နောက်တစ်ကြိမ်ပြန်ဝင်လာသော အင်္ဂလိပ်တို့က လွတ်လပ်ရေးပေးရန်အချိန်ဆွဲခဲ့ကြသည်။ တောင်တန်းနှင့် ပြည်မသွေးခွဲအုပ်ချုပ်မှု (Divide and Rule Policy) ဖြင့်ဆက်လက်စိုးမိုးချယ်လှယ်ရန် ကြံစည်ခဲ့ကြသည်။ လွတ်လပ်ရေးမပေး၍မရသည့်အခြေအနေတွင် တောင်တန်းနှင့်ပြည်မကိုခွဲခြား၍ လွတ်လပ်ရေးပေးရန် ကြံစည်ခဲ့ကြပြန်သည်။ မည်သို့ပင်ဆိုစေကာမူ ပင်လုံကို သက်သေတည်လိုက်သဖြင့် နယ်ချဲ့တို့သည် ၎င်းတို့၏ ပက်စက်သောအကြံအစည်ကို စွန့်လွှတ်ခဲ့ကြရသည်။

နယ်ချဲ့တို့အား မြန်မာ့မြေပေါ်မှမောင်းထုတ်ပြီးနောက် လွတ်လပ်ရေးရရှိအောင် ဆောင်ကြဉ်းနိုင်ခဲ့သော်လည်း ကိုလိုနီအမွေဆိုးများကမူ ကျန်ခဲ့သည်။ တိုင်းရင်းသားညီအစ်ကိုများအကြား စိတ်ဝမ်းကွဲပြီးတစ်ဦးနှင့်တစ်ဦးသံသယဝင်ကာ လက်နက်စွဲကိုင်ခဲ့ကြသည်။ အချို့သော တိုင်းရင်းသားများသည်လက်ရှိအချိန်အထိ လက်နက်စွဲကိုင်နေဆဲပင်ဖြစ်သည်။ အကျိုးဆက်အနေဖြင့်တစ်နိုင်ငံလုံးလွှမ်းခြုံသောငြိမ်းချမ်းရေးကို အပြည့်အဝတည်ဆောက်နိုင်ခြင်းမရှိသေးဘဲ အချို့သောဒေသများတွင် သေနတ်သံများကြားနေရဆဲ မြင်တွေ့နေရသည်မှာ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။

**ဆွေးနွေးတိုင်ပင်ညှိနှိုင်း**

လက်နက်စွဲကိုင် တောင်းဆိုမှုများသည်အကျိုးမရှိသော လုပ်ရပ်များပင်ဖြစ်သည်။ တိုင်းရင်းသား ညီအစ်ကိုများအကြား တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်ကြရမည်ဖြစ်သည်။ ယုံကြည်မှုတည်ဆောက်သည့် ဆိုရာတွင် ဦးစွာမိမိကိုယ်ကိုယုံကြည်မှု စတင်တည်ဆောက်ရမည်ဖြစ်သည်။ သတ္တိမွေးကြရမည်ဖြစ်သည်။ မိမိကိုယ်ကိုယုံကြည်မှုရှိနေမှသာလျှင် တစ်ဖက်သားအပေါ် ယုံကြည်နိုင်မည်ဖြစ်သည်။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူ၊ ရှိအတူနေထိုင်ခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုများအကြား စားပွဲဝိုင်းတွင် ဆွေးနွေးတိုင်ပင်ညှိနှိုင်းသွားမည်ဆိုလျှင်(Win-Win) ရလဒ်ရရှိနိုင်ပေသည်။ မတူညီမှုများကိုဖယ်ရှားကာ တူညီသောအချက်များဖြင့် စတင်ဆွေးနွေးအဖြေရှာသင့်နေပြီဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံအေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲနေစေရန်အတွက် အသက်တမျှအရေးပါလျက်ရှိသည်။ စည်းလုံးညီညွတ်မှုအင်အား ချည့်နဲ့ယိုယွင်းလာသော နိုင်ငံသည်အဘက်ဘက်မှအနုတ်လက္ခဏာဆောင်လာမည်ဖြစ်သည်။ ထို့အပြင် စည်းလုံးညီညွတ်မှုပြိုကွဲလျှင် နိုင်ငံလည်း အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားနိုင်ပေသည်။ မည်သို့ပင်ဆိုစေကာမူ တိုင်ရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတစ်နိုင်ငံတိုးတက်ရေးအတွက် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့်တိုင်းရင်းသား ညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရန်လိုအပ်နေမည်ဖြစ်သည်။

**တိုင်းပြည်ငြိမ်းချမ်းရေးပုံဖော်**

ထို့ကြောင့်မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့သော အစိုးရအဆက်ဆက်သည် တိုင်းပြည်ငြိမ်းချမ်းရေးကိုထုဆစ်ပုံဖော်ခဲ့ကြသည်။ လက်ရှိအစိုးရသည်လည်း ဆက်လက် အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူညီ ချက် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လ တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) ကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် နေပြည်တော်၌ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အားဖွင့်လှစ်နိုင်ခဲ့သည်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် ပြည်တွင်း၊ ပြည်ပမှအလှူငွေများလက်ခံရရှိနေသည်ကို ကြားသိရသည့်အတွက်များစွာ ပီတိဖြစ်ရပါသည်။ ထို့အပြင် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁-ရာစုပင်လုံ) ကိုလည်း အောင်မြင်စွာ ကျင်းပသွားနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြသည်။

တိုင်းရင်းသားညီအစ်ကိုများအကြားရေပက်မဝင်သော စည်းလုံးညီညွတ်မှုကိုသာ ခိုင်မာစွာတည်ဆောက်ထားနိုင်မည်ဆိုလျှင် တိုင်းပြည်အင်အားတောင့်တင်းခိုင်မာနေမည်ဖြစ်သည်။ အင်အားတောင့်တင်း ခိုင်မာနေသော နိုင်ငံကိုမည်သည့်နိုင်ငံကမျှကျူးကျော်ရန်စဝံ့မည်မဟုတ်ချေ။ ဆိုလိုသည်မှာ ထိုနိုင်ငံသည် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့်လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို အမြဲတစေထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

**ဆွေးနွေးတိုင်ပင်အဖြေရှာ**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံသားတိုင်းသည် တိုင်းပြည်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထာဝစဉ်ထိန်းသိမ်းထားနိုင်ရန် ကိုယ်စီတာဝန်ရှိကြပါသည်။ ထိုတာဝန်ကိုကျေပွန်ရန်အတွက် နိုင်ငံသားကောင်းများဖြစ်အောင်ကြိုးပမ်းအားထုတ်သွားသင့်ပေသည်။ အထူးသဖြင့် အပစ်အခတ်ရပ်စဲရခြင်း မရှိသေးသော လက်ကျန်လက်နက်ကိုင် အဖွဲ့များသည် အစိုးရနှင့်ဆွေးနွေးတိုင်ပင် အဖြေရှာသွားသင့်ပေသည်။ ငြိမ်းချမ်းရေးမရရှိသေးသည့်ပြည်နယ်များရှိ ဒေသခံပြည်သူများသည် ရည်ရွယ်ချက်မဲ့သော စစ်ပွဲများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်သည်။

လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးတို့တွင် စုပေါင်းအားဖြင့် ကြိုးပမ်းအားထုတ်ရေးအတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်ည ပင်လုံမြို့၌ပြုလုပ်သည့် စော်ဘွားများ ထမင်းစားပွဲတွင် မြွက်ကြားခဲ့သည့်အချက်များအနက်မှ အချို့ကိုကောက်နုတ်ဖော်ပြရလျှင် "တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ ပူးပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်" ဟု တိုက်တွန်းပြောကြားခဲ့သည်။

တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန်နားလည်ခွင့်လွှတ်မှု၊ ယုံကြည်မှုတို့ကိုအခြေခံလျက် စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားကြရမည်ဖြစ်သည်။ တိုင်းပြည်အတွင်း ငြိမ်းချမ်းရေး တစ်ရက်စောပြီး တည်ဆောက်နိုင်လျှင် ပြည်သူများအတွက် တစ်ရက်စောပြီး အကျိုးရှိနေမည်ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မြန်ဆန်လျှင် ကောင်းမွန်လေပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသား ညီအစ်ကိုများအကြား ၁၉၄၇ ခုနှစ်က ပင်လုံတွင် တည်ဆောက်ခဲ့သောစည်းလုံးညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှုပုံစံမျိုးကိုပြန်လည်ရရှိအောင် တည်ဆောက်သွားသင့်ပါသည်။

**နေ့ထူးနေ့မြတ်**

ခြုံ၍တင်ပြရလျှင် လွတ်လပ်ရေးအတွက်များစွာအရေးပါသော ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ချုပ်ဆိုနိုင်ခဲ့သည်။ တိုင်းရင်းသားညီအစ်ကိုများသည် ထိုနေ့ကိုပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ပြည်ထောင်စုကြီးအတွင်း ရှေ့ပဝေသဏီကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်၊ မရှိအတူ၊ ရှိအတူ၊ အေးအတူ ပူအမျှ အတူတကွနေထိုင်ခဲ့ကြသည့် တိုင်းရင်းသား ညီအစ်ကိုများ၏ စည်းလုံးညီညွတ်မှုကိုပြသသော နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ နှစ်စဉ် ထိုနေ့ ထိုရက်ရောက်ရှိချိန်တွင် နိုင်ငံတစ်ဝန်း၌ ပြည်ထောင်စုနေ့အခမ်းအနားများကို အနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပကြသည်။ စည်းလုံးညီညွတ်မှု၏ အနှစ်သာရကို မျိုးဆက်သစ်များ သိရှိခံစားနိုင်စေရန်ဖြစ်သည်။ ထိုသို့ ပင်လုံတွင်သန္ဓေတည်ခဲ့သော စည်းလုံးညီညွတ်မှုကိုအခြေခံ၍ ငြိမ်းချမ်းရေးတည်ဆောက်သွားမည်ဆိုလျှင် မြေကြီးလက်ခတ်မလွဲ အောင်မြင်မှုရရှိလိမ့်မည်ဟုခိုင်မာစွာယုံကြည်မိပါကြောင်း နှစ် (၇၀) မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုရေးသားလိုက်ရပါသည်။

GOLDEN CITY

မဇ္ဈိမဝံသ မြန်မာ့ရဟန်းတော်များအဖွဲ့က ကြီးမှူးကျင်းပအပ်သော မဇ္ဈိမဝံသ ဗုဒ္ဓစာပေသင်တန်း (ဖဟိုအဆင့်) စာမေးပွဲကို (၅-၄-၂၀၁၇) ဗုဒ္ဓဟူးနေ့ နေ့လည် (၁၂) နာရီ အချိန်တွင် အောက်ဖော်ပြပါ စာမေးပွဲဌာနများ၌ တပြိုင်နက်တည်း ကျင်းပ ပြုလုပ်ပါမည်။

ဝင်ခွင့်ပုံစံများကို (၂၇-၃-၂၀၁၇) နေ့ နောက်ဆုံးထား၍ လိုင်စင်တက်ပုံ (၃) ပုံနှင့်အတူ နီးစပ်ရာ စာမေးပွဲဌာနများသို့ ပေးပို့ ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း အထက(၂) အဌမတန်း(E)တွင် ပညာသင်ကြားနေသော မောင်ချစ်မိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင်[၉/ရမသ(နိုင်)၁၁၅၈၄၆] ဖြစ်ပါကြောင်း။

**ဦးမြင့်နိုင် [၉/ရမသ(နိုင်)၁၁၅၈၄၆]**

## ဟိတေသီဒုလ္လဘစာရင်းပေးသွင်းနိုင်ပြီ

မဟာစည်သာသနာ့ရိပ်သာ၊ ဟိတေသီအဖွဲ့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၉)ကြိမ်မြောက်ဟိတေသီမိသားစု၏ စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်ကို ၁-၄-၂၀၁၇ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပါဝင်လိုသော ဟိတေသီမိသားစုများသည် ၁၅-၃-၂၀၁၇ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

**ဟိတေသီဒုလ္လဘကော်မတီ**

မိုး

ခေတ်ရွှေဆောင် 09 449250191
Feb - 17, 24 Mar-3, 10, 17, 24 April - 11, 28
ရေလုံတောင်-အင်းတော်ကြီး-မြစ်ကြီးနား

## azmifuaymuf avmufkm;cif

ယာဉ်အမှတ် 6H/6674 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဝန်ထမ်း အပတ်စဉ်(၁၃)အားလုံး၏ ဆရာကန်တော့ပွဲနှင့် တွေ့ဆုံပွဲ ဖိတ်ကြားခြင်း

ကျင်းပမည့်နေ့ရက် - ၁၈-၂-၂၀၁၇ရက်(စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉နာရီ
ကျင်းပမည့်နေရာ - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝမ္မာရုံ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်

**ဆက်သွယ်ရန်နှင့်အလှူငွေထည့်ဝင်ရန်**

| ဦးကျော်တင့် | ဦးထွန်းမြ | ဦးခင်မောင်အေး |
|---|---|---|
| ၀၉-၅၀၀၈၃၉၆ | ၀၉-၅၃၂၁၆၁၄ | ၀၉-၅၀၃၇၂၁၁ |

**အလှူငွေဘဏ်မှလွှဲရန်**

ဦးကျော်တင့် - ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်-99930799932969801 [၁၂/ကမရ(နိုင်)၀၁၇၆၆၉]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ထောက်ကြန့်တိုးချဲ့-၃၊ မြေကွက်အမှတ်-၃၁၊ ဧရိယာ၀.၀၂၈ဧက၊ မြေကွက်တည်နေရာအမှတ်-၃၁၊ မြသီတာလမ်း၊ ထောက်ကြန့်တိုးချဲ့(၃)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် (ဒေါ်ခင်တင့်) အမည်ပေါက် ပါမစ်မြေအား အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်သူ ဒေါ်ယုယုထွေး[၁၂/မဂဒ(နိုင်)၀၉၂၄၀၆]မှ ပါမစ်ပျက်စီးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ(၁)စောင်၊ ကိုယ်တိုင်ဝန်ခံကတိ၊ ပါမစ်မူရင်း (ပျက်စီး)တို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာချက်

ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V LE MANS EXPRESS V.7 သင်္ဘောသည် ၉-၂-၂၀၁၇ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၂၃၀၁၁၉၀၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

ရွှေခင်းသာ FULLY AIR-CON EXPRESS ကားစီးလုံးငှားစီစဉ်ပေးသည်
Ph: 09-420046635, 09-30207754, 09-262607878

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးစိန်ဝင်း၏သား၊ ရွှေဘိုတက္ကသိုလ် စတုတ္ထနှစ် ရူပဗေဒမှ မောင်ဟန်ထွန်းငြိမ်းနှင့်မောင်ဟန်ထွန်းညိမ်း[၅/ရဘန(နိုင်)၂၀၀၇၃၁] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ဟန်ထွန်းငြိမ်း(ခ)မောင်ဟန်ထွန်းညိမ်း**

Myanmar Culture Land Travel & Tour
MAC Tower

SMART Training Center
ဒုတိယ Batch ကိုဖေဖော်ဝါရီ၁၁ရက်နေ့တွင်စမည်။

## ၂၁ရာစုခေါင်းဆောင်မှုအရည်အသွေးသင်တန်း

စနေနေ့ 2 pm to 5 pm (2 months) ပို့ချမည့်သူ ဆရာဦးကျော်ကျော်လှိုင်(SMART)

## ဦးဆောင်စီးပွားရေးလုပ်ငန်းများအတွက်စီးပွားရေးပညာ

စနေနေ့ 9 am to 12 am (2 months)

Ph:09-974898316, 09-798387156

HEALTHY LIFE

## ဈေးလျှော့လိုက်ပြီ အမြန်ရောင်းမည် ပွဲစားလိုသည် ပွဲခ (၃%)

တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းမ(ဂုတ်)ခြံ မွန်မြတ်မေတ္တာအိမ်ရာ မြေအကျယ်ပေ(၁၀၀)ပတ်လည် အိမ်အကျယ် (၆၀ပေ×၆၀ပေ)၊ ၂ထပ် RCတိုက်သစ်၊ MBR(5)ခန်း၊ဘုရားခန်းကြီးတစ်ခန်း၊ ဧည့်ခန်းကြီးတစ်ခန်း၊ ဧည့်ခန်းသေးတစ်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊အိပ်ခန်းတိုင်းတွင် ဝရန်တာပါသည်။ပါကေးခင်း၊ ကြွေပြားကပ်၊ လိုက်ကာခန်းစီးတပ်၊ အခန်းတိုင်းတွင် အဲကွန်းပါသည်။ အိမ်ဖော်အိပ်ခန်း(၂)ခန်းပါသည်။အဝီစိရေ၊ ဂျိုးဖြူရေ၊ ပါဝါမီတာ၊ ရိုးရိုးမီတာ၊ 25KVAမီးစက်၊ မာလကာပင်၊ သီးပင်၊ စားပင်များနှင့် ပန်းအလှပင်များစိုက်ပျိုးထားသည်။ (၁၀)နှစ်သား အသီးသီးနေသောသရက်ပင်(၃၅)ပင်ပါရှိသည်။ ခြံဝင်းတစ်ခုလုံးတွင် ကွန်ကရစ်ဘလောက်တုံးများခင်းထားပြီးကား (၁၀)စီးဆံ့ Steel Structure ကားဂိုဒေါင်ပါသည်။အိမ်ပတ်လည် အုတ်တံတိုင်းအမြင့်ကာထားပြီး လုံခြုံရေး ဘလိတ်စားဆူးကြိုးများ တပ်ဆင်ထားသည်။အိမ်ရှေ့ထိ ကွန်ကရစ်လမ်းခင်းထားသည်။ ယခင်ဆိုဈေး သိန်းနှစ်သောင်းခွဲ (ယခုဆိုဈေးသိန်းတစ်သောင်းရှစ်ထောင်) ညှိနိုင်းဈေးဖြင့်အမြန်ရောင်းမည်။ပင်ရွှေညောင်လမ်းသွယ်၊ အလိုတော်ပြည့်ကျောင်းတိုက်ဘေး၊ အခွန်လွတ်ဈေးအနီးတာမွေမြို့နယ်တွင် ဗိတ်ရက်မရှိလာရောက်ကြည့်ရှုနိုင်ပါသည်။

09-30666613, 09-731799994, 09-5113863

## အမည်ဖြည့်စွက်

ရန်ကုန်မြို့၊ လသာမြို့နယ်နေ ဦးမြင့်စိုး [၁၂/လသန(နိုင်)၀၀၆၄၄၀]၏ သား မောင်လင်းထက်အောင် (ခ) မောင်ကောင်းမြတ်ဇေ [၁၂/လသန(နိုင်)၀၂၃၅၁၉]ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းမြတ်ဇေ**

## အမည်မှန်

တနင်္သာရီမြို့နယ်၊ ကမ္ဘလိုင်းကျေးရွာနေ [၁၂/မဂဒ(နိုင်)၁၄၇၆၄၆] ကိုင်ဆောင်သူ မောင်ကောင်းဆက်ပိုင်ထက်အစား မောင်ကောင်းထက်ဟု ခေါ်ပေးပါရန်။

## ခွန်အားသိရေကူး(အတတ်)သင်တန်း

HARD BODY

H.B.(1) Ph: 01 513109, 01 500544
H.B.(2) MICT Park Ph: 01 701387, 09 5180284
H.B.(3) Okkalar Fitness 15A, Ph: 09 30090222
H.B.(4) Ph: 09 43067601


Social Pack
MPT
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook, Viber, Line, COC*, Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ
200MB/199Ks
SP1 to 1332
၇ ရက်
1000MB/999Ks
SP2 to 1332
ရက် ၃၀
4000MB/3999Ks
SP3 to 1332
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106